# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၈) ရက်၊ ဗုဒ္ဓဟူးနေ့ ၊ (9-8-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၁၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြား



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများကို တွေ့ဆုံအမှာစကား ပြောကြားစဉ်။**

**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ ⇨**






**ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင်**
**Exhibition Venue Award ရရှိခဲ့သော**
မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်
**ရတနာပုံ ခန်းမ**

**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ရတနာပုံ
၂၀၂၃ ခုနှစ် ဩဂုတ် ၉ ရက်
အယ်ဒီတာ့အာဘော်

# ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုသို့ ဆုကြေးငွေများ ထောက်ပံ့ပေးရာတွင် ရိုင်ဖယ်အုပ်စုဝင်သေနတ်တစ်လက်ပါရှိပါက ငွေကျပ်သိန်း ၅၀၊ ပစ္စတိုအုပ်စုဝင်သေနတ်တစ်လက်ပါရှိပါက ငွေကျပ်သိန်း ၂၀၊ ပြောင်းချောသေနတ်တစ်လက်ပါရှိပါက ငွေကျပ်သိန်း ၃၀၊ စိန်ပြောင်း၊ လောင်ချာ၊ အာပီဂျီကဲ့သို့သော လက်နက်များတစ်လက်ပါရှိပါက ငွေကျပ် ၇၅ သိန်း၊ လက်လုပ်ပြောင်းချောသေနတ်၊ လက်လုပ်စိန်ပြောင်း၊ လက်လုပ်သေနတ်တစ်လက်ပါရှိပါက ငွေကျပ်ငါးသိန်း၊ လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံးများပါရှိပါက ငွေကျပ် သုံးသိန်း၊ လက်နက်ခဲယမ်းမှအပ အခြားအသုံးအဆောင်ပစ္စည်းများ (ဥပမာ-စကားပြောစက်) ပါရှိပါက ငွေကျပ်နှစ်သိန်း၊ ဗုံးဖောက်ခွဲရေးအတွက် အသုံးပြုနိုင်သော Drone တစ်စင်းပါရှိပါက ငွေကျပ်သိန်း ၅၀ ပေးအပ်သွားမည်ဖြစ်ပေသည်။ ထို့ပြင် ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်လက်ခံ၍ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိပေသည်။

ထို့ကြောင့် ဩဂုတ် ၂ ရက်က ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ကလေးမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် မောင်းပြန်သေနတ်လေးလက်၊ ပစ္စတိုသေနတ်တစ်လက်၊ လက်ပစ်ဗုံးနှစ်လုံးနှင့် စကားပြောစက်နှစ်လုံးတို့ကို အပ်နှံကြရာ ဆုကြေးငွေ၊ ထောက်ပံ့ပစ္စည်းနှင့် စားသောက်ဖွယ်ရာများပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အလားတူ ဩဂုတ် ၆ ရက်ကလည်း ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသားနှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ပေသည်။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူများ၏ စုပေါင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အင်တိုက်အားတိုက်ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အကြောင်းအမျိုးမျိုးကြောင့် အကြမ်းဖက်အဖွဲ့များအတွင်း ရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်၊ မိမိဘဝရေရှည်ရပ်တည်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ကြရန် ဖိတ်ခေါ်တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဇူလိုင်လတွင် ကုန်စည်တင်ပို့သည့်ရေယာဉ် ၁၆၅ စီးထိရှိခဲ့



**မန္တလေး ဩဂုတ် ၈**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဇူလိုင်လတွင် ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၁၆၅ စီးထိ ရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဇူလိုင်လတွင် ပြောင်း၊ သကြား၊ ဘိလပ်မြေ၊ ကျောက်မီးသွေး၊ ဆားစသည့်ကုန်စည်ပစ္စည်းများတင်ပို့သည့် ကုန်တင်ရေယာဉ် ၁၆၅ စီးထိရှိခဲ့ကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးဆိပ်ကမ်းမှာ ကုန်စည်ရရှိမှုက ပြန်ပြီးများပြားလာတယ်။ ဘိလပ်မြေ၊ ကျောက်စရစ်၊ ဆား စတဲ့ကုန်စည်တွေက အများဆုံးဖြစ်နေတယ်"ဟု မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းတွင် ယခုလက်ရှိ တင်ပို့ရမည့်ကုန်စည် များပြားလာခြင်းကြောင့် ရေယာဉ်များပေါ်တွင် ကုန်စည်များကို သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်မှုများ မပြုလုပ်ကြရန် လိုအပ်ကြောင်း၊ ရေယာဉ်၏အရွယ်အစားနှင့်မချိန်ဘဲ ကုန်များကိုတင်ဆောင်၍ မြစ်အတွင်းသွားလာပါက ရေယာဉ်များ အန္တရာယ်ရှိနိုင်ကြောင်း သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သောကြောင့် မန္တလေးဆိပ်ကမ်းမှ သွားလာကြမည့် ရေယာဉ်များအနေဖြင့် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း ယခုဘဏ္ဍာနှစ်တွင် စာသင်ကျောင်းဆောင်ပေါင်း ၃၄၆ ဆောင် တည်ဆောက်သွားမည်

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုဘဏ္ဍာနှစ်တွင် စာသင်ကျောင်းဆောင်ပေါင်း ၃၄၆ ဆောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဦးကြည်စိန်က ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ပြန်လည်ပြုပြင်တည်ဆောက်ရန်လိုသည့် စာသင်ကျောင်းဆောင်များကို မြို့နယ်များအလိုက် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ KG+12 ပညာရေးစနစ်သစ် ပြောင်းလဲလိုက်သည့်အတွက် အတန်းများ တိုးလာခြင်းနှင့်အတူ ကျောင်းသားများလည်း တိုးလာခြင်းကြောင့် ယခုဘဏ္ဍာနှစ်တွင် စာသင်ကျောင်းဆောင်ပေါင်း ၃၄၆ ဆောင်ကို ငွေလုံးငွေရင်း ငွေကျပ်သန်း ၂၅၄၀၀ ကျော်ဖြင့် ယခုလအတွင်း စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျောင်းသား၊ ကျောင်းသူတွေ လုံလုံခြုံခြုံနဲ့ အမိုးအကာအောက်မှာ ပညာသင်ကြားနိုင်ဖို့ပါ။ ကျောင်းသား၊ ကျောင်းသူတွေ ကျောင်းတက်တဲ့အခါမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ကျောင်းတက်နိုင်ဖို့ ပညာရေးမြှင့်တင်မှုလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ အခြေခံအဆောက်အအုံတွေကို မြှင့်တင်ပေးရမှာဖြစ်တဲ့အတွက် အခုလိုစာသင်ကျောင်းဆောင်တွေ တည်ဆောက်ပေးနေတာပါ။ တည်ဆောက်ဖို့အတွက် တင်ဒါတွေခေါ်ယူပြီးတော့ ပြီးခဲ့တဲ့ ဇူလိုင် ၂၅ ရက်က စာချုပ်ချုပ်ဆိုပြီးပါပြီ။ ဩဂုတ်လအတွင်းမှာ စတင်တည်ဆောက်ပေးသွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ) ဦးကြည်စိန်က ပြောပြသည်။

စာသင်ကျောင်းဆောင်များ တည်ဆောက်ပေးသွားမည့်မြို့နယ်များမှာ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပြင်ဦးလွင်၊ မလှိုင်၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ပျော်ဘွယ်၊ သပိတ်ကျင်း၊ စဉ့်ကူး၊ နွားထိုးကြီး၊ မြင်းခြံ၊ ရမည်းသင်း၊ ဝမ်းတွင်း၊ သာစည်၊ ကျောက်ပန်းတောင်း၊ ညောင်ဦးမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းပေါင်း ၄၂၇၀၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၃၂၀ နှင့် ကိုယ်ပိုင်ကျောင်း ၂၃၉ ကျောင်းရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် မြေထောက်ပဲ အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး ဩဂုတ် ၈**

မန္တလေးဈေးကွက်တွင် မြေထောက်ပဲ အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ ဖြင့် ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် မြေထောက်ပဲများကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများရှိလာပြီး ပြည်တွင်း၌လည်း မြေထောက်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိသောကြောင့် မြေထောက်ပဲများ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ မြေထောက်ပဲတွေကို တရုတ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံဘက်ကပါ ပြန်ပြီးဝယ်ယူမှုတွေရှိလာတယ်။ ပြည်တွင်းကလဲ ဝယ်ယူမှုတွေများလာတာကြောင့် အရင်ကထက် ဈေးကောင်းပိုရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဩဂုတ်လ ပထမပတ်အတွင်းက မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ ရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မြေထောက်ပဲက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်တဲ့ ပဲအမျိုးအစားတွေထဲက တစ်မျိုးအပါအဝင်ဖြစ်ပါတယ်။ အခုဈေးကွက်ထဲမှာ မြေထောက်ပဲက ဈေးကောင်းပြန်ရနေတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၆၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမရပူရမြို့နယ် ချင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေး

**မန္တလေး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် ချင်းရွာကျေးရွာအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၃၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အငှမအကြိမ်အဖြစ် အမရပူရမြို့နယ် ချင်းရွာကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၂ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၃၆ သိန်းကို ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက ထုတ်ချေးပေးခဲ့ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ပြောပြ၍ သိရသည်။

**သုသု**

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လထိ ပြည်ပနိုင်ငံများသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၉၄ ဒသမ ၈၉၉ သန်းရရှိ



**နေပြည်တော် ဩဂုတ် ၈**

ယခုဘဏ္ဍာနှစ် ဧပြီလမှဇူလိုင်လထိကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၉၄ ဒသမ ၈၉၉ သန်း ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှဇူလိုင်လထိ ကာလအတွင်း ပြည်ပနိုင်ငံများသို့ စက်မှုကုန်ချောတင်ပို့ရာတွင် နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၁၀ ဒသမ ၃၅၉ သန်း ရရှိထားပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၈၄ ဒသမ ၅၄ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၉၄ ဒသမ ၈၉၉ သန်း ရရှိကြောင်း သိရသည်။

"စက်မှုကုန်ချောကဏ္ဍအနေနဲ့ နိုင်ငံတကာတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေရရှိမှုကတော့ အခုဘဏ္ဍာနှစ် လေးလတာ ကာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၂၃၉၄ ဒသမ ၈၉၉ သန်း ရရှိထားတာ ဖြစ်ပါတယ်။ ဒီလိုတင်ပို့ရာမှာ ပင်လယ်ရေကြောင်းကနေ တင်ပို့နိုင်မှုကတော့ အမေရိကန်ဒေါ်လာ ၁၄၅၀ ဒသမ ၄၇၅ သန်း၊ နယ်စပ်ကုန်သွယ်ရေးကနေ တင်ပို့နိုင်မှုကတော့ အမေရိကန်ဒေါ်လာ ၉၄၄ ဒသမ ၄၂၄ သန်းဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြသည်။

မြန်မာနိုင်ငံ၏ စက်မှုကုန်ချောတင်ပို့မှုတွင် အဓိကပို့ကုန်များတွင် CMP ချုပ် ပြီးအထည်တင်ပို့မှုသည် ပထမနေရာတွင် ရှိနေပြီး ဒုတိယနေရာတွင် သကြား၊ လက်ဝတ်ရတနာနှင့်သဘာဝဓာတ်ငွေ့တင်ပို့မှုတို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကသွင်းကုန်များတွင် ရေနံထွက်ပစ္စည်းတင်သွင်းမှုက ပထမနေရာတွင်ရှိနေပြီး ဒုတိယနေရာတွင် ချည်မျှင်နှင့် အထည်အလိပ်တင်သွင်းမှု ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် အခြားပို့ကုန်များတင်ပို့လျက်ရှိပြီး ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းကိုလည်း တင်သွင်းလျက်ရှိကြောင်း သိရသည်။ ASH

# ထားဝယ်မြို့တွင် အင်္ဂလိပ်နီယာမွမ်းမံသင်တန်းဖွင့်

**ထားဝယ် ဩဂုတ် ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်၊ မြို့နယ်များမှဝန်ထမ်းများ အင်ဂျင်နီယာမွမ်းမံသင်တန်း ဖွင့်ပွဲကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်အေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောပြီး တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်အေးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများထံ သင်ထောက်ကူစာအုပ်များ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်များမှ ဝန်ထမ်းသင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင်အင်ဂျင်နီယာဘာသာရပ်နှင့် ပတ်သက်သည့်သင်ခန်းစာများကို ကျွမ်းကျင်ဆရာများက ဩဂုတ် ၇ ရက်မှ ၁၁ ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# သဲကုန်းမြို့နယ် ချင်းစုကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများစစ်ဆေး

**သဲကုန်း ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချင်းစုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက ချင်းစုကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကော်မတီဝင်များနှင့် တွေ့ဆုံကာ စီမံကိန်းချေးငွေများဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက လုပ်ငန်းများစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားသည်။

ချင်းစုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ဦးအား ငွေကျပ် ၃၀ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ပြောပြ၍ သိရသည်။

**သန္တာ**

# ကွတ်ခိုင်မြို့နယ် မန်ဘန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကွတ်ခိုင် ဩဂုတ် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဖတ်ယိုင်းပြိန်းဟွယ်ကျေးရွာအုပ်စု မန်ဘန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်၊ ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက မန်ဘန်ကျေးရွာကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားတစ်ပေ၊ သဲဖြူနှံ ကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်က တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၇၅၃ သန်းဖြင့် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇူလိုင်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက မန်ဘန်ကျေးရွာရှိ တောင်သူများ၏ လယ်ယာဧက ၁၂၀ မှ ထွက်ရှိသည့် လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



# ပုဂံခေတ် အကောင်းဆုံးဗိသုကာလက်ရာ ကန်တော့ပလ္လင်ဘုရား

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့အလယ်တွင်ပါ ထင်ရှားသည့် မြန်မာ့ယဉ်ကျေးမှုနယ်မြေဖြစ်သည့် ပုဂံသည် ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)က အသိအမှတ်ပြုထားသည့် ကမ္ဘာ့အမွေအနှစ်(World Heritage)ဒေသတစ်ခုဖြစ်သည်။ စည်းလုံးညီညွတ်သောပထမမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့်နေရာဖြစ်သော ပုဂံဒေသ၏ သမိုင်းသည် နှုတ်ပြောဒဏ္ဍာရီများနှင့် ရောထွေးနေခဲ့သော်လည်း ပုဂံခေတ်ကတည်ဆောက်ခဲ့သည့် ထင်ရှားသောစေတီပုထိုးများစွာကို ယနေ့တိုင် မြင်တွေ့နေကြရပေသည်။

**ပုဂံစေတီပုထိုးများ**

ပုဂံဧရိယာသည် အလျား ၁၃ ကီလိုမီတာနှင့် အနံ ခြောက်ကီလိုမီတာကျယ်ဝန်း၍ ဧရာဝတီမြစ်၏ လက်ဝဲဘက်ကမ်းပေါ်တွင် တည်ရှိသည်။ ပုဂံနယ်မြေအဝန်းအဝိုင်းအတွင်းရှိ ရှေးဟောင်းစေတီပုထိုးများ အရေအတွက်ကို "လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်း"ဟူသည့်အဆိုအရ ၄၄၄၆ ဆူ ရှိခဲ့ကြောင်း မှတ်သားရသည်။ ပုဂံဒေသရှိ စေတီပုထိုးများသည် အင်းဝခေတ် မိုးညှင်းမင်းတရားလက်ထက်(ခရစ်နှစ် ၁၄၂၇-၁၄၈၀)တွင် ကောက်ယူခဲ့သည့်မှတ်တမ်းအရ ၄၄၇၄ ဆူ (ဝင်းဝင်းထိန်လျှံ ပုဂံဘုရားပေါင်း)ရှိသည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက ကောက်ယူခဲ့သောစာရင်းများအရ ပုဂံဒေသရှိ စေတီပုထိုးများအရေအတွက်သည် ၂၂၁၇ ဆူရှိပြီး "ကျောင်းကြီးအုတ်နီ ကိန်းနှင့်ညီ စေတီဂူဘုရား"ဟု မှတ်သားခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း UNESCO အဖွဲ့၏ အကူအညီဖြင့် ပြင်သစ်လူမျိုး ဗိသုကာပညာရှင် Pierre Pichard ကောက်ယူခဲ့သည့် စာရင်းအရ ၂၈၃၄ ဆူရှိသည်။ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ပုဂံဒေသ၌ ငလျင်လှုပ်ပြီးနောက် ပုဂံရှိ စေတီပုထိုးများနှင့် ရှေးဟောင်းအဆောက်အအုံများ စာရင်းကို ပြန်လည်ကောက်ယူခဲ့ရာ ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ပြန်လည်တည်ဆောက်ခဲ့သည့်ကုန်းများနှင့် မတူးဖော်ရသေးသည့် ကုန်းများအပါအဝင် ၃၈၂၂ ဆူရှိကြောင်း သိရသည်။

ပုဂံရှိ ရှေးဟောင်းစေတီများ၊ တစ်ထပ်လိုဏ်ဂူများ၊ နှစ်ထပ်၊ သုံးထပ်၊ လေးထပ် အဆောက်အအုံများ၊ ဥမင်များ၊ တစ်ထပ်ကုလားကျောင်းများ၊ ပိဋကတ်တိုက်များနှင့် သိမ်များအနက် စေတီများကို ယေဘုယျအားဖြင့် လိုဏ်ပါသည့်ဂူဘုရား(Temple)နှင့် လိုဏ်မပါသည့် အပိတ်စေတီ(Stupa)ဟု ခွဲခြားနိုင်သည်။ လိုဏ်ပါသည့် ကြီးမားသောဂူဘုရားများကို ဘုရင်များက တည်ခဲ့ကြရာ ကန်တော့ပလ္လင်သည် တစ်ဆူအပါအဝင်ဖြစ်ပေသည်။

**ကန်တော့ပလ္လင်အမည်**

ဆန်းပြားသည့် နောက်ခံရာဇဝင်များရှိနေသော ကန်တော့ပလ္လင်ဘုရားသည် ပုဂံမြို့ဟောင်း၏ အနောက်တောင်ဘက် ပုဂံရှေးဟောင်းသုတေသနပြတိုက်၏ မြောက်ဘက်တွင် တည်ရှိသည်။ ပုဂံရှိ ရှေးဟောင်းအဆောက်အအုံများအနက် ဓမ္မရံသည် ထုထည်အကြီးမားဆုံး၊ သဗ္ဗညုသည် ဉာဏ်တော်အမြင့်ဆုံးနှင့် အာနန္ဒာသည် အနုလက်ရာအကောင်းဆုံးဟု သတ်မှတ်ခဲ့ကြသည်။ ထို့အတူ ဗိသုကာလက်ရာ အကောင်းဆုံးအဆောက်အအုံအဖြစ် ကန်တော့ပလ္လင်ကို ရည်ညွှန်းပြောဆိုကြသည်။

ကန်တော့ပလ္လင်ဘုရားကို အလောင်းစည်သူမင်းကြီး၏မြေးဖြစ်သူ နရပတိစည်သူမင်းက ခရစ်နှစ် ၁၁၇၅ ခုနှစ်တွင် တည်ထားခဲ့သည်။ အလောင်းစည်သူမင်းကြီးသည် မိမိ၏ ဘေးတော်၊ ဘိုးတော်တို့သည် မိမိလောက် ဘုန်းတန်ခိုးအာဏာမရှိခဲ့ဟု ပြစ်မှားမိသဖြင့် မျက်စိကွယ်သွားခဲ့သည်ဟု ဆိုကြသည်။ ထို့ကြောင့် မင်းကြီးသည် ဘေးတော်၊ ဘိုးတော်များ၏ ရုပ်တုများကိုထုလုပ်၍ ပလ္လင်ပေါ်တင်ကာ တောင်းပန်ကန်တော့ခဲ့ပြီးနောက် မျက်စိနှစ်ကွင်းပြန်လင်းခဲ့သည်။



ပုဂံရှိ ကန်တော့ပလ္လင်ဘုရားကို တွေ့ရစဉ်။

အလောင်းစည်သူမင်း၏မြေးတော် နရပတိစည်သူသည် မိမိ၏ဘိုးတော် အလောင်းစည်သူကန်တော့ခဲ့သည့် ပလ္လင်နေရာတွင် စေတီတစ်ဆူတည်ထားကိုးကွယ်ခဲ့ရာ ကန်တော့ပလ္လင်ဟု ဘွဲ့မည်တွင်ခဲ့ကြောင်း အစဉ်အဆက်ယုံကြည်ခဲ့ကြသည်။ ကန်တော့ပလ္လင်ဘုရား၏ မြောက်ဘက်ရှိ ရှင်ပွင့်လင်း (စေတီအမှတ် ၁၆၃၅) သည် အလောင်းစည်သူမင်း မျက်စိအလင်းရခဲ့သည့် နေရာတွင် တည်ထားခဲ့သည့်စေတီဟု ဆိုကြပေသည်။

ကန်တော့ပလ္လင်ဘုရားသည် အရှေ့ဘက်မုခ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ကြီး၏ အရှေ့ဘက်ဝဲယာရှိ ဂေါဓနှင့် ဂေါဓာအမည်ရှိ ဘီလူးနှစ်ကောင်ရုပ်တုများ၏အမည်များကိုအစွဲပြု၍ ဂေါဓပလ္လင်၊ ဂေါဓာပလ္လင်ဟုလည်း အမည်တွင်ခဲ့သည်ဟု ယူဆမှုများလည်းရှိခဲ့သည်။

ထို့အတူ နရပတိစည်သူမင်းသည် ကန်တော့ပလ္လင်ဘုရားကိုတည်ထားရန် လူအများကို ခိုင်းစေခဲ့ရာ ပုံသကူမထေရ်က တားမြစ်ခဲ့သဖြင့် နရပတိစည်သူက ပုံသကူမထေရ်ကို ပုဂံမှနှင်ခဲ့သည်ဟု ဆိုသည်။ ပုံသကူမထေရ်သည် ပုဂံမှ သီဟိုဠ်သို့ ထွက်ခွာရန်စီစဉ်နေချိန်တွင် နရပတိစည်သူမင်းသည် မထေရ်မြတ်ကို တောင်းပန်ကန်တော့ခဲ့ပြီး ၎င်းနေရာတွင် ကန်တော့ပလ္လင်ဘုရားကို တည်ခဲ့သည်ဟုလည်း ဆိုခဲ့ကြသည်။

နရပတိစည်သူမင်းသည် ကန်တော့ပလ္လင်ဘုရား မပြီးစီးမီ နတ်ရွာစံခဲ့သဖြင့် သားတော် နားတောင်းများမင်းက ဆက်လက်တည်ထားခဲ့ရာ မြန်မာသက္ကရာဇ် ၅၈၈ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက်(ခရစ်နှစ် ၁၂၂၇ ခုနှစ် မတ် ၂၆ ရက်)သောကြာနေ့တွင် ပြီးစီးခဲ့သည်ဟု ပုဂံစေတီပုထိုးများသမိုင်းစာအုပ်တွင် ဖော်ပြထားသည်။

ကန်တော့ပလ္လင်ဘုရားသည် စူဠာမဏိဘုရား၊ ထီးလိုမင်းလိုဘုရားတို့နှင့် ဖွဲ့စည်းပုံဆင်တူ၍ ယခင်က ကန်တော့ပလ္လင်ကို လိုဏ်သုံးဆင့်ဘုရားဟု ယူဆခဲ့သော်လည်း ၁၉၇၅ ခုနှစ်တွင်လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် အပေါ်ဆုံးကွမ်းတောင်၏ အောက်ဘက်တွင် လျှို့ဝှက်လိုဏ်ပတ်လမ်းတစ်ခုကို ထပ်မံတွေ့ရှိခဲ့ရသဖြင့် ကန်တော့ပလ္လင်သည် လိုဏ်လေးဆင့်ဂူဘုရား တစ်ဆူဖြစ်ကြောင်း သိရှိခဲ့ကြသည်။

**ဂူနှစ်ဆင့်တည်ဆောက်ပုံ**

ပုဂံခေတ် အေဒီ ၁၂ ရာစုလက်ရာ ကန်တော့ပလ္လင်ဘုရား၏ ဗိသုကာလက်ရာများကို အောက်ခံတိုက်မ၊ ဂန္ဓကုဋိ၊ လိုဏ်ပတ်လမ်းများ၊ အပေါ်ထပ်လိုဏ်နှင့် မုခ်တံကဲများ၊ ပစ္စယာအဆင့်ဆင့်နှင့် ကွမ်းတောင်အထွတ်စေတီ၊ ထောင့်စေတီများ၊ ရုပ်ပွားဆင်းတုတော်များ၊ အင်္ဂတေလက်ရာများနှင့် တံတိုင်းမုခ်ဦးစေတီများတွင် တွေ့ရှိနိုင်ကြသည်။

ကန်တော့ပလ္လင်၏ အောက်ခံတိုက်မသည် ၂၈ မီတာပတ်လည်ရှိကာ အာရုံခံမုခ်ဦးကို အရှေ့ဘက်သို့ ထုတ်ထားပြီး ကျန်မုခ်သုံးပေါက်တွင် အဝင်မုခ်ဦးတစ်ခုစီကိုပြုလုပ်၍ အပေါ်တွင် စိန်တန်းပတ်လည်၌ ပစ္စယာသုံးဆင့်စီခံထားသည်။ တိုက်မကြီး၏ ပစ္စယာသုံးဆင့်တွင် ပတ်လမ်းများပြုလုပ်ထားကာ ပစ္စယာထောင့်နေရာများတွင် စေတီများစိုက်ထူထားသည်။

တိုက်မကြီး၏ အရှေ့ဘက်အာရုံခံမုခ် အထက်ပစ္စယာနှစ်ဆင့်ထောင့်များတွင် စေတီများရှိပြီး ကျန်မုခ်တစ်ခုစီပေါ်တွင်လည်း စေတီတစ်ဆူစီရှိသည်။ အာရုံခံအမိုးမှ တတိယပစ္စယာသို့ တက်ရန်လှေကားနှစ်ခုကို အပြိုင်ပြုလုပ်ထားကာ အောက်ခံတိုက်မပေါ်တွင် စေတီ ၂၂ ဆူရှိသည်။

ကန်တော့ပလ္လင်ဘုရား အောက်ခံတိုက်မသည် အရှေ့ဘက်သို့မျက်နှာမူထားကာ မုခ်ပေါက်ကြီးလေးခု အပါအဝင် မုခ်ပေါက်အကြီးအငယ် ၂၀ ရှိသည်။ ဘုရားကြီး၏ အောက်ထပ်အလယ်ဗဟိုရှိ စတုရန်းပုံမဏ္ဍိုင်လေးဖက်၌ ပတ်လမ်းပြုလုပ်ထားကာ ရုပ်ပွားတော်ကြီးတစ်ဆူစီကို တံကဲကျောင်းဆောင်များအတွင်း၌ ထည့်သွင်းပူဇော်ထားသည်။ ဆင်းတုတော်များရှေ့တွင် သင်ပုတ်ပလ္လင်တစ်ခုစီထားရှိပြီး အရှေ့ဘက်မုခ်ပေါက်ရှိ ရုပ်ပွားဆင်းတုတော်ကြီး၏ရှေ့တွင် ဂေါဓာနှင့် ဂေါဓအမည်ရှိ ဘီလူးရုပ်နှစ်ရုပ်ကို မြင်တွေ့ကြရပေသည်။

တိုက်မကြီး၏လိုဏ်အတွင်း အရှေ့ဘက် လက်ဝဲလက်ယာနှစ်ဖက်၌ အပေါ်ထပ်သို့တက်နိုင်ရန် နံရံကို ဖောက်၍ ကြောင်လိမ်လှေကားတစ်စင်းစီ ပြုလုပ်ထားသည်။ ကန်တော့ပလ္လင်ဘုရား၏အထက်တွင်ရှိသည့် လေးမျက်နှာဂူကို အောက်ခံတိုက်မ၏ တတိယပစ္စယာပေါ်တွင်တည်ထားကာ စကြံလမ်းပတ်ထားသည်။ အပေါ်ဂူကြီးသည်လည်း အရှေ့ဘက်သို့ မျက်နှာမူထားပြီး အဝင်မုခ်ပေါက်ကြီးလေးခု၊ မုခ်ပေါက်ငယ်နှစ်ခုနှင့် ပြတင်းမုခ်ပေါက်ခြောက်ပေါက် ဖောက်လုပ်ထားသည်။ အပေါ်တိုက်မကြီးတွင် ပစ္စယာသုံးဆင့်ခံလျက် ပစ္စယာထောင့်များတွင် စေတီများတည်ထားသည်။ ပစ္စယာသုံးဆင့်၏အလယ်တွင် လှေကားမုခ်သုံးခုစီရှိပြီး ဂူကြီး၏အထက်တွင် ကွမ်းတောင်ပေါက်စေတီတော်ကိုတည်ထားခဲ့သဖြင့် အဝေးမှပင် ကြည်ညိုစွာဖူးတွေ့ကြရပေသည်။

ကန်တော့ပလ္လင်ဘုရားသည် လိုဏ်နှစ်ထပ်၊ အဆင့်လေးဆင့်ဂူဘုရားဖြစ်ကာ အပေါ်နှင့် အောက်တွင် စေတီ ၃၇ ဆူနှင့် မုခ်ပေါက် ၃၂ ပေါက်ရှိသည်။ အပေါ်လိုဏ်ဂူတွင်လည်း အလယ်မဏ္ဍိုင်နှင့် ပတ်လမ်းပြုလုပ်ထားပြီး မဏ္ဍိုင်ကို ကျောမှီလျက် မုခ်လေးဖက်တွင် အင်္ဂတေရုပ်ပွားတော်တစ်ဆူစီရှိရာ အရှေ့ဘက်မုခ်ရှိ ဆင်းတုတော်သည် အကြီးဆုံးဖြစ်သည်။ အထက်တိုက်မအတွင်း၌ အောက်ခံတိုက်မကဲ့သို့ပင် ဝဲယာနှစ်ဖက်၌ ကြောင်လိမ်လှေကားတစ်စင်းစီပြုလုပ်ထားသဖြင့် မြေညီထပ်မှ ကွမ်းတောင်ထိ တက်ရောက်နိုင်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ကန်တော့ပလ္လင်ဘုရားတွင် ကြောင်လိမ်လှေကား လေးစင်း၊ အပေါ်ထပ်တွင် အာရုံခံအမိုးပေါ်မှ လိုဏ်ဂူစကြံထိ တက်ရောက်ရန် လှေကားနှစ်စင်း၊ နတ်လမ်းလှေကား သုံးစင်းရှိသဖြင့် စုစုပေါင်း လှေကားကိုးစင်းရှိသည်။

ကန်တော့ပလ္လင်ဘုရားသည် ဖိနပ်တော်မှချရားသီးထိ ဉာဏ်တော် ပေ ၁၈၀ မြင့်ကာ လိုဏ်ပတ်လမ်းများကို မြေညီအောက်ခံတိုက်မ၊ ဒုတိယပစ္စယာ၊ အထက်ဆင့် လိုဏ်ဂူတို့တွင် ပြုလုပ်ထားသည်။ ၁၉၇၅ ခုနှစ် ငလျင်ဒဏ်ကြောင့် ဒုတိယပစ္စယာကို ပြင်ဆင်ခဲ့စဉ် ငါးပေခြောက်လက်မကျယ်၍ ပေါင်းကူးအမြင့် ရှစ်ပေသုံးလက်မမြင့်သော စတုတ္ထလိုဏ်ပတ်လမ်းတစ်ခုကို တွေ့ရှိခဲ့ရသဖြင့် ကန်တော့ပလ္လင်ဘုရားကို လိုဏ်လေးဆင့်ဂူဘုရားဟု ဆိုနိုင်ခဲ့ပေသည်။

**ဗိသုကာလက်ရာနှင့် ဆင်းတုတော်များ**

ကန်တော့ပလ္လင်ဘုရားကို ဘုရင်နှစ်ဆက် တည်ဆောက်ခဲ့ကာ ပုဂံခေတ်ဗိသုကာပညာရှင်များ၏ အနုလက်ရာများကို မြင်တွေ့နိုင်ကြသည်။ အေဒီ ၁၂ ရာစုတွင်တည်ထားခဲ့သည့် ဘုရားကြီး၏ဗိသုကာလက်ရာများသည် အလွန်ပြေပြစ်လှပခဲ့သည်။ဘုရားကြီးတစ်ခုလုံးတွင် မုခ်ပေါက် ၃၂ ပေါက် ဖောက်လုပ်ထားသဖြင့် နေရောင်နှင့် လေဝင်လေထွက်ကောင်းမွန်ခဲ့ကာ မုခ်ပေါက်များကို နှစ်ထပ်တံကဲ၊ စေတီပုံတံကဲ၊ မီးလျှံဖြာနေပုံတံကဲများဖြင့် အနုစိတ်ပုံဖော်ခဲ့သည်။ ဘုရားကြီးကို အလျား ၄၃ စင်တီမီတာ၊ အနံ ၂၂ စင်တီမီတာနှင့် ၃ ခြောက်စင်တီမီတာအရွယ်ရှိသည့် အုတ်များဖြင့် တည်ဆောက်ခဲ့သည်။

ကန်တော့ပလ္လင်ဘုရား၏ အလှပဆုံးလက်ရာသည် ကွမ်းတောင်ဖြစ်၍ ပုဂံရှိ ကွမ်းတောင်ပေါက်ဘုရားများတွင် အလှပဆုံးလက်ရာဖြစ်သည်။ ၁၉၇၅ ခုနှစ် ငလျင်မလှုပ်မီက ဘုရားကြီး၏ ကွမ်းတောင်သည် မူလလက်ရာ၏ ၈၀ ရာခိုင်နှုန်းကျန်ရှိခဲ့သည်။

ကန်တော့ပလ္လင်ဘုရား၏ အုတ်စီအုတ်နင်းနှင့် တည်ဆောက်ပုံဗိသုကာလက်ရာသည် အဆင့်အတန်းမြင့်မားကာ စိန်တန်းများတစ်လျှောက်တွင် စဉ့်ကွင်းများထည့်သွင်းခဲ့သည်။ ဘုရားကြီး၏ အပေါ်ထပ်နှင့် အောက်ထပ် ချင်မိတ်တိုးတန်းများနှင့် ဘီလူးပန်းဆွဲများကြားတွင် သဲကျောက်ဖောင်းလုံးတန်းများထည့်သွင်းထားပြီး အဆောက်အအုံ၏ ထောင့်နေရာများကို သုံးပေရှည်၍ ၁၀ လက်မထူသော ကျင်တွယ်ပုံကျောက်တုံးများဖြင့် ချုပ်ထားခဲ့သည်။ လိုဏ်ပေါင်းကူးများကို ခိုင်ခံ့မှုအားကောင်းစေရန် အုတ်ပေါင်းကူးများကြားတွင် ကျောက်ပေါင်းကူးများကို ထည့်သွင်းတည်ဆောက်ထားသည်။

ကန်တော့ပလ္လင်ဘုရားတွင် စံပယ်နေကြသည့် ဆင်းတုတော်များ၏ လက်တော်ဟန်များသည် ဘူမိဖဿမုဒြာ(လက်တော်မြေထိဟန်)ဖြစ်ကာ ဆင်းတုတော်များ၏နောက်ခံတွင် ဗောဓိညောင်ပင်ပုံဆေးရေးပန်းချီများရှိခဲ့သဖြင့် ဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူခန်းကို ရည်ညွှန်းထားခြင်းဖြစ်ပေသည်။ ဘုရားကြီး၏ အောက်ထပ်လိုဏ်အတွင်း အလယ်မဏ္ဍိုင်ကို ကျောမှီထားသော ဆင်းတုတော်များသည် ပလ္လင်ပေါ်တွင်ထိုင်ကာ အရပ်လေးမျက်နှာသို့ မျက်နှာမူနေကြသည်။ ရုပ်ပွားတော်လေးဆူ၏ အပေါ်တွင် နံရံတံကဲများပြုလုပ်ထားပြီး နံရံဆေးရေးပန်းချီများမှာ ပျက်စီးနေပြီဖြစ်သည်။

ရုပ်ပွားဆင်းတုတော်များရှေ့၌ ဆွမ်း၊ ရေချမ်း၊ ပန်းတို့ကိုကပ်လှူသည့် သင်ပုတ်ပလ္လင်များရှိကာ အရှေ့ဘက်ရှိ သင်ပုတ်ပလ္လင်တွင် ဆွမ်း၊ အနောက်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်းက ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၉၇၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**မအူပင် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၉၇၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်နွေးနွေးလှိုင်က ပြောပြ၍ သိရသည်။



မအူပင်မြို့မှ ရန်ကုန်မြို့သို့ ယခုနှစ် ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ပဲတီစိမ်း (ခရမ်းရွှေဝါ) ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပဲတီစိမ်း(ခရမ်းရွှေဝါ) ၁၆ ပြည်ဝင် အိတ်ရေ ၉၇၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"အခု တင်ပို့ရောင်းချခဲ့ရတဲ့ ပဲတီစိမ်းတွေက အဟောင်းတွေပါ။ သိုလှောင်ထားတဲ့သူတွေ ဈေးကောင်းရရှိတဲ့အခြေအနေရှိနေပါတယ်။ ပြီးခဲ့တဲ့ဇူလိုင်လအတွင်းက ပဲတီစိမ်းတွေကို အရင်လတွေကထက် တင်ပို့ရောင်းချခဲ့ရတယ်။ ပဲမျိုးစုံကို ပိသာချိန်စနစ်၊ တင်းဝင်စနစ်တွေနဲ့တင်ပို့ရောင်းချနေပါတယ်။ ဒီဘက်ကတော့ ၁၆ ပြည်ဝင် အိတ်တွေနဲ့ပဲ တင်ပို့ရောင်းချတာများပါတယ်။ ဒီဘက်ကနေထွက်တဲ့ ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လအတွင်းက ပဲတီစိမ်း ၁၆ ပြည်ဝင် တစ်အိတ်ကို ငွေကျပ် ၇၈၀၀၀ ရှိပြီး လက်ရှိမှာ ၁၆ ပြည်ဝင် တစ်အိတ်ကို ငွေကျပ် ၈၁၀၀၀ ဈေးရှိပါတယ်"ဟု ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်နွေးနွေးလှိုင်က ပြောပြသည်။

မအူပင်မြို့နယ်မှ ပဲတီစိမ်းများကို တစ်တင်းဝင်အိတ်များဖြင့်ထည့်ပြီး စနစ်တကျချုပ်လုပ်ကာ ရန်ကုန်မြို့သို့ ကုန်တင်ကား၊ ကုန်တင်သင်္ဘောများဖြင့် တစ်ရက်လျှင် တစ်ကြိမ်၊ ငါးရက်လျှင်တစ်ကြိမ်စနစ်ဖြင့် တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ အဆိုပါပဲတီစိမ်းများကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

ဘက်သင်ပုတ်ပလ္လင်တွင် ပန်း၊ တောင်ဘက်သင်ပုတ်ပလ္လင်တွင် ကျမ်းနှင့် မြောက်ဘက်သင်ပုတ်ပလ္လင်တွင် ပန်းတို့ကို ဆက်ကပ်လှူဒါန်းသည်ဟု ဆိုကြသည်။ တောင်ဘက်သင်ပုတ်ပလ္လင်ပေါ်တွင် ကျိန်စာကျမ်းများ ထားရှိခဲ့ပြီး အမှုအခင်းဖြစ်ပွားကြသူများသည် ၎င်းကျမ်းစာများကို ကိုင်တွယ်၍ ကျမ်းကျိန်ခဲ့ကြကြောင်း ဆိုစမှတ်ရှိခဲ့သည်။

ပုဂံရှိ လိုဏ်နှစ်ဆင့်ဘုရားများတွင် သဗ္ဗညုဘုရားမှလွဲ၍ အပေါ်ထပ်နှင့် အောက်ထပ်တွင် ဗုဒ္ဓဆင်းတုတော်လေးဆူစီ ထားရှိလေ့ရှိခဲ့ရာ ကန်တော့ပလ္လင်ဘုရားတွင်လည်း အပေါ်ထပ်နှင့် အောက်ထပ်တွင် ရုပ်ပွားတော်လေးဆူစီ ပူဇော်ထားရှိခဲ့သည်။ (သဗ္ဗညုဘုရား၏ အပေါ်ထပ်လိုဏ်တွင် ရုပ်ပွားတော်တစ်ဆူသာရှိသည်။)

ကန်တော့ပလ္လင်ဘုရားကို စတုရန်းပုံ အုတ်မဟာရံတံတိုင်းနှစ်ထပ်ကာရံခဲ့ရာ အပြင်တံတိုင်းမျက်နှာတစ်ဖက်စီ၏အလယ်တွင် အဝင်မုခ်တစ်ခုစီရှိခဲ့သည်။ ၎င်းအဝင်မုခ်များပေါ်တွင် စေတီများတည်ထားခဲ့ပြီး ဝင်ပေါက်များ၏ တစ်ဖက်စီတွင် တံခါးလည်ရန် ကျောက်ဆုံတစ်ခုစီမြှုပ်ထားပြီး အပေါ်ပိုင်းတွင် တံခါးတိုင်စွပ်ရန် သံကွင်းများရှိခဲ့သည်။ ယခုအခါတွင် မူလတံခါးများမရှိတော့ဘဲ သံတံခါးများဖြင့် အစားထိုးတပ်ဆင်ထားသည်။

အတွင်းမီးတားတံတိုင်းအဖြစ် ကန်တော့ပလ္လင်ဘုရား၏ အောက်ခံနှင့် ဆက်စပ်ပြုလုပ်ထားကာ သုံးပေ ငါးလက်မမြင့်သည့် အုတ်တိုင်များဖြင့် ကာရံထားသည်။ ဘုရားဝင်းတံတိုင်းအတွင်း အရှေ့တောင်ထောင့်တွင် ပုဂံခေတ်နောက်ပိုင်းလက်ရာ ရှစ်မျက်နှာဘုရားနှင့် ခေါင်းလောင်းတိုင်နှစ်တိုင်၊ အရှေ့မြောက်ထောင့်တွင် နှောင်းခေတ်လက်ရာ စေတီရှိုးတစ်ဆူတို့ တည်ရှိသည်။

၁၉၇၅ ခုနှစ် ဇူလိုင် ၈ ရက်တွင် လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် ပုဂံရှိ စေတီပုထိုးများပြိုကျပျက်စီးခဲ့ရာတွင် ကန်တော့ပလ္လင်သည် ဖောင်းရစ်မှစ၍ပြတ်ကျပြီး အပေါ်ပိုင်းတစ်ခုလုံး ကြေမွသွားခဲ့သည်။ အထွတ်စေတီအပါအဝင် ကွမ်းတောင်နှင့် အရံစေတီများအားလုံး မြေခခဲ့သဖြင့် မူလလက်ရာအတိုင်းပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရသည်။

ဘုရားကြီးကိုပြုပြင်စဉ်တွေ့ရှိခဲ့သည့်ဓာတ်တော်ကြုတ်များ၊ ရွှေဆင်းတုနှစ်ဆူ၊ ရွှေစေတီနှစ်ဆူ၊ အုတ်ခွက်ဘုရားများ၊ ကျောက်မျက်ရတနာများနှင့် ရွှေကြိုးဆိုင်းငွေကြုတ်တို့ကို ဘုရားကြီးတွင်ပြန်လည်ဌာပနာခဲ့သည်။

ပုဂံတွင် နရပတိစည်သူမင်းကြီးတည်ခဲ့သည့် ဘုရားရှစ်ဆူအနက် စူဠာမဏိ၊ ဓမ္မရာဇကနှင့် ကန်တော့ပလ္လင်တို့သည် အကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်ခဲ့သည်။ နရပတိစည်သူ၏သားတော် နားတောင်းများမင်းကြီး၏ ကောင်းမှုတော်စေတီပုထိုးများတွင်လည်း ထီးလိုမင်းလို၊ မဟာဗောဓိ၊ စေတနာကြီးနှင့် ကန်တော့ပလ္လင်တို့သည် အထင်ရှားဆုံးဖြစ်ကြသည်။

သက်တမ်း ၇၉၆ နှစ်ရှိနေပြီဖြစ်သည့် ကန်တော့ပလ္လင်ဘုရားကြီးသည် ပုဂံခေတ်၏ ဗိသုကာလက်ရာအကောင်းဆုံး အဆောက်အအုံအဖြစ်ထင်ရှားပြီး ပုဂံသို့ရောက်ရှိလာကြသူတိုင်း မရောက်မဖြစ်သွားရောက်ဖူးမြော်လေ့ရှိကြသည့် ရှေးဟောင်းစေတီကြီးတစ်ဆူလည်းဖြစ်ပေသည်။ ကန်တော့ပလ္လင်ဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တိုင်း စည်ကားသိုက်မြိုက်စွာကျင်းပမြဲဖြစ်သည်။

သမိုင်းဝင် ရှေးဟောင်းဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ကာ နိုင်ငံ၏ယဉ်ကျေးမှုတန်ဖိုးကို မြှင့်တင်ကြရသဖြင့် ကန်တော့ပလ္လင်ဘုရားအပါအဝင် ပုဂံဒေသရှိ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်စေတီပုထိုးများကို ပြည်သူတိုင်းက ထိန်းသိမ်းစောင့်ရှောက်ကာကွယ်လျက် ပုဂံဝုဏ်ရည်ကို မြှင့်တင်ကြရမည်သာဖြစ်ပေသည်။

**ကိုးကား**


- **ပုဂံဘုရားပုထိုးများ(ပထမတွဲ)(မြန်ကြားရေးဝန်ကြီးဌာန)**
- **ကန်တော့ပလ္လင်ဘုရားသမိုင်း(မောင်ကြည်ပန်း၊ မြင်းကပါ)**
- **Inventory of Monuments at Pagan (Pierre Pichards)**


## တို့မြန်မာ့မျိုးရိုး

\- ရှုစမ်းပါ့ ပြည်မြန်မာ၊
တောင်သူတွေ တိုးဝှေ့မြဲ
မျိုးစေ့ကြဲရာ၊
သီးနှံပင် ဖြိုးအမောက်နဲ့
တိုးမပေါက်တဲ့ လုပ်ခင်းယာ
သရုပ်သတင်းဖြာ သာပါပေ့၊
ပြည်မြန်မာ အရိပ်သာလှသလို
ရိက္ခာက ပြည့်။

\- ရှုစမ်းပါ့ ပြည်မြန်မာ၊
မြစ်ချောင်းကန် ပင်လယ်ဝ
ရွှင်ဖွယ်က ဖြာ၊
ကူးသန်းကြ စုန်ဆန်ရာ
ယမုန်ယံမှာ ချစ်ကြည်တိုး၊
ကုန်စည်တွေ မြန်တစ်လွှား
လျှံပွားတဲ့အမျိုး။

\- ရှုစမ်းပါ့ ပြည်မြန်မာ၊
တိုင်းရင်းစုံ တစ်သုံးငါးနဲ့
ရစ်ထုံးထားတာ၊
ညီညွတ်ခြင်းနဲ့ ယုံကြည်စွာ
ပုံမပီစရာ ပြည်ထောင်ထား၊
ကမ္ဘာ့လယ် ထုံသင်းပျံ့အောင်
ဂုဏ်သတင်းခံ့တကား။

\- ရှုစမ်းပါ့ ပြည်မြန်မာ၊
သည်ရေခံ မြေခံက
ပြည်မြန်မာနိုင်ငံသား
ပြိုင်စံရှားမှာ၊
ကြိုးစားမှု အရင်းတည်ကာ
သတင်းညီစွာ ဇွဲကိုပျိုး၊
မှန်းသလောက်တည်ဖို့
လှမ်းလျှောက်ရည်သမျှ
လျှမ်းတောက်မည် အခေါင်နန်းမှာ
အိုကွယ်. . .
အောင်ပန်းပန်ရိုး။ ။

**လွမ်းလေးကို(သရက်)**



**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ပျက်ကျခဲ့သည့် ဩစတြေးလျရဟတ်ယာဉ်၏ ပျံသန်းမှုမှတ်တမ်းတင်ကိရိယာများ ပြန်လည်တွေ့ရှိ

**ဆစ်ဒနီ ဩဂုတ် ၈**

ပြီးခဲ့သည့်လအတွင်း အမေရိကန်နိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်နေစဉ် ပျက်ကျခဲ့ရသည့် ဩစတြေးလျစစ်ဘက်ရဟတ်ယာဉ်၏ ပျံသန်းမှုမှတ်တမ်းတင်ကိရိယာကို ရေငုပ်သမားများက ပြန်လည်ရှာဖွေတွေ့ရှိထားကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်အာရ်အိတ်ချ်-၉၀ တိုင်ပင်အမျိုးအစား အဆိုပါရဟတ်ယာဉ်သည် ဇူလိုင် ၂၈ ရက်တွင် ဩစတြေးလျအရှေ့မြောက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် လိုက်ပါသွားသူ ဩစတြေးလျတပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ရသည်။

သို့သော် လက်ရှိအချိန်တွင် ရေငုပ်သမားများက ရဟတ်ယာဉ်ပျက်ကျခဲ့ရာ ရေပြင်အတွင်းမှ ယင်းရဟတ်ယာဉ်၏ပျံသန်းမှုမှတ်တမ်းတင်ကိရိယာနှင့် လေယာဉ်မှူးခန်းအသံမှတ်တမ်းတင် ကိရိယာတို့ကို ဩဂုတ် ၇ ရက်တွင် ပြန်လည်ရှာဖွေတွေ့ရှိထားကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီးဌာနက ကြေညာထားသည်။

အဆိုပါမှတ်တမ်းတင်ကိရိယာများမှရရှိမည့်သတင်းအချက်အလက်များသည် ရဟတ်ယာဉ်ပျက်ကျမှုအကြောင်းရင်းကို ဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်မည်ဖြစ်သည်။

၎င်းရဟတ်ယာဉ်ပျက်ကျခဲ့ရပြီးနောက် ဩစတြေးလျစစ်ဘက်သည် ၎င်းပိုင် တိုင်ပင်အမျိုးအစားရဟတ်ယာဉ် အစင်း ၄၀ ကျော်ကို ပျံသန်းမှု အနားပေးထားခဲ့ရကြောင်း သိရသည်။

KKO

## ပါကစ္စတန်အစိုးရက နိုင်ငံပိုင်လေကြောင်းလိုင်းကို ပုဂ္ဂလိကပိုင်ပြုလုပ်ရန် စီစဉ်




**အစ္စလာမ်မာဘတ် ဩဂုတ် ၈**

အရှုံးပေါ်နေသော နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သည့် ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်းကို ပုဂ္ဂလိကပိုင်လေကြောင်းလိုင်းပြုလုပ်ရန် ပါကစ္စတန်အစိုးရက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၇ ရက်တွင်ဖော်ပြခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ရယူထားသည့် သဘောတူညီချက်အရ နိုင်ငံပိုင် လေကြောင်းလုပ်ငန်းများကိုလည်း ကန်ထရိုက်စနစ်ဖြင့်လည်ပတ်ရန် ကြိုးစားလျက်ရှိသည်။

ပါကစ္စတန် နိုင်ငံတကာလေကြောင်းလိုင်းအား ပုဂ္ဂလိကပိုင်ပြုလုပ်ရန် ဘဏ္ဍာရေးဝန်ကြီး အမ်ဟက်ဒါးဦးဆောင်သည့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အစိုးရလုပ်ငန်းကော်မတီက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပါကစ္စတန်လွှတ်တော်က ဥပဒေပြင်ဆင်ချက်တစ်ရပ်ကို အတည်ပြုပေးခဲ့ပြီးနောက် ပါကစ္စတန် နိုင်ငံတကာ လေကြောင်းလိုင်းကို ပုဂ္ဂလိကပိုင်ပြုလုပ်မည့် အစိုးရလုပ်ငန်းများစာရင်းတွင် ထည့်သွင်းမည်ဖြစ်ကြောင်း ပါကစ္စတန်ဘဏ္ဍာရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

လေယာဉ်မှူး အတုအယောင်ပြဿနာတစ်ရပ်ကြောင့် ခရီးစဉ်ပျံသန်းပြေးဆွဲမှုများ ရပ်နားထားသည့် ပါကစ္စတန် နိုင်ငံတကာလေကြောင်းလိုင်းသည် နောင်သုံးလအကြာတွင် ဗြိတိန်သို့လေကြောင်းခရီးစဉ်များ စတင်ပျံသန်းနိုင်ရန် စီစဉ်ထားသည်။

ပါကစ္စတန်နိုင်ငံသည် အိုင်အမ်အက်ဖ်ထံမှ အမေရိကန်ဒေါ်လာ သုံးဘီလီယံရယူရေးအတွက် အိုင်အမ်အက်ဖ် ဘဏ္ဍာရေးစည်းမျဉ်းများလိုက်နာပေးရန် သဘောတူထားကြောင်း သိရသည်။

KKO

## အီဂျစ်၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှုန်း ယခုနှစ် ပထမငါးလအတွင်း ကျဆင်းခဲ့

**ကိုင်ရို ဩဂုတ် ၈**

အီဂျစ်နိုင်ငံ၏သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှုန်းမှာ ယခုနှစ် ပထမငါးလအတွင်း ကျဆင်းလာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၇ ရက်တွင် ဖော်ပြခဲ့သည်။

အီဂျစ်နိုင်ငံ၏ ယခုနှစ် ဇန်နဝါရီလနှင့် မေလအကြား သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုနှုန်းသည် ၂၀၂၂ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ကိုးရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၂၀၂၁ခုနှစ် အလားတူကာလထုတ်လုပ်မှုနှုန်းထက် ၁၂ ရာခိုင်နှုန်း ပိုမိုနည်းပါးခဲ့ကြောင်း နိုင်ငံတကာဓာတ်ငွေ့နှင့် ရေနံထုတ်လုပ်မှုနှုန်း စောင့်ကြည့်ရေးအဖွဲ့ (ဂျေအိုဒီအိုင်)၏အစီရင်ခံစာ၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင်လည်း အီဂျစ်နိုင်ငံသည် အပူလှိုင်းကျရောက်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မြင့်တက်လာချိန်တွင် ဓာတ်အားပြတ်တောက်မှု ပြဿနာများနှင့် ရင်ဆိုင်နေရသည်။

သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှုန်းကျဆင်းလာမှုကြောင့် အီဂျစ်နိုင်ငံ၏ ဒေသတွင်းစွမ်းအင်ထုတ်လုပ်မှုဗဟိုချက်နိုင်ငံအဖြစ်ရပ်တည်ရေးရည်မှန်းချက်မှာ မေးခွန်းထုတ်ရဖွယ်ဖြစ်လာကြောင်း ဂျေအိုဒီအိုင် အစီရင်ခံစာ၌ သုံးသပ်ထားသည်။

အီဂျစ်နိုင်ငံသည် ကိုယ်ပိုင်သဘာဝဓာတ်ငွေ့များတင်ပို့ရောင်းချခြင်း၊ အစ္စရေးသဘာဝဓာတ်ငွေ့ရည်များကို အရှေ့အလယ်ပိုင်းဒေသသို့ တစ်ဆင့်ပို့ဆောင်ရောင်းချခြင်းဖြင့် ဒေသတွင်း စွမ်းအင်အရင်းအမြစ်ဖြည့်ဆည်းသူနေရာကို ရရှိရန် ရည်ရွယ်ထားသည်။

သို့သော် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်စွမ်း ကျဆင်းလာချိန်တွင် အီဂျစ်နိုင်ငံမှာ ပြည်သူ ၁၀၂ သန်းတို့အတွက် ဓာတ်ငွေ့လိုအပ်ချက်မြင့်မားလာမှုနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။

KKO



## အီတလီကမ်းလွန်၌ ရွှေ့ပြောင်းဝင်ရောက်သူများလိုက်ပါလာသည့်ရေယာဉ်နှစ်စီး တိမ်းမှောက်မှုကြောင့် နှစ်ဦးသေဆုံး၍ ဦးရေ ၃၀ ခန့်ပျောက်ဆုံး

**ရောမ ဩဂုတ် ၈**

အီတလီနိုင်ငံ လမ်ပီဒူဆာကျွန်း ကမ်းလွန်၌ ရွှေ့ပြောင်းဝင်ရောက်သူများလိုက်ပါလာသည့် ရေယာဉ်နှစ်စီးတိမ်းမှောက်ခဲ့ရာ လူနှစ်ဦးသေဆုံး၍ ဦးရေ ၃၀ ဝန်းကျင်ပျောက်ဆုံးနေကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၇ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ သင်္ဘောပျက်မှုဖြစ်စဉ်များအတွင်း ရွှေ့ပြောင်းဝင်ရောက်သူအများအပြားကိုလည်းကယ်တင်နိုင်ခဲ့ကြောင်း အီတလီကမ်းခြေစောင့်တပ်က ဩဂုတ် ၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။



လမ်ပီဒူဆာကျွန်း ကမ်းလွန်၌ ဩဂုတ် ၆ ရက်တွင် ပျက်စီးခဲ့သည့် ရေယာဉ်နှစ်စီးအနက် တစ်စီးသည် ရွှေ့ပြောင်းဝင်ရောက်သူ ၄၈ ဦး တင်ဆောင်ထားပြီး ကျန်တစ်စီးမှာ ၄၂ ဦး တင်ဆောင်ထားကြောင်း အသက်ရှင်ကျန်ရစ်သူများ၏ အဆိုအရ သိရသည်။

ထို့ပြင် အီတလီကမ်းခြေစောင့်တပ်ဖွဲ့သည် သင်္ဘောပျက်မှုဖြစ်ပွားခဲ့ပြီးနောက် လမ်ပီဒူဆာကျွန်းကမ်းရိုးတန်းကမ်းပါးစောင်းတစ်ခု၌ သောင်တင်နေသည့် ရွှေ့ပြောင်းဝင်ရောက်သူ ၃၄ ဦးကိုလည်း ဩဂုတ် ၆ ရက်တွင် လေကြောင်းခရီးစဉ်များဖြင့် ကယ်တင်ပေးခဲ့ရသည်။

အီတလီနိုင်ငံသည် ပင်လယ်ပြင်ကိုဖြတ်သန်း၍ ရွှေ့ပြောင်းဝင်ရောက်သူများဝင်ရောက်လာမှုနှုန်း မြင့်တက်လာမှုနှင့် ရင်ဆိုင်နေရသည်။

ယခုနှစ်တွင် လက်ရှိကာလထိ ပင်လယ်ပြင်ကိုဖြတ်၍ အီတလီသို့ ရောက်ရှိလာသော ရွှေ့ပြောင်းဝင်ရောက်သူအရေအတွက်မှာ ၉၂,၀၀၀ ထိရှိခဲ့ကြောင်း သိရသည်။

KKO

## ၂၀၂၂ ခုနှစ် လူဦးရေစာရင်းကောက်ခံချက်အရ ဘရာဇီးနိုင်ငံတွင် ဌာနေတိုင်းရင်းသားလူဦးရေ ၁ ဒသမ ၆၉ သန်းထိရှိ

**ရီယိုဒီဂျနေရိုး ဩဂုတ် ၈**

၂၀၂၂ ခုနှစ် လူဦးရေစာရင်းကောက်ခံချက်အရ ဘရာဇီးနိုင်ငံ၏ ဌာနေတိုင်းရင်းသားလူဦးရေသည် ၁ ဒသမ ၆၉ သန်းထိ ရှိကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၈ ရက်တွင် ဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ် လူဦးရေစာရင်းကောက်ခံချက်အရ ရရှိခဲ့သော ဘရာဇီးဌာနေတိုင်းရင်းသားလူဦးရေသည် ၂၀၁၀ ပြည့်နှစ် လူဦးရေစာရင်း၌ ကောက်ခံရရှိထားသည့် အရေအတွက်ထက် နှစ်ဆပိုများကြောင်း ဘရာဇီးအစိုးရအမျိုးသားစာရင်းအင်းအေဂျင်စီက ဩဂုတ် ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

၂၀၁၀ ပြည့်နှစ် လူဦးရေစာရင်းကောက်ခံမှုတွင် ဘရာဇီးအမျိုးသားစာရင်းအင်းအေဂျင်စီသည် ဌာနေတိုင်းရင်းသား လူဦးရေ အရေအတွက်ကို ၈၉၆၉၁၇ ဦးထိသာ ကောက်ခံရရှိခဲ့သည်။

၂၀၂၂ ခုနှစ် လူဦးရေစာရင်းကောက်ခံရာတွင်လူဦးရေကွင်းဆင်းကောက်ခံရေးအဖွဲ့များ၏လုပ်နည်းလုပ်ဟန် အပြောင်းအလဲများကြောင့် ၂၀၂၂ ခုနှစ် လူဦးရေစာရင်းတွင် ဌာနေတိုင်းရင်းသားလူဦးရေ နှစ်ဆ တိုးလာခြင်းဖြစ်ကြောင်း အမျိုးသားစာရင်းအင်းအေဂျင်စီသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် လူဦးရေစာရင်းကို ကောက်ခံရာတွင် လူဦးရေစာရင်းကွင်းဆင်း ကောက်ခံသူများသည် လူသူအသွားအလာနည်းသည့် အမေဇုန်သစ်တောကျေးရွာများထိ သွားရောက်၍ ဌာနေတိုင်းရင်းသားဦးရေကိုပထမဆုံးအကြိမ်အဖြစ် ကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ ဌာနေတိုင်းရင်းသားလူဦးရေစုစုပေါင်း၏ထက်ဝက်မှာ အမေဇုန်မိုးသစ်တောဒေသတွင်ရှိကြောင်း ဘရာဇီးအစိုးရအမျိုးသားစာရင်းအင်းအေဂျင်စီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာကျွမ်းကျင်သူများက ဆိုက်ခီအာကာသယာဉ်၌ နေစွမ်းအင်ပြားများ တပ်ဆင်နေ



**ဝါရှင်တန် ဩဂုတ် ၈**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)ကျွမ်းကျင်သူများသည် ဆိုက်ခီအာကာသယာဉ်၌ နေစွမ်းအင်ပြားများ တပ်ဆင်နေပြီဖြစ်ကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

ဆိုက်ခီအာကာသယာဉ်၏ နေစွမ်းအင်ပြားများသည် တစ်ခုလျှင် အရွယ်အစား စတုရန်းပေ ၈၀၀ ထိရှိသော ကြက်ခြေခတ်ပုံစံ နေစွမ်းအင်ပြားများဖြစ်ကြသည်။

နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ဆိုက်ခီအမည်ရှိ ဂြိုဟ်သိမ်တစ်စင်းကို လေ့လာရန် ဆိုက်ခီအာကာသယာဉ်ကို တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဆိုက်ခီအာကာသယာဉ်၏ နေစွမ်းအင်ပြားများသည် ကမ္ဘာမြေအနီးရှိနေချိန်တွင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၂၀ ကျော် ထုတ်ပေးနိုင်မည်ဖြစ်သည်။

သို့ရာတွင် ဆိုက်ခီဂြိုဟ်သိမ်တည်ရှိရာ နေရာကဲ့သို့ နေရောင်အရနည်းသော နေရာမျိုးတွင်မူ အဆိုပါနေစွမ်းအင်ပြားများသည် လျှပ်စစ်ဓာတ်အား နှစ်ကီလိုဝပ်သာ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဆိုက်ခီ အာကာသယာဉ်ကို ယခုနှစ် အောက်တိုဘာလတွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

KKO

## FAST ရေဒီယိုတယ်လီစကုပ် ပြုပြင်ထိန်းသိမ်းရေးအတွက် စက်ရုပ်နည်းပညာသုံးကားတစ်စီးကို တရုတ်သိပ္ပံပညာရှင်များ အသုံးပြုနေ

**ပေကျင်း ဩဂုတ် ၈**

FAST ရေဒီယိုတယ်လီစကုပ် ပြုပြင်ထိန်းသိမ်းရေးအတွက် တရုတ် သိပ္ပံပညာရှင်များသည် လုပ်ငန်းတာဝန်များ အလိုအလျောက်ထမ်းဆောင်ပေးနိုင်သည့် စက်ရုပ်နည်းပညာသုံး ကားတစ်စီးကို အသုံးပြုနေကြောင်း ဆင်ဟွာသတင်းဌာနက ဩဂုတ် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါစက်ရုပ်နည်းပညာသုံးကားငယ်ကို တရုတ်သိပ္ပံအကယ်ဒမီမှ သိပ္ပံပညာရှင်များက ပုံစံထုတ်တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

ဘောလုံးကွင်းပေါင်း ၃၀ နှင့် ညီမျှသည့် အကျယ်အဝန်းရှိသော FAST ရေဒီယိုတယ်လီစကုပ် လိုင်းဖမ်းဇန်းကို ပြုပြင်ထိန်းသိမ်းရေးမှာ ခက်ခဲသည့်တာဝန်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

FAST ရေဒီယိုတယ်လီစကုပ် လိုင်းပြန်မျက်နှာပြင်ကို တစ်မီလီမီတာမျှသာထူထဲသော အလူမီနီယံပြားများဖြင့် ပြုလုပ်ထားရာ



အရွယ်ရောက် လူကြီးတစ်ဦး၏ ကိုယ်အလေးချိန်ကို ခံနိုင်စွမ်းမရှိကြောင်း သိရသည်။

သို့ရာတွင် တရုတ်သိပ္ပံပညာရှင်များ တည်ဆောက်ထားသည့် စက်ရုပ်ကားငယ်ကမူ FAST ရေဒီယိုတယ်လီစကုပ်လိုင်းပြန် မျက်နှာပြင်၏ မည်သည့်နေရာမျိုးသို့မဆို သွားလာနိုင်ပြီး ၅၆ ဒီဂရီထိ မတ်စောက်သည့် နေရာများမှာပင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း လုပ်ဆောင်နိုင်ကြောင်း သိရသည်။

FAST ရေဒီယိုတယ်လီစကုပ်သည် ကွေ့ကျိုးပြည်နယ် ပင်တန်းခရိုင်အတွင်း တောင်ချိုင့်ဝှမ်းနယ်မြေတစ်ခုတွင် တည်ရှိကြောင်း သိရသည်။

KKO

## ရုရှားနိုင်ငံ၏ ဆိုဗီယက်ခေတ်လွန်ကာလ ပထမဆုံးလဆင်းယာဉ်မစ်ရှင်ကို ဩဂုတ် ၁၁ ရက်တွင် လွှတ်တင်မည်

**မော်စကို ဩဂုတ် ၈**

ရုရှားနိုင်ငံ၏ ဆိုဗီယက်ခေတ်လွန်ကာလ ပထမဆုံးလဆင်းယာဉ်မစ်ရှင်ကို ဩဂုတ် ၁၁ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း The Moscow Time သတင်းစာက ဩဂုတ် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

ရုရှားအာကာသအေဂျင်စီသည် လူနာ-၂၅ အမည်ရှိ လဆင်းယာဉ်ကို ရုရှားနိုင်ငံအရှေ့ဖျား ဗော့စတော့နီအာကာသစခန်းမှတစ်ဆင့် ဩဂုတ် ၁၁ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

လူနာ-၂၅ လဆင်းယာဉ်ကို လွှတ်တင်ရေးအတွက် ဗော့စတော့နီအာကာသစခန်း အရှေ့တောင်ဘက်ရှိ ကျေးရွာတစ်ရွာကို နေရာရွှေ့ပြောင်း ပေးထားရမည်ဖြစ်ကြောင်း သိရသည်။

လူနာ-၂၅ လဆင်းယာဉ်ကို လွှတ်တင်ချိန်တွင် အသုံးပြုမည့် ဒုံးပျံမှ အစိတ်အပိုင်းများကျရောက်နိုင်မှုကြောင့် ရှက်ခ်တင်စကီးအမည်ရှိ အဆိုပါကျေးရွာကို နေရာရွှေ့ပြောင်းထားရန် ရုရှားတာဝန်ရှိသူများက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

လူနာ-၂၅ လဆင်းယာဉ်သည် ၁၉၇၆ ခုနှစ်နောက်ပိုင်း ရုရှားနိုင်ငံကလွှတ်တင်မည့် ပထမဆုံး လဆင်းယာဉ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လဆင်းယာဉ်ကို ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ပြီး လွှတ်တင်မည့်အချိန်လောက်မှာပင် ရှက်ခ်တင်စကီးကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးမည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## စမ်းသပ်ဆဲ VX-548 ဆေးက နာကျင်ကိုက်ခဲမှုကို လျှော့ချပေးနိုင်

**နယူးယောက် ဩဂုတ် ၈**

စမ်းသပ်ဆဲ နာကျင်ကိုက်ခဲမှု ထိန်းချုပ်ရေး VX-548 ဆေးသည် ခွဲစိတ်ကုသမှု ခံယူပြီးနောက်ပိုင်း နာကျင်ကိုက်ခဲမှုများကို လျှော့ချပေးနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

VX-548 ဟု အမည်ပေးထားသော အဆိုပါဆေးသည် လူကိုယ်ခန္ဓာ အာရုံနှာဗ်ဆဲလ်စနစ်အတွင်းတည်ရှိပြီး နာကျင်မှုဝေဒနာအချက်ပြလှိုင်းများကို ဦးနှောက်သို့ ပို့ပေးသည့် လမ်းကြောင်းတစ်ခုကို ပိတ်ပင်ပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် VX-548 ဆေးကြောင့် ကြီးကြီးမားမား ဘေးထွက်ဆိုးကျိုးမျိုးလည်း ပေါ်ထွက်မှုမရှိကြောင်း အမေရိကန်နိုင်ငံ ယေးတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

VX-548 ဆေးသည် စွဲလမ်းစေတတ်သည့်ဂုဏ်သတ္တိမျိုးရှိသော ဘိန်းအာနိသင်ရှိ အကိုက်အခဲပျောက်ဆေးများနေရာ၌ အစားထိုးအသုံးပြုနိုင်မည့်ဆေး ဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ခွဲစိတ်ကုသမှုခံယူထားသူ လူနာ ၅၇၇ ဦးဖြင့် VX-548 ဆေးကို စမ်းသပ်ခဲ့ပြီးနောက် ၎င်းဆေး၏အာနိသင်ကို ဖော်ထုတ်တင်ပြခဲ့ကြခြင်းဖြစ်သည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ VX-548 ဆေးရယူပြီးနောက် လူနာများ၏ နာကျင်ကိုက်ခဲမှုဝေဒနာမှာ ၄၈ နာရီအတွင်း ပို၍သက်သာလာကြောင်း သိရသည်။ KKO

## စပျစ်စေ့များကို တစ်နေ့ နှစ်ကြိမ်စားပေးပါက သွေးကြောထုံးများရောင်ရမ်းမှုကို လျှော့ချနိုင်

**ဆိုးလ် ဩဂုတ် ၈**

စပျစ်စေ့များကို တစ်နေ့ နှစ်ကြိမ် စားပေးပါက သွေးကြောထုံးများရောင်ရမ်းမှုနှင့် နာကျင်ကိုက်ခဲမှုကိုလျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဩဂုတ် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ ယွန်ဆိုးတက္ကသိုလ်မှ သုတေသနပညာရှင်များသည် သွေးကြောထုံးများရှိနေသည့် လူနာ ၂၃ ဦးဖြင့် စပျစ်စေ့၏အာနိသင်ကို လက်တွေ့စမ်းသပ်ခဲ့ကြသည်။

ထွက်ပေါ်လာသည့် ရလဒ်များအရ စပျစ်စေ့စားသုံးပြီးချိန်တွင် သွေးကြောထုံးများ (Varicose Veins) ၌ သွေးလည်ပတ်မှု ပိုကောင်းလာပြီး နာကျင်မှုကျဆင်းသွားသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ စပျစ်စေ့စားပြီးချိန်တွင် သွေးကြောထုံးရှိရာနေရာများ၏ သွေးလည်ပတ်မှုမှာ တစ်စက္ကန့်လျှင် ငါးစင်တီမီတာပိုမြန်လာကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

စပျစ်စေ့တွင်ပါဝင်သည့် Pro-anthocyanidin ခေါ် အောက်ဆီဂျင်ဓာတ်ဖျက်ပစ္စည်းတစ်မျိုးသည် သွေးလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

အဆိုပါ ဓာတုပစ္စည်းကြောင့် သွေးကြောများပျော့ပျောင်းလာပြီး သွေးလည်ပတ်မှုပိုမိုအားကောင်းလာခြင်းဖြစ်နိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပီအက်စ်ဂျီအသင်းက ဂွန်ကာလိုရာမို့စ်ကို တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူ

**ပဲရစ် ဩဂုတ် ၈**

ပီအက်စ်ဂျီ အသင်းသည် တိုက်စစ်ပိုင်းအတွက် ဘင်ဖီကာအသင်းမှ တိုက်စစ်မှူးဂွန်ကာလိုရာမို့စ်ကို အပြီးသတ်ဝယ်ယူခွင့်ပါသည့် တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ကြောင်း Yahoosports.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူး ဂွန်ကာလိုရာမို့စ်သည် ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပေါ်တူဂီအသင်းအတွက် ပထမဆုံး ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ၎င်း၏ခြေစွမ်းပိုင်းကို ဥရောပထိပ်သီးကလပ်အသင်းများက စိတ်ဝင်စားခဲ့သကဲ့သို့ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင်လည်း ဘင်ဖီကာအသင်းတွင် ပြိုင်ပွဲစုံ ၄၇ ပွဲ၌ သွင်းဂိုး ၂၇ ဂိုးထိသွင်းယူ ခြေစွမ်း ပြသနိုင်ခဲ့သောကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ဘင်ဖီကာအသင်းနှင့် သဘောတူညီချက်တွင် ကစားသမားအနေဖြင့် အငှားစာချုပ်သက်တမ်း ကုန်ဆုံးပါက ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၈၀ ဖြင့် အပြီးသတ်ခေါ်ယူနိုင်မည်ဖြစ်ကာ ငါးနှစ်သဘောတူ စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

လက်ရှိတွင် ပီအက်စ်ဂျီအသင်းသည် အသင်းမှထွက်ခွာရန်ပြင်ဆင်နေသည့် အမ်ဘက်ပီနှင့်နေမာတို့ နေရာတွင် အစားထိုးနိုင်ရန်အတွက် ခြေစွမ်းပြ တိုက်စစ်မှူးများကို ပစ်မှတ်ထား ခေါ်ယူလျက်ရှိပြီး တိုက်စစ်မှူး ဂွန်ကာလိုရာမို့စ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့သည့်အပြင် ဘာစီလိုနာအသင်းတောင်ပံကစားသမား ဒမ်ဘီလီကိုခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် လက်ရှိအပြောင်းအရွှေ့ကာလတွင် စကရင်နေးယား၊ အဆန်စီယို၊ အူဂါတီ၊ လီကန်အင်၊ လူးကပ်ဟာနန်ဒက်စ်၊ အန်ဒူအာ၊ တီးနက်စ်၊ ဒမ်ဘီလီနှင့် ဂွန်ကာလိုရာမို့စ် စသည့်ကစားသမားသစ် ကိုးဦးထိခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။ ML




## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာကစားသမားဟောင်း အင်နီယေစတာ ယူအေအီးကလပ် အမ်းမရိတ်ကလပ်အသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။
- ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့်တွင် ကိုလံဘီယာအသင်းက ဂျမေကာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ပြင်သစ်အသင်းက မော်ရိုကိုအသင်းကို လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ယူ၍ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။
- ဒူးဒဏ်ရာခွဲစိတ်ထားသည့် တိုက်စစ်မှူး အန်ကူကူသည် လီဗာပူးအသင်းနှင့် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်အပါအဝင် ရာသီအစပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း ချဲလ်ဆီးအသင်းက ထုတ်ပြန်ခဲ့သည်။ ML

# DAZN ရုပ်သံလိုင်းက အင်္ဂလန်တွင် ဆော်ဒီပရီလီဂ်ပြိုင်ပွဲများ ပြသခွင့်ရရှိခဲ့ကြောင်း ထုတ်ပြန်




**လန်ဒန် ဩဂုတ် ၈**

အင်္ဂလန်နိုင်ငံ အခြေစိုက် အားကစားမီဒီယာ ကုမ္ပဏီတစ်ခုဖြစ်သည့် DAZNရုပ်သံလိုင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဆော်ဒီပရီလီဂ်ပြိုင်ပွဲများကို အင်္ဂလန်နိုင်ငံတွင် ဘောလုံးရာသီ တစ်ရာသီ ပြသခွင့်ရရှိခဲ့ကြောင်းဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆော်ဒီပရီလီဂ်သည် ယခုအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၅၀ ထိအသုံးပြုခဲ့ပြီး အင်္ဂလန်ပရီးမီးယားလိဂ် ထိပ်သီးကလပ်များမှ ဟန်ဒါဆန်၊ ဖာမင်နို၊ ရှုဘင်နီဇက်အပါအဝင် ကစားသမားအများအပြားခေါ်ယူခဲ့သည့်အပြင် အခြားဥရောပထိပ်သီးကလပ်အသင်းများမှလည်း တိုက်စစ်မှူးဘင်ဇီမားအပါအဝင် ခြေစွမ်းပြကစားသမားများကို ခေါ်ယူခဲ့သောကြောင့် DAZN ရုပ်သံလိုင်းက အင်္ဂလန်မှ ဘောလုံးပရိသတ်များအတွက် ဆော်ဒီပရီလီဂ်ပြိုင်ပွဲများထုတ်လွှင့်ခွင့်ရရှိရန်ကြိုးပမ်းခဲ့ရာ ဘောလုံးရာသီတစ်ရာသီစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး ထုတ်လွှင့်ပြသခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

DAZN ရုပ်သံလိုင်းအနေဖြင့် တစ်ပတ်လျှင် သုံးပွဲထိထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကာ တိုက်စစ်မှူး စီရော်နယ်ဒိုပါဝင်သည့် အယ်နာဆာအသင်းပွဲစဉ်ကို အဓိကထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲများမှ လာမည့်သောကြာနေ့တွင် စတင်မည့် အယ်အာလီအသင်းနှင့် အယ်ဟာဇ်အသင်းတို့ ပွဲစဉ်ကို စတင်ထုတ်လွှင့်ပေးမည်ဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလက စီရော်နယ်ဒိုသည် ဆော်ဒီပရီလီဂ်အယ်နာဆာအသင်းသို့ပြောင်းရွှေ့ခဲ့ပြီးနောက် SkySport ရုပ်သံလိုင်းက ဆော်ဒီပရီလီဂ်ပြိုင်ပွဲများကို ရာသီဝက်ထုတ်လွှင့်ခွင့်ရယူနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အင်္ဂလန်ဘောလုံးပရိသတ် များအတွက် ဆော်ဒီပရီလီဂ်ပြိုင်ပွဲများ ပြသခွင့်ကို DAZN ရုပ်သံလိုင်းက တစ်ရာသီ Live Sream ထုတ်လွှင့်ခွင့်ရရှိခဲ့ကြောင်း သိရသည်။ ML

# ဝုဗ်အသင်းနည်းပြ လိုပက်တီဂူက အသင်းနှင့်လမ်းခွဲရန်ပြင်ဆင်

**လန်ဒန် ဩဂုတ် ၈**

ဝုဗ်အသင်းနည်းပြ လိုပက်တီဂူက ပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပရန် ရက်ပိုင်းအလိုတွင် အသင်းနှင့် စာချုပ်ဖျက်သိမ်းပြီး လမ်းခွဲရန်အတွက် ပြင်ဆင်လျက်ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြလိုပက်တီဂူသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလက ဝုဗ်အသင်းရလဒ်များ ဆိုးရွားနေချိန်တွင် တာဝန်ယူ ကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းကို တန်းဆင်းဇုန်မှလွတ်မြောက်အောင်စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပြီး လက်ရှိတွင် အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသူဖြစ်သည်။

ဝုဗ်အသင်းသည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ အဓိက ကစားသမား ရှုဘင်နီဇက်အပါအဝင်ကစားသမားအချို့ကို ဆုံးရှုံးခဲ့ရသော်လည်း ကစားသမားခေါ်ယူမှုမပြုလုပ်သေးဘဲ အစောပိုင်းက နည်းပြလိုပက်တီဂူက အဲလက်စ်တော့ကိုခေါ်ယူပေးရန် တောင်းဆိုခဲ့သော်လည်း ဝုဗ်အသင်းတာဝန်ရှိသူများက ခေါ်ယူပေးနိုင်ခြင်းမရှိခဲ့ဘဲ ဘုန်းမောက်အသင်းသို့ လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။

လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှုအပိုင်းနှင့် ပတ်သက်ပြီး ဝုဗ်အသင်း တာဝန်ရှိသူများနှင့် နည်းပြ လိုပက်တီဂူတို့အကြား သဘောထား တင်းမာမှုများရှိနေသည့်အတွက် နည်းပြလိုပက်တီဂူက အသင်းနှင့် စာချုပ်ဖျက်သိမ်းပြီး လမ်းခွဲရန်ပြင်ဆင်နေကာ ဝုဗ်အသင်းကလည်း နည်းပြလိုပက်တီဂူ နုတ်ထွက်ခဲ့ပါက ဘုန်းမောက်အသင်းနှင့်လမ်းခွဲခဲ့ပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြ အိုနေးလ်ကိုခေါ်ယူရန် ပြင်ဆင်ထားကြောင်း သိရသည်။ STA

# လူငယ်တိုက်စစ်မှူး အန်ဆူဖာတီ ဘာစီလိုနာအသင်းမှထွက်ခွာရန် သဘောတူညီမှုရရှိ

**ဘာစီလိုနာ ဩဂုတ် ၈**

ဘာစီလိုနာအသင်း အကယ်ဒမီထွက် တိုက်စစ်မှူး အန်ဆူဖာတီသည် ခြေစွမ်းပြသနိုင်သည့်ကစားသမားတစ်ဦး ဖြစ်သော်လည်း နည်းပြဇာဗီလက်ထက်တွင် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးခဲ့သဖြင့် အသင်းမှထွက်ခွာရန် တောင်းဆိုခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း Get Football သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြဇာဗီသည် ကြံ့ခိုင်မှုအားနည်းသည့် လူငယ်ကစားသမား အန်ဆူဖာတီကို အသင်းအနာဂတ်စီမံကိန်းတွင် ထည့်သွင်းခဲ့ခြင်းမရှိသောကြောင့် ကစားသမားအနေဖြင့် အသင်းမှထွက်ခွာရန်တောင်းဆိုခဲ့ရာ အသင်းအနေဖြင့် ထွက်ခွာခွင့်ပြုခဲ့ပြီး ကမ်းလှမ်းလာမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ပြီးခဲ့သည့် ဘောလုံးရာသီက တိုက်စစ်မှူး အန်ဆူဖာတီကို ပရီးမီးယားလိဂ် ကလပ်အသင်းများအပါအဝင် ပီအက်စ်ဂျီအသင်းတို့က အပြိုင်ကမ်းလှမ်းမှု ပြုလုပ်ခဲ့သော်လည်း ယခုအခါ ကစားသမားအနေဖြင့် ဒဏ်ရာပြဿနာများဖြင့်သာ ရုန်းကန်နေရသောကြောင့် ပွဲထွက်ကစားခွင့် ၁၄ ပွဲသာရရှိခဲ့ပြီး လက်ရှိအပြောင်းအရွှေ့ကာလတွင် တရားဝင် ကမ်းလှမ်းလာသည့် အသင်းမရှိသေးခြင်းဖြစ်သည်။



အသက် ၂၀ ရှိလူငယ်တိုက်စစ်မှူး အန်ဆူဖာတီ၏ စွမ်းဆောင်ရည်ပိုင်းကို ပီအက်စ်ဂျီအသင်းနည်းပြသစ် အန်းရစ်က နှစ်သက်မှုရှိသော်လည်း ၎င်းအနေဖြင့်ခေါ်ယူရန် ပြောကြားမှုမရှိဘဲ ဘာစီလိုနာအသင်းမှ ဂိုးသမား တီးနက်စ်နှင့် တောင်ပံကစားသမား ဒမ်ဘီလီတို့ကိုသာ ခေါ်ယူခဲ့သည်။

တိုက်စစ်မှူး အန်ဆူဖာတီသည် ဘာစီလိုနာအသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေပြီး စာချုပ်ဖျက်သိမ်းကြေး ယူရို တစ်ဘီလီယံရှိသောကြောင့် ၎င်းကိုစိတ်ဝင်စားမည့်အသင်းများအနေဖြင့် ငွေကြေးအမြောက်အမြား သုံးစွဲရမည်ဖြစ်သောကြောင့် ကမ်းလှမ်းမှုပြုလုပ်ရန် ချင့်ချိန်နေရသော်လည်း ယခုအခါအသင်းအနေဖြင့် တရားဝင် ထွက်ခွာခွင့်ပြုခဲ့သဖြင့် ၎င်းသည် လက်ရှိအပြောင်းအရွှေ့တွင် ဥရောပကလပ်အသင်းတစ်ခုခုသို့ပြောင်းရွှေ့ကစားရန် သေချာလျက်ရှိကြောင်း သိရသည်။ ML

# အင်တာမီယာမီအသင်း ပူးတွဲပိုင်ရှင်ဒေးဗစ်ဘက်ခမ်းက ဂိုးသမား နစ်မာမန်းကို စာချုပ်ဖျက်သိမ်းပြီး အသင်းမှထုတ်ပယ်



**ဝါရှင်တန် ဩဂုတ် ၈**

အင်တာမီယာမီအသင်း ပူးတွဲပိုင်ရှင် ဒေးဗစ်ဘက်ခမ်းက မက်ဆီကိုခေါ်ယူစဉ်က နှောင့်ယှက်မှုများ ပြုလုပ်ခဲ့သည့်ဂိုးသမား နစ်မာမန်းကို စာချုပ်ဖျက်သိမ်းကာ အသင်းမှ ထုတ်ပယ်ခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်တာမီယာမီအသင်း ပူးတွဲပိုင်ရှင်ဖြစ်သည့် ဒေးဗစ်ဘက်ခမ်းက ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် မက်ဆီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် နှစ်နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းက မက်ဆီကို အင်တာမီယာမီအသင်းထံခေါ်ယူရန်အတွက် ကြိုးပမ်းလျက်ရှိနေသည့်အချိန်တွင် ဂိုးသမား နစ်မာမန်းက "အသင်းအနေနဲ့ မက်ဆီကို အခုချိန်မှာ ခေါ်ယူဖို့အတွက် အသင့်မဖြစ်သေးဘူးထင်ပါတယ်။ ကျွန်တော့်တို့ကွင်းကလဲ လက်ရှိအချိန်မှာ ယာယီကွင်းအဆင့်ပဲရှိပါသေးတယ်။ အသင်းရဲ့ကွင်းထဲမှာလဲ ကစားသမားတွေအနေနဲ့ လုံခြုံရေးမရှိဘဲ ထွက်သွားနေရတာပါ။ မက်ဆီအနေနဲ့ အင်တာမီယာမီကို လာဖို့မသင့်သေးဘူးလို့ ထင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိ မေဂျာလိဂ်ပြိုင်ပွဲ၏ စည်းမျဉ်း စည်းကမ်းများအရ ဘောလုံးရာသီမပြီးဆုံးမီအချိန်တွင် အသင်းမှ ကစားသမားတစ်ဦးကို စာချုပ်ဖျက်သိမ်းလိုပါက စာချုပ်ဖျက်သိမ်းခွင့်ရှိသည်ဆိုသည့်အချက် ပါဝင်နေသည့်အတွက် ဒေးဗစ်ဘက်ခမ်းကလည်း မက်ဆီကိုခေါ်ယူစဉ်က နစ်မာမန်းအနေဖြင့် နှောင့်ယှက်မှုပြုလုပ်သည်ဟု ယူဆသည့်အတွက် စာချုပ်ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# ဝက်စ်ဟမ်းအသင်းက မက်ဂွဲယားကို စတာလင်ပေါင် သန်း ၃၀ ဖြင့် ဒုတိယအကြိမ်ကမ်းလှမ်း

**မန်ချက်စတာ ဩဂုတ် ၈**

ဝက်စ်ဟမ်းအသင်းသည် မန်ယူအသင်းက လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အရောင်းစာရင်း တင်သွင်းထားသည့် ခံစစ်ကစားသမား မက်ဂွဲယားကို စတာလင်ပေါင် ၁၀ သန်း တိုးမြှင့်ပြီးစတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် ဒုတိယအကြိမ် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေသည်ဟု မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် လက်စတာအသင်းမှ မန်ယူအသင်းသို့ပြောင်းရွှေ့ကစားခဲ့သည့် မက်ဂွဲယားသည် အသင်းနှင့်ပထမဆုံး ဘောလုံးရာသီတွင်ပင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခွင့်ရရှိခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းကို နည်းပြ တန်ဟတ်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရသူဖြစ်သည်။

မန်ယူအသင်းကလည်း လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အိုနာနာ၊ မေဆင်မောင့်နှင့် ဟိုက်လန်းတို့ကို စတာလင်ပေါင် သန်း ၁၀၀ ကျော် အသုံးပြုခေါ်ယူခဲ့ပြီးနောက် အသင်းဘဏ္ဍာရေး အကျပ်အတည်းကြောင့် အသင်းမှ ကစားသမားများကို ရောင်းချရန် စီစဉ်နေပြီးအသင်းက ရောင်းချမည့် ကစားသမားစာရင်းတွင် ပါဝင်နေခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းက ဒီကလန်ရိုက်ကိုရောင်းချခဲ့ပြီးနောက် ကစားသမားသစ်များ ခေါ်ယူအင်အားဖြည့်တင်းရန်ပြင်ဆင်နေပြီး မက်ဂွဲယားကို ပထမအကြိမ်အဖြစ် စတာလင်ပေါင် သန်း ၂၀ ဖြင့်ကမ်းလှမ်းခဲ့သော်လည်း မန်ယူအသင်းက ပယ်ချခဲ့သည့်အတွက် ယခုအခါ ဒုတိယအကြိမ်အဖြစ် စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန်ဆွေးနွေးလျက်ရှိနေကြောင်း သိရသည်။

STA

# LIV Golf Greenbrier ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့် အမေရိကန်ကစားသမား ဒီချန်ဘိုကို ဂျွန်ရမ်းက ချီးကျူးစကားပြောကြား



**ဝါရှင်တန် ဩဂုတ် ၈**

ဂေါက်သီးရိုက် လောကတွင် ကမ္ဘာ့အဆင့်(၁) နေရာအတွက် စပိန်ဂေါက်သီးရိုက် ကစားသမား ဂျွန်ရမ်းနှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဒီချန်ဘိုတို့သည် အပြိုင်အဆိုင်ဖြစ်ခဲ့ကြသလို PGA Tour တွင် ကျင်လည်ခဲ့ကြသည့် ကာလတစ်လျှောက် ရင်းနှီးသော မိတ်ဆွေများအဖြစ် ဆက်ဆံခဲ့ကြသည်။

သို့သော်လည်း LIV Golf အဖွဲ့ချုပ်ပေါ်ပေါက်လာခဲ့ပြီးနောက် PGA Tour မှ LIV Golf အဖွဲ့ချုပ်သို့ကူးပြောင်းခဲ့သည့် ဒီချန်ဘိုနှင့် ဂျွန်ရမ်းတို့ကြား ဆက်ဆံရေး အေးသွားခဲ့ပြီးနောက် ဩဂုတ် ၆ ရက်တွင် အမေရိကန်နိုင်ငံ အနောက်ဗာဂျီးနီးယားပြည်နယ်တွင် ကျင်းပခဲ့သည့် LIV Golf Greenbrier ပြိုင်ပွဲတွင် ဒီချန်ဘိုသည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းအပေါ် ဂျွန်ရမ်းက ချီးကျူးစကားပြောကြားခဲ့ကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီချန်ဘိုသည် သုံးရက်တာ ယှဉ်ပြိုင်ရသည့် LIV Golf Greenbrier ပြိုင်ပွဲ၏ နောက်ဆုံးနေ့တစ်ရက်တည်း၌ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်ထိလျော့ရိုက်နိုင်ခဲ့ပြီး နောက်ဆုံးနေ့တွင် Birdies ရိုက်ချက် ၁၃ ကျင်းရရှိခဲ့ပြီး Par သုံးကျင်းနှင့် Bogey တစ်ကျင်း ရခဲ့သည်။

ဂျွန်ရမ်းက "ဘယ်လိုနေရာမှာ ဘယ်လိုဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်စေ ၁၈ ကျင်းမှာ သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်နိုင်ခဲ့တယ်ဆိုတာဖြစ်ခဲပါတယ်။ ဒီချမ်ဘိုအနေနဲ့ LIV Golf Greenbrier ပြိုင်ပွဲရဲ့ နောက်ဆုံးနေ့မှာ ကစားပြနိုင်ခဲ့တယ်။ ဒီချန်ဘိုရဲ့ အံ့အားသင့်ဖွယ်ရာ စွမ်းဆောင်ရည်နဲ့ ချန်ပီယံဖြစ်ခဲ့ခြင်းအပေါ် ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# လိုက်ဝိတ်တန်း လက်ရှိချန်ပီယံဆုကို ပထမဦးဆုံးအကြိမ် ရီစီမို ကာကွယ်ထိုးသတ်မည်

**လန်ဒန် ဩဂုတ် ၈**

WBA Continental လိုက်ဝိတ်တန်း လက်ရှိချန်ပီယံ ဗြိတိန်လက်ဝှေ့သမား ရီစီမိုသည် လက်ရှိချန်ပီယံဆုကို ပထမဦးဆုံးအကြိမ် ကာကွယ်ထိုးသတ် သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရီစီမိုသည် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်ကို အင်္ဂလန်နိုင်ငံ ရှက်ဖီးမြို့တွင် အောက်တိုဘာ ၆ ရက်၌ ထိုးသတ်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သော်လည်း ထိုးသတ်မည့်ပြိုင်ဘက်ကို ရွေးချယ်နေဆဲဖြစ်ပြီး ၎င်းတို့တောင်းဆိုသည့် အချက်အလက်ကို လိုက်လျောနိုင်မည့်လက်ဝှေ့သမားအား ရွေးချယ်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ရီစီမိုသည် ယခုနှစ် ဖေဖော်ဝါရီလတွင် ဗြိတိန်လက်ဝှေ့သမား ဟာမက်ဂက်ဇ်နှင့် ထိုးသတ်ခဲ့ပြီး ရီစီမိုက ဒိုင်အမှတ်ဖြင့်အနိုင်ရရှိခဲ့ကာ ဇွန်လတွင်လည်း ရီစီမိုသည် မက္ကဆီကိုလက်ဝှေ့သမား ဖလောရက်စ်နှင့်ထိုးသတ်ခဲ့ပြီး လေးချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ရီစီမိုသည် လက်ဝှေ့သမားဘဝတွင် စိန်ခေါ်ပွဲပေါင်း ၁၉ ပွဲထိုးသတ်ထားကာ ၁၈ ပွဲထိ အနိုင်ရရှိထားပြီး တစ်ပွဲသာ ရှုံးနိမ့်ထားသူလည်း ဖြစ်သည်။

ရီစီမိုသည် ဟာမက်ဂက်ဇ်ကို အနိုင်ရရှိခဲ့ပြီး WBA Continental လိုက်ဝိတ်တန်းချန်ပီယံဖြစ်လာခဲ့သူဖြစ်ပြီး ဖလောရက်စ်နှင့် ထိုးသတ်ခဲ့သောပွဲစဉ်မှာ ချန်ပီယံ စိန်ခေါ်ပွဲစဉ် မဟုတ်သည့်အတွက် ရီစီမိုအနေဖြင့် လက်ရှိချန်ပီယံဆုကို ပထမဦးဆုံးအကြိမ် ကာကွယ်သွားမည်ဖြစ်ပြီး ထိုးသတ်သွားမည့် ပြိုင်ဘက်၏အမည်စာရင်းကိုလည်း လာမည့်ရက်ပိုင်းအတွင်း ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

AZL



# National Bank Open တင်းနစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် အဇာရင်ခါနှင့် ပလစ်ချ်ကိုဗာတို့ နိုင်ပွဲကိုယ်စီရရှိ

**မွန်ထရီရယ် ဩဂုတ် ၈**

ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့တွင်ကျင်းပနေသည့် National Bank Open တင်းနစ်ပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် နာမည်ကြီးတင်းနစ်မယ်များဖြစ်ကြသော ဘီလာရုစ်တင်းနစ်မယ် အဇာရင်ခါ၊ ချက်တင်းနစ်မယ် ပလစ်ချ်ကိုဗာတို့သည် နိုင်ပွဲကိုယ်စီရရှိကာဒုတိယအဆင့်သို့တက်ရောက်ခဲ့ကြောင်း ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဇာရင်ခါသည် ပထမအဆင့်တွင် ပိုလန်တင်းနစ်မယ် လင်နက်တီနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး အဇာရင်ခါက (၆-၃ ၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး အခြားသောပွဲစဉ်တစ်ပွဲအဖြစ် ချက်တင်းနစ်မယ် ပလစ်ချ်ကိုဗာက တရုတ်တင်းနစ်မယ် ဝူလင်နှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး ပလစ်ချ်ကိုဗာက (၆-၃၊ ၆-၇၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်ခဲ့ကြဖူးသည့် အဇာရင်ခါနှင့် ပလစ်ချ်ကိုဗာတို့သည် ပထမအဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့သော်လည်း ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်မိုးရွာသွန်းခဲ့သည့်အတွက် ပွဲချိန်မှာ အနည်းငယ်နှောင့်နှေးကြန့်ကြာခဲ့ရသည့်အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသည်။

ပလစ်ချ်ကိုဗာက "ပထမအဆင့်ဆိုပေမဲ့လဲ တော်တော်လေးကို ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲပါ။ ပြိုင်ဘက်ကစားသမားကလဲ အနိုင်ရလဒ်အတွက် အကောင်းဆုံးကြိုးစားကစားခဲ့တယ်။ပထမပွဲငယ်မှာ ကစားရတာ အဆင်ပြေခဲ့ပေမဲ့လဲ ဒုတိယပွဲငယ်မှာ tie-break ထိ ကစားခဲ့ရပြီးတော့ tie-break မှာ ရှုံးနိမ့်ခဲ့ရလို့ တတိယပွဲငယ်ကိုဆက်လက်ယှဉ်ပြိုင်ကစားခဲ့တယ်။ တတိယပွဲငယ်မှာ အမှားနည်းအောင်ပြင်ဆင်နိုင်ခဲ့လို့ ပြတ်သားတဲ့ရလဒ်နဲ့အနိုင်ရရှိခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း

# တစ်ကျော့ပြန် ငှက်ဖျား

ဒေါက်တာလွှမ်းမိုးဟန်

ရာသီဥတုဖောက်ပြန်မှုက ကမ္ဘာကြီးအတွက် အရေးကြီးသည့် စိန်ခေါ်မှုဖြစ်သည်။ ရာသီဥတုဖောက်ပြန်ခြင်းက ကပ်ဘေးတစ်ခုဖြစ်သကဲ့သို့ ရာသီဥတုဖောက်ပြန်မှုကြောင့် စားနပ်ရိက္ခာရှားပါးပြီး ငတ်မွတ်ခေါင်းပါးခြင်း၊ ရောဂါအနာတရ ထူပြောခြင်းစသည့်ကပ်ဘေးများကိုပါ တစ်ဆက်တစ်စပ်တည်း ဖြစ်ပွားစေနိုင်သည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် တစ်ကျော့ပြန် ခေါင်းထောင်လာနိုင်သည့် ကူးစက်ရောဂါများထဲတွင် ငှက်ဖျားရောဂါလည်း ပါဝင်သည်။

ကမ္ဘာတစ်ဝန်းတွင် ငှက်ဖျားရောဂါကိုအမြစ်ဖြတ်နိုင်စေရန် ပြင်ဆင်နေကြသည်။ သို့သော် မကြာသေးမီက ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများနှင့်အတူ ငှက်ဖျားပိုး သယ်ဆောင်သည့် ခြင်များ နေရာအတော်များများသို့ ပျံ့နှံ့ရောက်ရှိသွားခဲ့သည်။ ငှက်ဖျားရောဂါအပေါ် ရာသီဥတုဖောက်ပြန်မှုများ၏ အကျိုးသက်ရောက်မှုအလားအလာနှင့်ပတ်သက်လာလျှင် ပညာရှင်များ အမြင်ချင်းမတူတတ်ကြပေ။ တချို့ကလည်း ငှက်ဖျားတိုက်ဖျက်ရေးနှင့်ပတ်သက်သည့်စီမံချက်များကို ပုံမှန်သာလုပ်သွားကြပါ၊ ရာသီဥတု၏ ငှက်ဖျားရောဂါအပေါ် အကျိုးသက်ရောက်မှု ကြီးကြီးမားမား မရှိနိုင်ဟုဆိုကြသည်။

အချို့ပညာရှင်များက ရာသီဥတုဖောက်ပြန်မှုများကြောင့် လာမည့်ဆယ်စုနှစ်များအတွင်း ငှက်ဖျားရောဂါကူးစက်ခံရသူ ပိုမိုများပြားလာမည်ဟု ဆိုကြပြန်သည်။ နိုင်ငံစုံအစိုးရများပါဝင်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးများတွင် ၂၀၃၀ ပြည့်လွန်နှစ်များအတွင်း ကမ္ဘာကြီးပူနွေးလာမှုကြောင့် အာဖရိကအရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ငှက်ဖျားကူးစက်ခံရသူ ၅၁ သန်းမှ ၆၂ သန်းထိ ရှိလာမည်ဟုခန့်မှန်းနေကြသည်။

ယနေ့ကမ္ဘာကြီးက ခရစ်နှစ် ၁၈၀၀ ပြည့်နှစ်က ကမ္ဘာကြီးထက် ၁ ဒသမ ၁ ဒီဂရီစင်တီဂရိတ်ပိုပြီး ပူနေသည်။ ရာသီဥတုဖောက်ပြန်မှု များစွာနှင့်သဘာဝဘေးအန္တရာယ်ကျရောက်မှုများစွာ ဖြစ်ပွားလျက်ရှိနေသည်။ ငှက်ဖျားရောဂါကူးစက်ပျံ့နှံ့မှု တစ်ဖန်များပြားလာခြင်းကိုလည်း လတ်တလောတွင် တွေ့နေရပါပြီ။ မကြာသေးမီကာလများက ပါကစ္စတန်နှင့် မိုဇမ်ဘစ်နိုင်ငံတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ငှက်ဖျားလူနာသစ်များတွေ့ရှိလာကြရသည်။ အမေရိကန်နိုင်ငံ၌ပင်လျှင် နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံး ဒေသတွင်းငှက်ဖျားကူးစက်မှုကို တွေ့ရှိဖော်ထုတ်နိုင်ခဲ့သည်။

အယ်လ်နီညိုဟုနာမည်ကျော်သည့် ရာသီဥတုအခြေအနေက ကမ္ဘာ့အပူချိန်ကို ပိုပြီးမြင့်တက်စေသည်။ ရာသီစက်ဝန်းကို ကမောက်ကမ ဖြစ်စေသည်။ အယ်လ်နီညိုရာသီအောက်တွင် ငှက်ဖျားပိုးသယ်ဆောင်သည့်ခြင်များက ပိုပြီးအသက်ရှင်သန်နေထိုင်နိုင်ကြသည်။ ငှက်ဖျားရောဂါဆိုသည်ကလည်း ခြင်မှတစ်ဆင့် ကူးစက်ခံရသည့်ရောဂါဖြစ်ခြင်းကြောင့် ငှက်ဖျားပိုး သယ်ဆောင်သည့် ခြင်များအပေါ် ရာသီဥတုသက်ရောက်မှုအခြေအနေကိုစောင့်ကြည့်လေ့လာရန် အရေးကြီးလာသည်။

ငှက်ဖျားရောဂါပိုးသည် Parasite ဟုခေါ်သည့် ကပ်ပါးပိုးအမျိုးအစားဖြစ်သည်။ ၎င်းကပ်ပါးပိုးကို လူသားထံ ပို့ဆောင်ပေးသူက အနောဖလိခြင် အမျိုးအစားဖြစ်သည်။ ပူနွေးသည့်ရာသီဥတုတွင် အနောဖလိခြင် ရှင်သန်နေထိုင်သည့်ငှက်ဖျားကပ်ပါးပိုး၏ ကြီးထွားမှုစက်ဝန်းက ပိုမိုမြန်ဆန်သည်။ ငှက်ဖျားပိုးများက ပူပြင်းသည့်ရာသီ၌ မြန်မြန်အရွယ်ရောက်လာကြသည်။ တစ်ဖန် နွေနေ့ရက်များ ရှည်ကြာလေလေ၊ မအေးသည့်ဆောင်းဥတုများ များလာလေလေ အနောဖလိခြင်များ ပိုပြီးအသက်ရှည်လေလေ၊ မျိုးဆက်ပွားလေလေဖြစ်သည်။

❖ ငှက်ဖျားရောဂါပိုးသည် Parasite ဟုခေါ်သည့် ကပ်ပါးပိုးအမျိုးအစားဖြစ်သည်။ ၎င်းကပ်ပါးပိုးကို လူသားထံ ပို့ဆောင်ပေးသူက အနောဖလိခြင် အမျိုးအစားဖြစ်သည်။ ပူနွေးသည့်ရာသီဥတုတွင် အနောဖလိခြင် ရှင်သန်နေထိုင်သည့် ငှက်ဖျားကပ်ပါးပိုး၏ ကြီးထွားမှုစက်ဝန်းက ပိုမိုမြန်ဆန်သည်။ ငှက်ဖျားပိုးများက ပူပြင်းသည့်ရာသီ၌ မြန်မြန်အရွယ်ရောက်လာကြသည်။ တစ်ဖန် နွေနေ့ရက်များ ရှည်ကြာလေလေ၊ မအေးသည့်ဆောင်းဥတုများ များလာလေလေ အနောဖလိခြင်များ ပိုပြီး အသက်ရှည်လေလေ၊ မျိုးဆက်ပွားလေလေဖြစ်သည်။ ❖

အကျိုးဆက်အနေဖြင့် ယခင်က ငှက်ဖျားပိုးမရှိခဲ့၊ ငှက်ဖျားမဖြစ်ဖူးခဲ့ကြသည့်ဒေသများတွင် ရာသီဥတုပူနွေးလာသည့်အခါ အနောဖလိခြင်များ ရောက်လာကြပြီး ငှက်ဖျားခံနိုင်ရည်မရှိသေးသည့် ဒေသခံများကို ပြင်းထန်ငှက်ဖျားများ ဖြစ်ပွားလာစေတော့သည်။ ဥပမာအားဖြင့် အပူပိုင်းဒေသများမှ ကုန်းမြင့်ပိုင်းများသည် ယခင်က ငှက်ဖျားဖြစ်ပွားလေ့မရှိ။ ယနေ့အချိန်တွင် ၎င်းကုန်းမြင့်ဒေသများ၌ ငှက်ဖျားလူနာများ တွေ့လာကြရပြီ။ အီသီယိုးပီးယား၊ ကိုလံဘီယာနိုင်ငံတို့နှင့် အာရှတိုက်နိုင်ငံတချို့မှ တစ်ချိန်က ငှက်ဖျားကူးစက်ခြင်း မရှိဖူးသည့်ဒေသများတွင် ငှက်ဖျားရောဂါများ စတင်ဖြစ်ပွားနေကြသည်။

ရာသီဥတုဖောက်ပြန်သည့်အခါ လူအုပ်စုလိုက် မိမိနေရပ်ကို စွန့်ခွာကြရသည်။ ငှက်ဖျားမရှိသည့်ဒေသမှ ငှက်ဖျားမဖြစ်ဖူးခဲ့သည့်လူများ ငှက်ဖျားပုံမှန်ဖြစ်ပွားသည့် နေရာသစ်သို့ရောက်ရှိလာသည့်အခါ ငှက်ဖျားကူးစက်မှုအသစ်များ ဖြစ်ပေါ်လာတတ်သည်။ တစ်ဖန်ရာသီဥတုဖောက်ပြန်မှုနှင့်အတူ အစာရေစာရှားပါးပြီး အာဟာရချို့တဲ့သည့် ပြဿနာပါတွဲလာတတ်သည်။ အသက် ငါးနှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် အာဟာရချို့တဲ့သည့်ရောဂါရှိနေသည့်အခါ ကိုယ်ခံအားကျဆင်းပြီး ငှက်ဖျားဒဏ်ကို ပိုမိုပြင်းထန်စွာခံစားကြရပြန်သည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝကပ်ဘေးကြီးများဖြစ်ပွားလာပြန်လျှင်လည်း ငှက်ဖျားရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုဆိုးရွားတတ်သည်။ ၂၀၁၉ ခုနှစ်က မိုဇမ်ဘစ်နိုင်ငံတွင် အိုင်ဒေးအမည်ရ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်သွားသည့်အခါ ဒေသခံလူဦးရေ ၁ ဒသမ ၈၅ သန်း ရေဘေးဒုက္ခသည်ဖြစ်ခဲ့ရသည်။ မုန်တိုင်းပြီးသွားသော်လည်း ရေတင်ကျန်ခဲ့သည့်အတွက် ငှက်ဖျားခြင်များ အများကြီးပေါက်ဖွားခဲ့ကြသည်။ ဆိုင်ကလုန်းဒဏ်သင့်ပြည်သူများအဖို့ နေစရာအိမ်တိုင်ပင် မကျန်တော့သည့်အခါ ခြင်ထောင်ထောင်အိပ်ရန် မဖြစ်နိုင်တော့ဘဲ ငှက်ဖျားကူးစက်မှုဒဏ်ကို ခါးစည်းခံခဲ့ကြရသည်။

ပါကစ္စတန်နိုင်ငံတွင် ၂၀၂၂ ခုနှစ်အတွင်း ရေကြီးရေလျှံဘေးဒုက္ခနှင့် ရင်ဆိုင်ခဲ့ရသည်ကို မှတ်မိကြမည်ထင်ပါသည်။ ဇွန်လမှအောက်တိုဘာလအတွင်း ငါးလတာမျှ ရေမြုပ်နေသည့်ကာလတွင် ငှက်ဖျားလူနာသစ်ဦးရေ ၅၃၈၅၀၀ ရှိခဲ့ကြောင်း မှတ်တမ်းတင်ထားခဲ့သည်။ ရေမကြီးသည့် ၂၀၂၁ ခုနှစ်အတွင်း တစ်နှစ်တာလုံးတွင် ငှက်ဖျားလူနာသစ် လေးသိန်းအောက်တွင်သာ ရှိခဲ့ပုံနှင့်နှိုင်းယှဉ်လေ့လာနိုင်သည်။ The Global Fund အဖွဲ့ကြီးက ရေဘေးဒဏ်သင့် ပါကစ္စတန်နိုင်ငံအတွက် ရေပြန်ကျသွားသည့်နောက်ပိုင်း ကျန်းမာရေးစနစ်ကို ပြန်လည်ထူထောင်နိုင်ရေး အမေရိကန်ဒေါ်လာသန်း ၂၀ ပံ့ပိုးပေးခဲ့သည်။ မိုဇမ်ဘစ်နိုင်ငံအတွက်လည်း ယခု ၂၀၂၃ ခုနှစ်အတွင်းရင်ဆိုင်ခဲ့ရသည့် ဆိုင်ကလုန်းဖရက်ဒီနှင့်ရေကြီးရေလျှံမှုများကြောင့် ငှက်ဖျားတိုက်ဖျက်ရေးစီမံချက်များ၊ ထိခိုက်နစ်နာမှုများအတွက် အမေရိကန်ဒေါ်လာ တစ်သန်း ပံ့ပိုးပေးမည်ဟု ကတိပေးထားသည်။

ဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခတ်ပြီးသွားသည့်အခါ ရေကြီးရေလျှံမှုများ နောက်ဆက်တွဲဖြစ်ပွားတတ်သည်။ ထိုအခါမျိုးတွင် ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောနှင့်ငှက်ဖျားရောဂါကဲ့သို့ ကူးစက်ရောဂါများ ကူးစက်ဖြစ်ပွားမှု များတတ်သည်။ မြန်မာနိုင်ငံတွင်လည်း ရခိုင်ပြည်နယ် စစ်တွေမြို့ဝန်းကျင်ကို ဦးတည်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါအလွန် ငှက်ဖျားရောဂါများ ပြန်လည်ခေါင်းထောင်လာခြင်း ရှိ၊ မရှိ စောင့်ကြည့်ကြရန်လိုအပ်သည်။ မုန်တိုင်းဒဏ်သင့် ဒေသများသို့ လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးအပ်ကြရာတွင် ဆေးစိမ်ခြင်ထောင်များနှင့်ခြင်ဆေးဖျန်းဘူးများပါ ထည့်သွင်းပံ့ပိုးပေးကြရန် လိုအပ်သည်။

ကမ္ဘာကြီးပေါ်တွင် ရာသီဥတုဖောက်ပြန်ပြီး မုန်တိုင်းကြီးများဖြစ်မလာစေရန် ကမ္ဘာ့အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထက်ကျော်လွန်ပြီး တက်မလာစေရန် လိုအပ်သည်ဟု အားလုံးကသဘောတူညီထားကြသည်။ သို့သော် ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီး၏ ၂၀၂၃ ခုနှစ် ဇူလိုင်လ ထုတ်ပြန်ချက်အရဆိုလျှင် အယ်လ်နီညိုရာသီဥတု အခြေအနေကြောင့် ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်အတွင်း ကမ္ဘာကြီး၏ တစ်နှစ်ပျမ်းမျှအပူချိန်သည် ၁ ဒသမ ၅ ဒီဂရီထက် ပိုမိုကျော်လွန်ရန် အနေအထားရှိနေသည်ဟု သိရသည်။

အယ်လ်နီညိုရာသီဥတု အခြေအနေဖြစ်ပြီဆိုလျှင် ငှက်ဖျားကူးစက်မှုနှုန်းများတတ်ကြောင်း အတွေ့အကြုံများရှိခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် မိုးများသည့်ဒေသများတွင် ငှက်ဖျားကူးစက်မှု သိသိသာသာပိုလာတတ်သည်။ အယ်လ်နီညိုနှင့်အတူ နောက်မှလိုက်လာတတ်သည့် ရေကြီးရေလျှံမှုများကြောင့်လည်း ငှက်ဖျားထိန်းချုပ်မှုအတွက် လိုအပ်သည့် ဆေးဝါး၊ ဆေးပစ္စည်းများ သယ်ယူပို့ဆောင်ရေးသည် ကြန့်ကြာနေတတ်ပြန်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်ပွားရာနိုင်ငံများနှင့်ပူးပေါင်းပြီး ငှက်ဖျားရောဂါကူးစက်ပျံ့နှံ့မှုစောင့်ကြည့်စစ်ဆေးသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ငှက်ဖျားရောဂါဆက်စပ်မှုအခြေအနေများအရ ယနေ့ရာသီဥတုအခြေအနေစောင့်ကြည့်လေ့လာသူများထဲတွင် ငှက်ဖျားတိုက်ဖျက်ရေးဝန်ထမ်းများပါ ပါဝင်လာပြီဟုဆိုရမည်။ ယနေ့ကမ္ဘာပေါ်တွင် ငှက်ဖျားရောဂါချုပ်ငြိမ်းပြီးဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုထားသည့်နိုင်ငံ ၄၂ နိုင်ငံရှိသည်။ ၎င်းတို့အနက်မှ သုံးနိုင်ငံက ၂၀၂၃ ခုနှစ်တွင် ငှက်ဖျားကင်းလွတ်နိုင်ငံအဖြစ် အသိအမှတ်ပြု ခံရခြင်းဖြစ်သည်။

သို့သော် ယခုအခြေအနေအတိုင်း ရာသီဥတုဖောက်ပြန်မှုများနှင့် ငှက်ဖျားကူးစက်မှုအသစ်များ ဖြစ်ပွားနေဦးမည်ဆိုလျှင် ကမ္ဘာကြီးပေါ်မှ ငှက်ဖျားရောဂါ အမြစ်ဖြတ်နိုင်ရန် ကြန့်ကြာနေလိမ့်ဦးမည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက "၂၀၂၃ ကမ္ဘာ့ငှက်ဖျားရောဂါအစီရင်ခံစာ"ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဝေသွားရန်ရှိနေပြီး ၎င်းစာအုပ်ထဲတွင် ပထမဆုံးအကြိမ်အဖြစ် ရာသီဥတုပြောင်းလဲမှုများနှင့် ငှက်ဖျားရောဂါဆက်စပ်မှုကို အခန်းတစ်ခန်းဖြင့် ဖော်ပြသွားရန် ရှိနေသည်။ ၂၀၂၄ ခုနှစ်အစောပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကပင် ရာသီဥတုနှင့် ငှက်ဖျားရောဂါ ဆက်စပ်မှုများကို သုတေသနများဖြင့် အခိုင်အမာ ပြသနိုင်ရန် ကျွမ်းကျင်သူများအဖွဲ့တစ်ဖွဲ့ကို တရားဝင်ဖွဲ့စည်းဆောင်ရွက်သွားရန် ရှိနေသည်။

အနှစ်ချုပ်အားဖြင့်ဆိုရသော် ကမ္ဘာ့လူသားများကို နှစ်ပေါင်းများစွာခြိမ်းခြောက်ခဲ့သည့် ငှက်ဖျားရောဂါကို အမြစ်ဖြတ်နိုင်ရေး မျှော်မှန်းနိုင်သည့်အခြေအနေတွင်မှ ရာသီဥတုဖောက်ပြန်မှုများကြောင့် ငှက်ဖျားကပ်ပါးပိုး၊ ငှက်ဖျားပိုးသယ်ဆောင်သည့်ခြင်များ၏ ရှင်သန်ပေါက်ဖွားမှု၊ ရောဂါကူးစက်ပျံ့နှံ့စေနိုင်မှုများ ပိုမိုအားကောင်းလာစေသည့်အန္တရာယ်များကို တွေ့မြင်လာကြရသည်။ ကမ္ဘာကြီး၏အပူချိန်ကို တစ်နှစ်လျှင် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထက် ပိုမိုတက်မလာစေရေး ဆောင်ရွက်မှုသည်ပင် ငှက်ဖျားထိန်းချုပ်ရေးလုပ်ငန်းတစ်ခုဖြစ်လာမည့် အနေအထားဖြစ်သည်။ ရာသီဥတုဖောက်ပြန်မှုများနှင့် ငှက်ဖျားရောဂါ ဆက်စပ်မှုအခြေအနေများကို ပိုမိုသိရှိနိုင်ရန် ဆက်လက်လေ့လာကြပြီး ငှက်ဖျားအမြစ်ဖြတ်နိုင်ရေးရည်မှန်းချက်ကို ဆက်လက်အကောင်အထည်ဖော်ကြရန် ဖြစ်သည်။

**ကိုးကား**

- **Climate change and malaria: predictions becoming reality by UdaniSamarasekerafrom Lancet July 2023**

## ပြည်မြို့နယ် ချောင်းခြားကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပြည် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ချောင်းခြားကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းနှင့်ဝန်ထမ်းများက ချောင်းခြားကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ပြည်မြို့နယ် ချောင်းခြားကျေးရွာ၌ အရှည် တစ်မိုင် သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း၊ အရှည် ပေ ၂၀၊ အကျယ်တစ်ပေ Pipe Culvert ခြောက်စင်း တည်ဆောက်ခြင်းနှင့် အရှည် ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၈ ဒသမ ၁၃ သန်း အသုံးပြုပြီး အားမန်လွင်ကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၇ ရက်မှ စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပုဂံမြို့ရိုး၊ ရှေးဟောင်းအဆောက်အအုံနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု ၉၀ ရာခိုင်နှုန်းပြီးစီး



**နေပြည်တော် ဩဂုတ် ၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပုဂံမြို့ရိုး၊ ရှေးဟောင်းအဆောက်အအုံနှင့် သာသနိကအဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်မှုများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောပြ၍ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ထိခိုက်ခဲ့သည့် ရှေးဟောင်းအဆောက်အအုံများ၊ ဘုရားစေတီပုထိုးများကို ပြုပြင်ထိန်းသိမ်းမှုများအပြင် ပုံမှန်ပြုပြင်ထိန်းသိမ်းရမည့် ရှေးဟောင်းအဆောက်အအုံများ၊ ဘုရားစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းမှုများကို ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဘဏ္ဍာနှစ် ဇူလိုင်လက ပြီးစီးသွားသည့် ရှေးဟောင်းအဆောက်အအုံများနှင့် ဘုရားစေတီပုထိုးများတွင် ပုဂံမြို့ရိုးလည်း ပါဝင်ကြောင်း သိရသည်။

"ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့ သာသနိကအဆောက်အအုံတွေ ပြန်လည်ပြင်ဆင်မှုတွေ လုပ်ဆောင်နေသလို ရေကြီးရေလျှံဖြစ်ပေါ်ခဲ့တဲ့ နေရာတွေကိုလဲ ပြုပြင်ထိန်းသိမ်းမှုတွေကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)က ဆောင်ရွက်လျက်ရှိပါတယ်။ အခုဩဂုတ်လအတွင်းမှာ ပြုပြင်ထိန်းသိမ်းမှု ပြီးစီးသွားပြီဖြစ်တဲ့ ပုဂံမြို့ရိုးအပါအဝင် သာသနိကအဆောက်အအုံနဲ့ ရှေးဟောင်းအဆောက်အအုံ ၁၀ ခု ရှိပြီး ပြုပြင်ထိန်းသိမ်းမှုအခြေအနေကတော့ ၉၀ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်ပါတယ်"ဟု ဦးအောင်အောင်ကျော်က ပြောပြ၍ သိရသည်။ ASH

# Insidious:The Red Door

# ၂၀၂၃ ခုနှစ်၏ ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်

**နယူးယောက် ဩဂုတ် ၈**


ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Insidious:The Red Doorဇာတ်ကားသည် ၂၀၂၃ ခုနှစ်၏ဝင်ငွေအကောင်းဆုံး ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်လာကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

Insidious:The Red Door ဇာတ်ကား ရုံတင်ပြီးတစ်လအကြာတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈၂ ဒသမ ၅ သန်းထိ ရရှိထားကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ ဝင်ငွေသည် ၂၀၂၃ ခုနှစ်၏ဝင်ငွေအကောင်းဆုံး ထိတ်လန့်သည်းဖိုဇာတ်ကားအဖြစ် စံချိန်တင်ထားသော ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ M3 GAN ဇာတ်ကား၏ဝင်ငွေကို ကျော်လွန်ခဲ့ပြီး M3 GAN ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ထိရှိခဲ့သည်။

Insidious:The Red Door သည် Insidious ဇာတ်ကားများအနက် ပဥ္စမမြောက်ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ပက်ထရစ်ဝီလီဆင်က ရိုက်ကူးပေးထားပြီး မင်းသားတီဆင်ကင်း၊ ပက်ထရစ်ဝီဆင်နှင့် မင်းသမီး ရို့ဘန်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO




# ကျော်ဇော်မော်ဇော် ဇာတ်ကားကို Hey Play Application မှ ထုတ်လွှင့်မည်

**ရန်ကုန် ဩဂုတ် ၈**

Hey Play ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ရိုက်ကူးသည့် ကျော်ဇော်မော်ဇော် ရုပ်ရှင်ဇာတ်ကားကို Hey Play Application မှ ဩဂုတ်လအတွင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ပြည်ဟိန်းသီဟက ပြောပြ၍ သိရသည်။

ကျော်ဇော်မော်ဇော် ရုပ်ရှင်ဇာတ်ကားသည် စွမ်းပိုင်၏ ဝတ္ထုကို ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ပြည်ဟိန်းသီဟက ရိုက်ကူးထားသည့် ဟာသဒရာမာရုပ်ရှင်ဇာတ်ကားဖြစ်ပြီး Hey Play ရုပ်ရှင်ထုတ်လုပ်ရေး၏ မူပိုင်ရုပ်ရှင်စီးရီးများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

"အဆောင်နေတဲ့သူတွေရဲ့ နေ့စဉ်ကြုံတွေ့ရတဲ့ လူအမျိုးမျိုးစရိုက်အထွေထွေကို သိရမဲ့အပြင် အဆောင်နေတဲ့သူနဲ့ အဆောင်အုပ်ချုပ်သူကြား ကတောက်ကဆတ်တွေကို ဟာသလေးတွေရောနှောပြီး ထိထိမိမိရိုက်ကူးထားတဲ့ ဇာတ်ကားလေး ဖြစ်ပါတယ်။ အဆောင်မှာနေပြီး ဘဝကိုရုန်းကန်အရောင်းအဝယ် လုပ်စားနေတဲ့ သူငယ်ချင်းနှစ်ယောက်၊ တစ်ယောက်က ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောတဲ့ကျော်ကြီး၊ နောက်တစ်ယောက်က မပိုင်ရင် ခြင်မရိုက်တဲ့ဇော်ကြီး၊ နောက်ဆုံးမှာတော့ ပြိုင်ဘက်တွေဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုဘယ်ပုံ ကျော်ခွကြမလဲဆိုတာကို ဟာသလေးတွေနဲ့ ရှုစားကြရပါမယ်။ တစ်ဖက်မှာလဲစရိုက်မတူတဲ့ သမီးနှစ်ယောက်ကို အိမ်ထောင်မကျအောင် ဗေဒင်ယတြာတွေလုပ်ပြီး မျက်စိအောက်ကနေ အပျောက်မခံတဲ့ မော်ကြီး။ ကျော်ကြီး၊ ဇော်ကြီးတို့နဲ့ မော်ကြီးရဲ့သမီးနှစ်ယောက်နဲ့ တွေ့တဲ့အခါမှာတော့ ဘယ်လိုတွေဆက်ဖြစ်ကြမလဲဆို တာကိုတော့ Hey Play Application ကနေ ဝင်ရောက်ကြည့်ရှုပေးပါ"ဟု ဒါရိုက်တာ ပြည်ဟိန်းသီဟက ပြောပြသည်။




အဆိုပါရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ လွှမ်းပိုင်၊ ဂျိုကာ၊ သံသာမိုးသိမ့်၊ ထွန်းပုလဲ ရတနာနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ တစ်ဘီလီယံ အထက်ရှိဇာတ်ကားရိုက်ကူးနိုင်သော ပထမဆုံး အမျိုးသမီးဒါရိုက်တာ ဂရီတာဂျားဝစ် ဖြစ်လာ

**နယူးယောက် ဩဂုတ် ၈**

Barbie ဇာတ်ကားဒါရိုက်တာ ဂရီတာဂျားဝစ်သည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထက်ရှိသည့် ဇာတ်ကားတစ်ကားကို ရိုက်ကူးပေးနိုင်ခဲ့သော ပထမဆုံး အမျိုးသမီးဒါရိုက်တာဖြစ်လာကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

ဒါရိုက်တာ ဂရီတာဂျားဝစ် ရိုက်ကူးပေးခဲ့သည့် Barbie ဇာတ်ကားသည် ဩဂုတ် ၆ ရက်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို ကျော်လွန်ခဲ့ပြီဖြစ်သည်။

Barbie ဇာတ်ကားသည် The Super Mario Bros. Movie ဇာတ်ကားပြီးလျှင် ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်ခဲ့သည့် ဒုတိယမြောက်ဇာတ်ကားလည်းဖြစ်သည်။

သို့ဖြစ်ရာ ဒါရိုက်တာ ဂရီတာဂျားဝစ်မှာလည်း ကမ္ဘာတစ်ဝန်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထက်ရှိ ဇာတ်ကားကို ရိုက်ကူးပေးနိုင်သည့် ပထမဆုံးသော အမျိုးသမီးဒါရိုက်တာ ဖြစ်လာခဲ့ရကြောင်း သိရသည်။ KKO



# ခွေးတစ်ကောင်၏ အခြားတစ်ဖက် ရုပ်သံဇာတ်လမ်းတွဲကို SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် ဩဂုတ် ၈**

ခွေးတစ်ကောင်၏ အခြားတစ်ဖက် ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၁၉ ရက်မှစတင်က SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ဒီအေးလွင်က ပြောပြ၍ သိရသည်။

ခွေးတစ်ကောင်၏ အခြားတစ်ဖက် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုကို စိုးသန်းက ရေးသားထားခြင်းဖြစ်ကာ ရိုက်ကွင်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ဒါရိုက်တာ ဒီအေးလွင်က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"လူသားနဲ့ တိရစ္ဆာန်တွေကြားက မေတ္တာတရားအကြောင်းကို ပုံဖော်ထားတာပါ။ စစ်မှန်တဲ့မေတ္တာတရားရဲ့ ကြီးမားတဲ့စွမ်းအားကို သိရှိစေနိုင်မှာဖြစ်သလို ခွေးလိမ္မာကလေး J Hunter ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်လမ်းတွဲလေးပါ။ ခွေးကလေးတွေရဲ့ သခင်အပေါ် တွယ်တာမှု၊ သံယောဇဉ်နဲ့ လူတွေရဲ့လောဘ၊ မောဟတွေကို ရိုက်ကူးပြသထားတဲ့ ဇာတ်လမ်းတွဲလေးကို ဩဂုတ် ၁၉ ရက်ကစတင်ပြီးတော့ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေ ည ၉ နာရီတိုင်း SKYPREMIER HD ရုပ်သံလိုင်းမှာ ကြည့်ရှုရမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ ဒီအေးလွင်က ပြောပြသည်။

ခွေးတစ်ကောင်၏ အခြားတစ်ဖက် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဇော်ဦး၊ ကျော်ဇေယျ၊ ကျော်ဇင်ထွဋ်၊ စောမိုးဇက်၊ ကြည်ဖြူအောင်၊ ရွှေကိန္နရီ၊ မိုခမ်း၊ အေးသဇင်အောင်တို့ ပါဝင်သရုပ်ဆောင်ထားပြီး အထူးသရုပ်ဆောင်အဖြစ် ခွေးလိမ္မာကလေး J Hunter က ပါဝင်အားဖြည့် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets union level officials and officials of union ministries





Senior General Min Aung Hlaing meets union level dignitaries and officials from various union ministries.

**Nay Pyi Taw August 8**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met union level officials and officials of union ministries in Ngu Shwewa Hall at his office here this morning.

Present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC members, union level officials, union ministers, the chief of General Staff (Army, Navy and Air), chief ministers from regions and states, senior military officers from Office of Commander-in-Chief, deputy ministers, chairmen of self-administered zones and division, heads of departments of ministries.

The Senior General said the meeting is held to discuss future tasks and tasks that should be done during the period extended under the national situation. Newly adopted roadmap and objectives will be announced, and it is the government's duty to implement them. In fact, every government must work for the betterment of the country.

The government's two political goals are: strengthening of genuine disciplined democracy and building of a Union based on democracy and federalism; and the two national goals are: national prosperity and food sufficiency. National prosperity means a peaceful and secure ambiance for the public to earn their living and pursue education. Every person wishes to develop his lives, realize his vision and enjoy a secure live. Hence, peace and stability must to be installed. Food security is the biggest challenge as food is everyone's requirement. Myanmar is also striving to ensure an abundance supply for food security.

A government must improve transport facilities in the entire country and install nation-wide communication networks in prioritizing transport and communication.

Increase in the population of educated persons is the founation of national development. The government must conduct inclusive education promotion programs as human resources with intellectual and technological knowledge is essential. Good health is also a requisite as no one can learn or work without it. A balanced living style and comprehensive public healthcare is also required for health and longevity of the people of the country where life expectancy is low.

A nation should generation enough electricity for its needs. Till now, the country cannot fulfill even 50% of its electricity demand. Plans that were launched about ten years also had to be stopped due to various reasons. Those plans, if implemented then, could supply a large volume of electricity for the country by now. As electricity need is a challenge for the government, it is currently implementing solar-power, wind-power and rice-husk fired power projects. Adequate electricity supply will ensure socioeconomic progress. Food sufficiency, better transport, education promotion, health and longevity and adequate power supply are the top priorities of the government.

As regard the newly adopted nine objectives, he said **"strengthening of genuine and disciplined democracy and building of a Union based on democracy and federalism"** is the first point of the adopted nine objectives. The installation of multiparty democracy is an important task for the government. But it must have the required rules. The government or the president or the prime minister is the head in exercising the system. The expression 'discipline-flourishing" is included in the Constitution to ensure discipline in exercising democracy. Undisciplined 2020 multiparty general election leaves behind a black mark in the nation's history. It is a lesson for all. Hence, the government must strive to install of a robust and genuine democracy in accord with the specific rules.

The Senior General said he has severally explained matters related to building the Union based on democratic and federal systems. Democracy means democratic administration and federalism is defined as the Union mandated by federal authority. Regions and states are collectively resided by all ethnic people. Hence, as all ethnics reside in respective regions, exercising federalism cannot be based on races but on regions. The Constitution has given the federal rights. The Constitution was enacted through national referendum, so the Tatmadaw agreed to amend some points of the Constitution in accord with the wish of the majority people. But, such amendments should not harm Our Three Main National Cause and must be in conformity with the democratic administration and federal authority.

Ethnic armed conflicts are main spikes for building the Union based on democratic and federal systems. It is necessary to see long term plans and consider existing political situation related to the ethnic rights. The Senior General stressed the need to build the sound foundations for all measures. Hence, it is necessary to arrange appropriate measures for ethnic armed organizations. It is because they signed the Nationwide Ceasefire Agreement (NCA). Despite no comprehensiveness, the NCA was signed as a pledge for granting the demands of ethnics. As the NCA was signed in the presence of international witnesses, it should not turn a blind eye to the agreement. The government is emphasizing the NCA measures and pledges to restore the endurable and perpetual peace in line with the agreements of NCA. As such, the second point of the political objectives was adopted to prioritize the achievement of enduring peace for the entire nation in line with the Nationwide Ceasefire Agreement (NCA).

The third point of the political objectives was adopted to emphasize full restoration of peace and stability, and rule of law in the entire Union for the people to enjoy safety of socioeconomic life of the people. The point of rule of law comprises different levels of administration bodies and the judicial estate controlling the administration measures. Legal affairs are being implemented by legal organizations. The Ministry of Home Affairs, Myanmar Police Force, General Administration Department and judicial estate are of great importance in restoring peace and tranquility of the regions and rule of law. Those of law enforcement must have high capacity. During the term of the government, some weaknesses can be seen for rule of law measures. As weakness in administration can affect a government, it is necessary to improve necessary measures.

The first point of the economic objectives was adopted to enhance development based on agriculture and livestock inclusive of entire ethnic people to ensure prosperity and food security of the nation using modern production techniques and to strengthen all-round development in other sectors of the economy. The food security is essential for the State. Agriculture and livestock tasks are all-inclusive of the people. Some 70 per cent of the country population is rural people, most of who are engaged in agriculture and livestock farms. In so doing, these farms must be systematic and all cultivable lands must be efficiently utilized. Myanmar possesses land resources for successful carrying out the agricultural tasks and a lot of water sources for agricultural water.

*See Page 13*

# Six river water pumping stations irrigate more than 6,000 acres of monsoon crops in Aunglan District


A river water pumping project.

**Aunglan August 8**

More than 6,000 acres of monsoon crop plantations in Aunglan District are being irrigated by six river water pumping stations, said director U Myint Oo of Magway Region Irrigation and Water Utilization Management Department.

"Our department helps farmers have water sufficiency in the farmlands in monsoon of 2023. Pantama river water pumping station irrigates 190 acres of paddy, Nanzubin station to 300 acres of paddy and other corps, Duyingabo station to 5,000 acres of paddy, Zeyar station to 690 acres of paddy, Kanmalay station to 300 acres of paddy and Nyantawin station to 200 acres of paddy and other crops, totalling 6,680 acres," said the director.

River water pumping station aims to irrigate the farmlands which cannot obtain water from dams and water tanks as well as rainwater sufficiently. So, these irrigation facilities help the local farmers cultivate crops successfully, he added.

Agricultural water is playing a key role in cultivation of monsoon, summer and cold season crops and especially to summer paddy and crops.

In Aunglan district, Pantama river water pumping station irrigated 158 acres of farmlands, Nanzubin station to 155 acres, Duyingabo station to 2,921 acres, Zeyar station to 659 acres, Kanmalay station to 405 acres, Nyantawin station to 114 acres, totalling 4,412 acres in 2013 summer, according to the region department.

Po Htet (Minbu)

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

As such, farmers should not satisfy with growing single crops on the farmlands and should strive for cultivation of double crops. The government on its part has to manage effective utilization of agricultural lands. As cultivable lands are being used in other ways, it harms agricultural tasks of the State. It is necessary to correctly scrutinize the land utilizations under the law.

With regard to livestock breeding sector, Myanmar needs to produce meat, fish and eggs to meet the daily demand. Efforts must be made for increased production of agriculture and livestock farms in addition to conducting research. Agriculture and livestock tasks must be implemented without fail to achieve success. As the volume of marine products from the natural water areas is larger than the farming process, it is necessary to further promote the breeding and production. Moreover, agriculture and livestock tasks must be undertaken with modern techniques so as to promote other manufacturing processes.

The second economic objective is **"Encourage Micro-, Small- and Medium-Sized Enterprises (MSMEs) for promotion of the export sector, relying on the developed economic drive."** Thus, MSMEs based on agriculture and livestock must be encouraged. Efforts must be made to produce basic food and consumer goods until the domestic demand is met. The country has to import textile, milk and dairy products and rubber based raw materials every year. If value-added goods can be produced rather than exporting raw materials, import volume can be reduced. And surpluses can be exported. This can be done by successfully doing businesses of cattle farming and cotton and rubber cultivation. Import reduction will also save foreign exchange spending and pave the way for encouraging domestic manufacturing and creating local jobs.

The third economic objective is **"To encourage cultivation of oil crops to meet the target production in order to have local oil sufficiency and to strive for ensuring local sufficiency and export of the surplus oil crops abroad."** Therefore, encouragement must be given to grow oil crops, ensure domestic demands and export surpluses. Growing oil crops such as groundnut, sesame and sunflower until they meet the production targets will ensure domestic sufficiency and surpluses. Efforts must be exerted to grow target acreages of oil crops and ensure high yields in the respective regions and states.

The first social objective is **"To implement the multi-education system inclusive of all so as to develop intellectual and intelligence of the entire people and turn out a number of technicians contributing to the manufacturing sector."** A lot of educated people are required for the development of a country. So, basic education schools are teaching agricultural, livestock breeding and technical subjects as well as their arts and science subjects to turn out intellectuals and intelligentsia. Plans are being made to pursue basic education and then higher education through diploma courses. Thus, the objective is to move towards a multi-education system.

The second social objective is **"To enhance health and sports sectors inclusive of all the people to enhance longevity and health of the entire nation."** Everyone wishes to live long and healthily. Only if one is in good health, one will be able to pursue education, do jobs and follow social matters. This is why the government needs to promote the health sector. There must be sports activities and movements for all from children to elders for their health and fitness. Sport is a strength of the country and it brings the State dignity. Therefore, modern sports fields and stadiums were built in the regions and states. There will be more sports facilities in other areas from districts to townships depending on the budget situation. As Myanmar's sports sector still sees requirements in various aspects, greater efforts are necessary for the sport standard improvement. First, needs for sports facilities and coaches are being fulfilled.

The third social objective is **"Promote youth sector for turning out the well-versed youths in all aspects as a primary force in development undertakings of the country."** It is necessary to turn out physically and mentally capable young people. They must be trained to cultivate good habits and improve their knowledge.

According to the interim census of 2019, the country has a few educated people and its education sector is low. Everyone needs skills and knowledge if the country is to move forward with democracy. The government needs to create a bright future for the youth and improve the education sector. Measures must be taken to ensure that every school-age child completes at least KG+9. It is also necessary to meet education staff requirements and ensure that they get promoted and happy in their workplaces. Only then, will the education sector improve. Officials concerned need to act in line with the procedures, rules and disciplines. Teachers are mainly responsible for making the young people physically and mentally strong. Under their teachings, the young people on whom the State can rely can be nurtured.

The government has tremendous duties to bring national development. The officials from various union ministries in attendance need to accomplish their tasks in their respective departments in accord with the prescribed procedures and rules till success is met. They themselves need to be disciplined and have the capability to command their respective organizations for their systematicity. Government staff have to serve the people. So, they need to become those capable of serving the public interest.

Through united efforts, we have overcome various difficulties and hardships. However, there are still economic and political sanctions against the country. Successful domestic manufacturing will overcome any difficulties or hardships. This is why the above-mentioned political, economic and social objectives must be successfully implemented. Civil servants are urged to assume their responsibilities dutifully for the sake of the country rather than for individuals. 100

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အီရတ်နိုင်ငံမြောက်ပိုင်းတွင် တူရကီစစ်ဘက်က ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် PKK တိုက်ခိုက်ရေးအရာရှိတစ်ဦး သေဆုံး





အီရတ်နိုင်ငံ မြောက်ပိုင်းတွင် တူရကီစစ်ဘက်က ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် ကာဒစ်အလုပ်သမားပါတီ (PKK) တိုက်ခိုက်ရေးအရာရှိတစ်ဦး သေဆုံးခဲ့ကြောင်း ဩဂုတ် ၆ ရက်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ်စတန်ဒေသမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တူရကီစစ်ဘက်၏ ဒရုန်းတစ်စင်းသည် အီရတ်နိုင်ငံ ကာဒစ်စတန်ဒေသ ဒုတိယမြို့တော် Sulaimaniyah မြို့အနီး Chamchamal ခရိုင်ရှိ PKK တိုက်ခိုက်ရေးသမားများပါဝင်သည့် ကားတစ်စီးကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း အီရတ်နိုင်ငံ ကာဒစ်စတန်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့က ပြောကြားခဲ့သည်။

PKK တိုက်ခိုက်ရေးအရာရှိတစ်ဦး သေဆုံးပြီး အခြားတိုက်ခိုက်ရေးသမားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

PKKသည် ၁၉၈၄ ခုနှစ်မှစ၍ တူရကီနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့ပြီး တူရကီနိုင်ငံသည် အီရတ်နိုင်ငံမြောက်ပိုင်းရှိ စစ်အခြေစိုက်စခန်း ဒါဇင်ပေါင်းများစွာကို ကာလရှည်ကြာစောင့်ကြည့်နေခဲ့ရပြီး တန်ပြန်တိုက်ခိုက်မှုစစ်ဆင်ရေးများကို မကြာခဏပြုလုပ်ခဲ့သည်။

တူရကီစစ်ဘက်သည် အီရတ်မြောက်ပိုင်း တောင်တန်းဒေသများရှိ PKK တိုက်ခိုက်သူ အခြေစိုက်စခန်းများအပေါ် တိုက်ခိုက်ခြင်းနှင့်ပတ်သက်၍ မှတ်ချက်ပေးခဲ့သည်။ တူရကီနိုင်ငံနှင့် ၎င်း၏ အနောက်နိုင်ငံ မဟာမိတ်များက PKK တိုက်ခိုက်ရေးအဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသည်။

ဇူလိုင်လကုန်ပိုင်းကလည်း အီရတ်ကာဒစ်စတန်ဒေသတွင် တူရကီစစ်ဘက်၏ ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် PKK တိုက်ခိုက်ရေးသမားလေးဦး သေဆုံးခဲ့သည်။ အီရတ်ဖက်ဒရယ်အာဏာပိုင်များနှင့် ကာဒစ်ဒေသအစိုးရ နှစ်ရပ်စလုံးသည် ၎င်းတို့၏ စီးပွားရေးဆက်ဆံမှုကို ဆက်လက်လုပ်ဆောင်နိုင်စေရန် တူရကီနိုင်ငံ၏ စစ်ရေးလှုပ်ရှားမှုများကို သည်းခံနေခြင်းဖြစ်သည်ဟုလည်း ထင်ကြေးပေးမှုများရှိနေကြောင်း သိရသည်။

သို့သော်လည်း တာဝန်ရှိသူများက အီရတ်တွင် တူရကီနိုင်ငံ၏ စစ်ဆင်ရေးများကို ကြိမ်ဖန်များစွာရှုတ်ချခဲ့ပြီး ၎င်းတို့သည် နိုင်ငံ၏ အချုပ်အခြာအာဏာနှင့်အရပ်သားများ၏လူ့အခွင့်အရေးများအပေါ် ချိုးဖောက်ခြင်းဖြစ်သည်ဟု ပြောကြားထားသည်။

ဇူလိုင် ၂၅ ရက်တွင် အီရတ်ဝန်ကြီးချုပ်ရုံးက လာမည့်ကာလအတွင်း တူရကီသမ္မတ RecepTayyip Erdogan ၏ အလည်အပတ်ခရီးစဉ်ရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သော်လည်း အသေးစိတ်အချက်အလက်များကိုမူ ပြောကြားထားခြင်းမရှိသေးပေ။

**Turkish Drone Kills PKK Official in Iraq: Kurdish Security ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်လေတပ်က AI/MLနည်းပညာသုံး XQ-58A Valkyrie ဂျက်အင်ဂျင်တပ်ဒရုန်းစမ်းသပ်မှုပြီးမြောက်




အမေရိကန်လေတပ် သုတေသနဓာတ်ခွဲခန်း (AFRL) သည် ဖလော်ရီဒါရှိ Eglin Test and Training Complex လေ့ကျင့်ရေးကွင်းတွင် ဉာဏ်ရည်တုနှင့် စက်ပိုင်းဆိုင်ရာ လေ့လာသင်ယူမှု (AI/ML) နည်းပညာအသုံးပြုထားသည့် XQ-58A Valkyrie ဂျက်အင်ဂျင်တပ်ဒရုန်း ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းမှု ပြီးမြောက်ခဲ့ကြောင်း ဩဂုတ် ၄ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

၃ နာရီကြာ စမ်းသပ်ပျံသန်းမှုသည် အမေရိကန်လေတပ်၏ လက်ရှိအကောင်အထည်ဖော်နေသော Skyborg Vanguard နှင့် အလိုအလျောက် လုပ်ဆောင်နိုင်သည့် လေယာဉ်စမ်းသပ်မှု ပရိုဂရမ်များကို ပဋိပက္ခပတ်ဝန်းကျင်အခြေအနေများတွင် စစ်ဆင်ရေးအတွက် မျိုးဆက်သစ် အလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်သော လေယာဉ်အစီအစဉ်များဖြင့် ပံ့ပိုးဖော်ဆောင်ပေးမည်ဖြစ်သည်။

ရည်မှန်းချက်အရ AI/ML စွမ်းဆောင်ရည်ဖြင့် ပျံသန်းနေသော ဒရုန်းပေါ်တွင် အလွှာပေါင်းစုံ ဘေးကင်းလုံခြုံစွာ ပျံသန်းနိုင်မှု (Multi-Layer Safety Framework) အတွက် သက်သေပြနိုင်ခဲ့ပြီး ဝေဟင်စစ်ဆင်ရေးအတွင်း နည်းဗျူဟာမြောက်ဆိုင်ရာ စိန်ခေါ်မှုပြဿနာများကို ဖြေရှင်းပေးနိုင်မည့် ဉာဏ်ရည်တု၊ စက်ပိုင်းဆိုင်ရာသိရှိနားလည်မှု (AI/ML)၏ ကိုယ်စားလှယ်တော်ကို သရုပ်ပြနိုင်ခဲ့သည်ဟု AI Test and Operations ဌာနမှူးဖြစ်သူ ဗိုလ်မှူးကြီး Tucker Hamilton က ပြောကြားခဲ့သည်။

၎င်းစမ်းသပ်မှုမှသည် အခြားအလိုအလျောက် လုပ်ဆောင်နိုင်ရေးပရိုဂရမ်များသို့ ချက်ချင်းလွှဲပြောင်းအကောင်အထည်ဖော်နိုင်သော ခေတ်မီဝေဟင်မှ ဝေဟင်နှင့် ဝေဟင်မှမြေပြင်ဆိုင်ရာကျွမ်းကျင်မှုများဖြင့် လုပ်ဆောင်လာနိုင်မည့် AI/ML အေးဂျင့်များ ထွက်ပေါ်လာစေရန် စွမ်းဆောင်ရည်များ ပိုင်ဆိုင်လာနိုင်မည့်အပေါ် တရားဝင်ထုတ်ဖော်ပြသလိုက်ခြင်းလည်း ဖြစ်သည်။

အမေရိကန်လေတပ် သုတေသနဓာတ်ခွဲခန်း (AFRL)၏အလိုအလျောက်လေကြောင်းတိုက်ခိုက်မှုစစ်ဆင်ရေး(AACO)အဖွဲ့သည် Valky-rie ဒရုန်းတွင် ထည့်သွင်းအသုံးပြုထားသည့် AI/ML Algorithm ကို တီထွင်ခဲ့သည်။

အမေရိကန်လေတပ်၏ Vista X-62 Workhorse ဒရုန်းနှင့် မြေပြင်စမ်းသပ်မှု ဆက်စပ်ဆောင်ရွက်မှုများမှတစ်ဆင့် သန်းပေါင်းများစွာသော ပျံသန်းမှုနာရီပေါင်းများစွာမှသည် ကြုံတွေ့ရသောအခက်အခဲများကို ဖြေရှင်းနည်းများတဖြည်းဖြည်းအဆင်ပြေချောမွေ့လာသည့်အဆင့် ရောက်ရှိလာခဲ့သည်။

AACOသည် စက်ပိုင်းဆိုင်ရာသိရှိနားလည် လေ့လာသင်ယူမှု Artificial Intelligence ဉာဏ်ရည်တုနည်းပညာများသုံး XQ-58A ဂျက်အင်ဂျင်တပ်ဒရုန်းကို ဘေးကင်းစွာ ပျံသန်းမှုစမ်းသပ်ခြင်းအတွက် ဘက်ပေါင်းစုံမှ ချဉ်းကပ်၍ နည်းလမ်းများစွာကိုကျင့်သုံးခဲ့ပြီး အသိဉာဏ်တုကိုယ်စားလှယ်တော်ဟုတင်စားနိုင်သည့် AI/ML အေးဂျင့်ကိုလေ့ကျင့်ပေးရန် လက်တွေ့မြေပြင်စမ်းသပ်မှုများတွင် ဟာ့ဒ်ဝဲများအပါအဝင် Computing, Modeling နှင့် Simulationစသည့် ဆော့ဖ်ဝဲနည်းမျိုးစုံပေါင်းစပ်အသုံးပြုခြင်းဖြင့် လက်တွေ့စမ်းသပ်မှုရည်မှန်းချက်များကို ပြည့်မီစွာဆောင်ရွက်နိုင်ခဲ့သည်ဟု AACO မန်နေဂျာ ဒေါက်တာ Terry Wilson က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနသည် စစ်ဘက်အလိုအလျောက် လုပ်ဆောင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ရန်အတွက် စက်မှုလုပ်ငန်းမိတ်ဖက်ကုမ္ပဏီများနှင့် AI Applicationsများကို ထည့်သွင်းအသုံးချနိုင်စေရန် ဆက်လက်ကြိုးပမ်းလျက်ရှိသည်။

AI သည် အနာဂတ်စစ်ပွဲများအတွက် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ကျွန်ုပ်တို့သည် စစ်ဆင်ရေးပုံသဏ္ဌာန်ကို သိရှိနားလည်မှုနှင့်အတူ ဆုံးဖြတ်ချက်များ လျင်မြန်စွာ ချမှတ်စေနိုင်လိမ့်မည်ဟု AFRL မှဗိုလ်မှူးချုပ် Scott Cain က ပြောကြားခဲ့သည်။

ဒရုန်းတီထွင်သူ Kratos ကုမ္ပဏီသည် အမေရိကန်ရေတပ်အတွက် Valkyries ဒရုန်းနှစ်စင်းကို ပံ့ပိုးပေးရန်အတွက် ဇန်နဝါရီလက အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅ သန်းတန်စာချုပ်ကို လက်ခံရရှိခဲ့သည်။ ဇွန်လတွင် ကုမ္ပဏီနှင့် Shield AI နည်းပညာကုမ္ပဏီတို့သည် အမေရိကန်စစ်ဘက်နှင့် မဟာမိတ်နိုင်ငံများအတွက် AI ဖြင့် ပျံသန်းမောင်းနှင်နိုင်သော Valkyrie ဒရုန်းမောင်းစနစ်ကို ရောင်းချပေးနိုင်ရေးကမ်းလှမ်းရန် ပူးပေါင်းလုပ်ဆောင်လာခဲ့သည်။

**USAF's AI-Piloted Valkyrie Jet Drone Completes Maiden Flight ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၀၀၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၃၀၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆီထွက်သီးနှံစုံ ၁၃၈၄၇ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆီထွက်သီးနှံစုံ ၃၀၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ချောင်းဦးမြို့နယ်အတွင်း ဆီထွက်သီးနှံစုံဧက ၁၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ဆီထွက်သီးနှံစုံ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ တစ်ဧကအထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးမြေပဲ ၂၁၈၈ ဧက၊ မိုးနှမ်း ၆၃၂ ဧက၊ မိုးနေကြာ ၁၈၇ ဧက စုစုပေါင်း ၃၀၀၇ ဧက တို့ဖြစ်ပြီး လျာထားမှုအနေဖြင့် မိုးမြေပဲ ၈၅၁၅ ဧက၊ မိုးနှမ်း ဧက ၅၂၀၀၊ မိုးနေကြာ ၁၃၂ ဧက စုစုပေါင်း ၁၃၈၄၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆီထွက်သီးနှံများ စိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ဆီထွက်သီးနှံများဖြစ်ကြသည့် ဆောင်းမြေပဲ ၅၈၉၁ ဧက၊ ဆောင်းနှမ်းဧက ၁၅၆၈၀၊ ဆောင်းနေကြာ ၂၆၃၁ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၂၄၂၀၂ ဧက စိုက်ပျိုးရန် လျာထားကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပူတာအိုမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းပို့ချ

**ပူတာအို ဩဂုတ် ၈**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့်ကျေးရွာ ၂၀ မှ ကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းကို ယနေ့ နံနက် ၉ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP)နှင့် ပတ်သက်သည့် သင်ခန်းစာများကို ဆွေးနွေးပို့ချကြသည်။



အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းသို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပူတာအိုမြို့နယ်ရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၂၀ မှ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ စုစုပေါင်းသင်တန်းသားဦးရေ ၄၀ တက်ရောက်ကြပြီး သင်တန်းကို တစ်ရက်တာ ပို့ချခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ညောင်ရွှေမြို့နယ် မင်္ဂလာဈေးရှိ အသားအရောင်းဆိုင်များ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ ဩဂုတ် ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနက ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် မင်္ဂလာဈေးရှိ အသားအရောင်းဆိုင်များ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်းရှိ၊ မရှိကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မျိုးမြတ်နှင့် တာဝန်ရှိသူများက မင်္ဂလာဈေးအတွင်း ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနမှ လုပ်ငန်းလိုင်စင်ရယူ၍ အသားထုတ်လုပ်ရောင်းချလျက်ရှိသော အသားအရောင်းဆိုင်များတွင် မြို့နယ်စည်ပင်သာယာရေးဌာနက သတ်မှတ်ထားသော ဈေးနှုန်းအတိုင်း အမှန်တကယ် မြေပြင်တွင် ရောင်းချခြင်း ရှိ၊ မရှိ၊ အသားဈေးနှုန်းများကို အများမြင်သာစေရန် ဆိုင်းဘုတ်ချိတ်ပြီး ရောင်းချခြင်းရှိ၊မရှိ၊ ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် သန့်ရှင်းလတ်ဆတ်သော အသားများကိုသာ ထုတ်လုပ်ရောင်းချခြင်းရှိ၊မရှိတို့ကို စစ်ဆေးကြပြီး ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မျိုးမြတ်က ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် သတ်မှတ်ထားသည့် ဈေးနှုန်းထက် ပိုမိုရောင်းချမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန် ဈေးတာဝန်ခံကို မှာကြားခဲ့ကြောင်း သိရသည်။

ညောင်ရွှေမြို့နယ်ရှိ ဈေးများတွင် မြို့နယ်စည်ပင်သာယာရေးဌာနက သားသတ်လုပ်ငန်းလိုင်စင်ရယူ၍ ဝက်၊ အမဲ၊ ဆိတ် စသည့် အသားများ ထုတ်လုပ်ရောင်းချလျက်ရှိသော သားသတ်လုပ်ငန်း ၂၃ ခုရှိကြောင်း ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်မျိုးမြတ်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၈-၈-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း ဧကရာဇ် (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၆၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

(၂) **ရှေ့ဖုံးမှအဆက်**

ထို့သို့ တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏အခြေအနေအရ သက်တမ်းထပ်မံတိုးမြှင့်သည့် ကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဆောင်ရွက်သင့်သည်များကို မှာကြားလိုခြင်းကြောင့် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ အသစ်ထပ်မံချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာ အစိုးရ၏တာဝန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်သည့် မည်သည့်အစိုးရမဆို နိုင်ငံကောင်းအောင် ဆောင်ရွက်ရမည့် တာဝန်ရှိကြောင်း။

မိမိတို့အစိုးရ၏ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ပင်ဖြစ်ပြီး တိုင်းပြည်သာယာဝပြောရေး၌ ပြည်သူပြည်သားများအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်၊ ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ လူတိုင်းသည် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လိုကြပြီး မိမိတို့ဘဝတိုးတက်ရေးအတွက် ရည်မှန်းချက်၊ မျှော်မှန်းချက်များ ကိုယ်စီရှိကြကာ အေးချမ်းလုံခြုံစိတ်ချစွာဖြင့် နေထိုင်လုပ်ကိုင် စားသောက်လိုကြကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ စားရေရိက္ခာသည် လူတိုင်းအတွက်လိုအပ်ပြီး လက်ရှိကမ္ဘာပေါ်တွင်လည်း စားနပ်ရိက္ခာလုံခြုံရေး(Food Security)မှာ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်နေကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း စားနပ်ရိက္ခာလုံခြုံရေးအတွက် စားရေရိက္ခာပေါများရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆက်သွယ်မှုကွန်ရက်များလည်း ကောင်းမွန်ရန်လိုအပ်သဖြင့် တစ်နိုင်ငံလုံးကိုလွှမ်းခြုံနိုင်သည့် ဆက်သွယ်မှုကွန်ရက်များကို တည်ဆောက်ရန်လိုကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်နေရေး အလေးပေးဆောင်ရွက်ပေးရန်လိုကြောင်း။

တိုင်းပြည်တစ်ခုတိုးတက်ခြင်း၏ အခြေခံမှာ ပညာတတ်များပေါ်ကြွယ်ဝခြင်းပင်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည့်အတွက် နိုင်ငံသားတိုင်း ပညာရည်မြင့်မားရေးကို အစိုးရအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ကျန်းမာရေး ကောင်းမွန်နေရန်လည်း လိုကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် နည်းပါးလျက်ရှိသဖြင့် ပြည်သူပြည်သားတိုင်း ကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုရှိရန် လိုသကဲ့သို့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ပြည့်ပြည့်ဝဝဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း။

နိုင်ငံတစ်ခုတွင် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိနေရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များရှိနေသေးပြီး ယခုအချိန်ထိ နိုင်ငံလိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းကိုပင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးသည်ကို တွေ့ရှိရကြောင်း၊ လွန်ခဲ့သည့်ဆယ်စုနှစ်ခန့်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းကြီးများမှာ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရကြောင်း၊ အဆိုပါ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက ယခုအချိန်တွင် မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို များစွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ မိမိတို့အစိုးရအတွက် စိန်ခေါ်မှုတစ်ရပ်အနေဖြင့်ရှိသဖြင့် လတ်တလောဆောင်ရွက်နိုင်သည့် **နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် လေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ စပါးခွံသုံး ဓာတ်ငွေ့လောင်စာအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**ကြောင်း၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိမှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **စားရေရိက္ခာဖူလုံမှုရှိစေရေး၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး၊ ပညာရည်မြင့်မားစေရေး၊ သက်ရှည်ကျန်းမာမှုရှိစေရေးနှင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိစေရေးတို့ကို မိမိတို့အစိုးရအနေဖြင့် အဓိကဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်**သည်ကို ဦးစွာ ပြောကြားလိုကြောင်း။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အသစ်ထပ်မံချမှတ်ထားသည့် ဦးတည်ချက် (၉)ရပ်ကို ရှင်းလင်းပြောကြားလိုကြောင်း၊ နိုင်ငံရေးရည်မှန်းချက် ပထမအချက်ကို **"စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် နိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး"**ဟု ချမှတ်ထားကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ သို့သော် ပါတီစုံဒီမိုကရေစီစနစ်သည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ရန်လိုကြောင်း၊ အဆိုပါစနစ်ကိုကျင့်သုံးရာတွင် အစိုးရတစ်ရပ် (သို့မဟုတ်)နိုင်ငံကိုဦးဆောင်သည့် သမ္မတ၊ ဝန်ကြီးချုပ်တို့က ဦးဆောင်အကောင်အထည်ဖော်ရခြင်းပင်ဖြစ်ကြောင်း၊ **"စစ်မှန်စည်းကမ်းပြည့်ဝသည့်"**ဟူသည့်စကားရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းထားရခြင်းမှာ ဒီမိုကရေစီစနစ်ကို စည်းကမ်းပြည့်ဝစွာဖြင့် အသုံးပြုနိုင်ရန်ဖြစ်ကြောင်း၊ ယခင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို စည်းကမ်းမဲ့စွာဖြင့် ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံအတွက် အမည်းစက်တစ်ခုကိုဖြစ်ပေါ်စေခဲ့ပြီး မိမိတို့အတွက် သင်ခန်းစာတစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပတ်သက်၍ မိမိအနေဖြင့် မကြာခဏ ရှင်းလင်းပြောကြားခဲ့ကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်စနစ်ဆိုသည်မှာ ဖက်ဒရယ်လုပ်ပိုင်ခွင့်များကို ပေါင်းစပ်ထားသည့် ပြည်ထောင်စုပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် တိုင်းရင်းသားများအားလုံး စုစည်းနေထိုင်ကြကြောင်း၊ ထို့ကြောင့် ဒေသအလိုက် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြခြင်းဖြစ်သဖြင့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရာတွင် လူမျိုးကိုအခြေခံ၍ မရဘဲ ဒေသကိုအခြေခံ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဖက်ဒရယ်အခွင့်အရေးနှင့် ပတ်သက်၍ ပေးထားပြီးဖြစ်သည်ကို လေ့လာကြည့်ပါက သိရှိနိုင်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲပြုလုပ်ပြီး ပြည်သူဆန္ဒနှင့်အညီပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်သဖြင့် ပြည်သူအများဆန္ဒနှင့် ကိုက်ညီမည်ဆိုပါက ပြုပြင်သင့်သည့်အချက်များကို ပြုပြင်ရန်အတွက် တပ်မတော်အနေဖြင့် သဘောတူညီထားပြီးဖြစ်ကြောင်း၊ သို့သော် နိုင်ငံအတွက် အရေးကြီးသည့် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်လိုပြီး ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်လုပ်ပိုင်ခွင့်များကို ညီညွတ်မျှတစွာဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုဆောင်ရွက်ရန်အတွက် အဓိကအားဖြင့် ဆူးညှောင့်ခလုတ်ဖြစ်နေသည်မှာ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ အခွင့်အရေးများနှင့်ပတ်သက်၍ လက်ရှိနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီစွာ စဉ်းစားဆောင်ရွက်၍ အရှည်မြော်တွေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အခြေခံကောင်းအောင် ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည်သာ ခိုင်မာမှုရှိသဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံကောင်းအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပတ်သက်၍ ဖြစ်သင့်ဖြစ်ထိုက်သည်များနှင့် ဖြစ်နိုင်သည်များကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ NCA မှာ ပြည့်စုံမှုမရှိသေးသော်လည်း တိုင်းရင်းသားများ၏ တောင်းဆိုချက်များကို သဘောတူညီချက်စာချုပ်အဖြစ် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ကတိကဝတ်ပေးထားသည့် အကြောင်းအရာများဖြစ်ကြောင်း၊ အဆိုပါစာချုပ်ကို နိုင်ငံတကာမှ အသိသက်သေများမျက်မှောက်တွင် လက်မှတ်ရေးထိုးထားခြင်းဖြစ်သဖြင့် မျက်ကွယ်ပြု၍ ဆောင်ရွက်ခြင်းမပြုရန်လိုကြောင်း၊ မိမိတို့အနေဖြင့် NCA အပေါ်တွင် အလေးထား၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ NCA သဘောတူညီချက်အတိုင်း အလေးထားလုပ်ဆောင်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးဦးတည်ချက် ဒုတိယအချက်ကို **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး"**ဟု ချမှတ်ထားခြင်းဖြစ်ကြောင်း။

နိုင်ငံရေးဦးတည်ချက် တတိယအချက်အနေဖြင့် **"ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး"** ဟူ၍ ချမှတ်ထားကြောင်း၊ တရားဥပဒေစိုးမိုးရေးဆိုရာတွင် အဆင့်အဆင့်သော အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးကို ထိန်းသိမ်းပေးသည့် တရားရေးမဏ္ဍိုင်တို့ ပါဝင်ကြောင်း၊ ဥပဒေဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ဥပဒေဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ကြရကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးနှင့် တရားရေးမဏ္ဍိုင်တို့သည် အဓိကအရေးကြီးကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် အဓိကဆောင်ရွက်နေရသူများသည် စွမ်းရည်ရှိသည့် ပုဂ္ဂိုလ်များ

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

ဖြစ်ရန်လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ အားနည်းချက်များရှိခဲ့ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အားနည်းချက်များသည် အစိုးရတစ်ရပ်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ထိခိုက်စေနိုင်သဖြင့် ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း။

**ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးနိုင်မည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်. . .**

စီးပွားရေးဦးတည်ချက် ပထမအချက်ကို **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”**ဟူ၍ ချမှတ်ထားကြောင်း၊ အဓိကလိုအပ်သည်မှာ စားရေရိက္ခာဖူလုံရေးပင်ဖြစ်ကြောင်း၊ ပြည်သူအားလုံးအတွက် အကျုံးဝင်သည့်လုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းပင်ဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး အများစုမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်ကြကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နည်းစနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ရန်လိုပြီး စိုက်ပျိုးမြေအားလုံးကိုလည်း အပြည့်အဝ အကျိုးရှိစွာအသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် မြေသယံဇာတများနှင့် စိုက်ပျိုးရေရရှိရေးအတွက်လည်း မြစ်ချောင်းအင်းအိုင်များစွာကို ပိုင်ဆိုင်ထားပြီးဖြစ်သည့်အတွက် စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးနိုင်ရုံဖြင့် ကျေနပ်နေ၍မရဘဲ သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အစိုးရအနေဖြင့်လည်း စိုက်ပျိုးမြေများကို အပြည့်အဝ ထိထိရောက်ရောက်အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြေအသုံးချမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံ၏ နေ့စဉ် သားငါးနှင့် ဥအမျိုးမျိုး စားသုံးမှုလိုအပ်ချက်ကို ဖူလုံပြည့်မီအောင် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်နိုင်ရေးနှင့် သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများသည် မဖြစ်မနေ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ရေထွက်ကုန်များကို ထုတ်လုပ်ရာတွင် မွေးမြူထုတ်လုပ်ခြင်းထက် သဘာဝရေပြင်များမှ ဖမ်းဆီးထုတ်လုပ်မှုပမာဏ ပိုမိုများပြားနေသည်ကို တွေ့ရှိရသဖြင့် မွေးမြူထုတ်လုပ်ခြင်းကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ကဲ့သို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်ခြင်းမှတစ်ဆင့် အခြား ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စီးပွားရေးဦးတည်ချက် ဒုတိယအချက်ကို **“တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဆွံ့အိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး”**ဟူ၍ ချမှတ်ထားကြောင်း၊ ထို့ကြောင့် **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ရမည်ဖြစ်**ကြောင်း၊ **ပြည်တွင်း၌ လိုအပ်သည့် အခြေခံစားကုန်၊ သောက်ကုန်၊ သုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ အလုံအလောက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံတွင် **ချည်မျှင်နှင့်အထည်အလိပ်များ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ရော်ဘာအခြေခံသည့် ထုတ်ကုန်ပစ္စည်းလိုအပ်ချက်များကို နှစ်စဉ် ပြည်ပမှတင်သွင်းနေရ**ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ **နွားမွေးမြူရေးလုပ်ငန်းများ၊ ဝါနှင့်ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ပြည်ပသို့ ကုန်ကြမ်းတင်ပို့ခြင်းထက် ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဆိုပါက သွင်းကုန်ပမာဏကို လျှော့ချနိုင်မည်ဖြစ်ကဲ့သို့ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်**ကြောင်း၊ **ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးနိုင်မည်ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

စီးပွားရေးဦးတည်ချက် တတိယအချက်ကို **“ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်ထိ ကြိုးပမ်းဆောင်ရွက်ရေး”**ဟု ချမှတ်ထားကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံ စိုက်ပျိုးမှုများကိုအားပေးပြီး ပြည်တွင်းစားသုံးဆီ ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်ထိ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာများကိုပင် ပန်းတိုင်ထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်ပါက စားသုံးဆီဖူလုံ၊ ပိုလျှံမှုရှိနိုင်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ၂၀၂၅ ခုနှစ်၌ ပြည်တွင်းစားသုံးဆီဖူလုံသည့်အပြင် ပြင်ပသို့ တင်ပို့နိုင်သည်ထိ ဆောင်ရွက်သွားနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို လျာထားဧကပြည့်မီအောင် ဆောင်ရွက်နိုင်ရေးနှင့် အထွက်နှုန်းပြည့်မီရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လူမှုရေးဦးတည်ချက် ပထမအချက်အနေဖြင့် **“တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”**ဟူ၍ ချမှတ်ထားကြောင်း၊ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန် ပညာတတ်များပေါကြွယ်ဝရန်လိုကြောင်း၊ ထို့ကြောင့် လူသားအရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် အခြေခံပညာအထက်တန်းကျောင်းများ၌ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များအပြင် စိုက်ပျိုး၊ မွေးမြူရေး၊စက်မှုပညာရပ်များကို တွဲဖက်သင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာ၊ ဒီပလိုမာသင်တန်းများမှတစ်ဆင့် အဆင့်မြင့်ပညာရပ်များသို့ အဆင့်ဆင့် တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဘက်စုံပညာရေးစနစ်ကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

လူမှုရေးဦးတည်ချက် ဒုတိယအချက်အနေဖြင့် **“တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး”**ဟူ၍ ချမှတ်ထားပါကြောင်း၊ လူတိုင်းသည် အသက်ရှည်ပြီး ကျန်းမာလိုသည့် ဆန္ဒရှိကြပါကြောင်း၊ ကျန်းမာမှ ပညာသင်ကြားခြင်း၊အလုပ်လုပ်ကိုင်ခြင်း ကိစ္စရပ်များအပြင် လူမှုရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လူတိုင်းကျန်းမာစွာ အသက်ရှင် နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် ကလေးသူငယ်မှအစ သက်ကြီးရွယ်အိုများထိ ကျန်းမာရေးကောင်းမွန်အောင်လုပ်ဆောင်ပေးရန်နှင့် ခန္ဓာကိုယ်ကြံ့ခိုင်ရေးအတွက် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ အားကစားသည် တိုင်းပြည်၏ စွမ်းပကားဖြစ်သည့်အပြင် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဆင့်မီအားကစားကွင်း၊ အားကစားရုံများ တည်ဆောက်ပေးခဲ့ပါကြောင်း၊ ဘဏ္ဍာငွေအပေါ် မူတည်၍ ခရိုင်အဆင့်မှ အဓိကကျသည့် မြို့နယ်အဆင့်ထိ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ပေးသွားရန်လျာထားပါကြောင်း၊ မြန်မာ့အားကစားကဏ္ဍတွင် ဘက်ပေါင်းစုံလိုအပ်ချက်ရှိနေသဖြင့် အားကစားအဆင့်အတန်းမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် လိုအပ်ချက်များကို ပြင်ဆင်ဖြည့်ဆည်းသွားရန်လည်းလိုကြောင်း၊ မိမိအနေဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် အားကစားကွင်း၊ အားကစားရုံများနှင့် နည်းပြများကို ဦးစွာဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူမှုရေးဦးတည်ချက် တတိယအချက်အနေဖြင့် **“နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”**ဟူ၍ ချမှတ်ထားကြောင်း၊ အနာဂတ်နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်ရန်အတွက် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း၊

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ပညာတတ်သူနည်းပါးပြီး ပညာရေးကဏ္ဍနိမ့်ကျခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းမည်ဆိုပါက နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံရန်လိုအပ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လူငယ်များကိုအခြေခံသည့်အနာဂတ်ကို ဖန်တီးပေးရန်နှင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် မိမိတို့ရည်မှန်းထားသည့် အနိမ့်အဆုံးအဆင့် KG + 9 အဆင့်ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ပြင်ပညာရေးဝန်ထမ်းလိုအပ်ချက်ပြည့်မီရေး၊ ထိုက်သင့်သည့် ရာထူးနေရာများရရှိရေးနှင့် လုပ်ငန်းခွင်ပျော်ရွှင်ရေးအတွက်လည်း ဖန်တီးပေးရန်လိုကြောင်း၊ သို့မှသာ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ သမာသမတ်ရှိရှိ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များမွေးထုတ်ရာတွင် ဆရာ၊ ဆရာမများသည် အဓိကတာဝန်ရှိကြောင်း၊ ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုကောင်းမွန်မှုသာ အနာဂတ်တွင် နိုင်ငံတော်မှ အားကိုးအားထားရသည့် အရည်အချင်းပြည့်ဝသော လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ များပြားပါကြောင်း၊ လက်ရှိအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ ဦးဆောင်ကွပ်ကဲရသည့်ဌာနများအလိုက် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ထိန်းကျောင်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိကိုယ်တိုင်အရည်အချင်းရှိပြီး စည်းကမ်းကောင်းမွန်ရန်လိုသကဲ့သို့ မိမိကွပ်ကဲရသည့် အဖွဲ့အစည်းကိုလည်း စည်းကမ်းစနစ်တကျရှိစေရေး ကွပ်ကဲနိုင်မှုအပြည့်အဝရှိရန်လိုကြောင်း၊ အစိုးရဌာနများသည် ပြည်သူကို အလုပ်အကျွေးပြုရသည့် ဌာနများဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့်လည်း ကောင်းမွန်သည့် စီမံခန့်ခွဲမှုရှိသည့်၊ လုပ်ငန်းတာဝန်ကျေပွန်သည့်၊ ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးနိုင်သည့် ဝန်ထမ်းများဖြစ်ရန်လိုကြောင်း။

**နွားမွေးမြူရေးလုပ်ငန်းများ၊ ဝါနှင့် ရော်ဘာ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ပြည်ပသို့ ကုန်ကြမ်းတင်ပို့ခြင်းထက် ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဆိုပါက သွင်းကုန်ပမာဏကို လျှော့ချနိုင်မည်ဖြစ်ကဲ့သို့ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်. . .**

မိမိတို့အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရာတွင် အခက်အခဲ၊ အကျပ်အတည်းများစွာကို စုစည်းညီညွတ်သည့်အားဖြင့် ကျော်လွှားနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ၊ နိုင်ငံရေးအရ ပိတ်ဆို့မှုများရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ **ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက မည်သည့် အခက်အခဲ၊ အကျပ်အတည်းကိုမဆို ကျော်လွှားနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် အထက်တွင်ပြောကြားခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အတွက် ဆိုသည်ထက် နိုင်ငံ၏ အကျိုးစီးပွားအတွက်သာ မိမိတို့၏ တာဝန်များကို ကျေပွန်စွာဖြင့် အလုပ်လုပ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# မြစ်ကြီးနားမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များ ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၈**

မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ နှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားများ ပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို တိုင်းမှူးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များ ပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ဩဂုတ် ၇ ရက်တွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ကချင်ပြည်နယ် ပူတာအိုမြို့ရှိ ဗန္ဓုလခန်းမ၌ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ပူတာအိုခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ဦးစွာ နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ကချင်ပြည်နယ် ပူတာအိုမြို့နှင့် နောင်မွန်းမြို့တို့မှ PDF အဖွဲ့ဝင် အမျိုးသား ငါးဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၀၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် သားဖြစ်သူ အသက် ၁၁ နှစ်အရွယ်ကလေး အပါအဝင် ဆရာ၊ ဆရာမ ခုနစ်ဦးကို PDF အကြမ်းသမားများက ဖမ်းဆီးခေါ်ဆောင်ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး တစ်ဦးကို ပစ်သတ်သွားသည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ၉-၈-၂၀၂၃ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင်**"KIA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကသာမြို့နယ် မိုးတားလေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်မှုကြောင့် ကလေးငယ်တစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူ ငါးဦးဒဏ်ရာရရှိခဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပပြုလုပ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့တွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၈**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (၅၁) နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားကာ စစ်ရေးပြအစီအစဉ် အတိုင်းဆောင်ရွက်ကြသည်။ ထို့နောက် (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မင်္ဂလာနန်းဦးပန်းခြံ (ကလေးကစားကွင်း)အား ဖွင့်လှစ်ခဲ့ပြီး အထိမ်းအမှတ်ကျောက်တိုင်ကို အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။ ယင်းနောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များကို အမှတ်တရ အရုပ်လက်ဆောင်များနှင့် မုန့်များပေးအပ်ကြသည်။

၎င်းနောက် (၅၁)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဆုချီးမြှင့်ခြင်းကို တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ဆက်လက်ပြုလုပ်ရာ တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ လုံခြုံရေးတာဝန်များတွင် အသက်ကိုပမာနမထားဘဲ ရှုပ်ရှုပ်ချုံချုံဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ထူးချွန်အားကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆုရရှိခဲ့ကြသည့် အားကစားသမားများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများ၊ အိမ်ထောင်သည်လိုင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သန့်ရှင်းရေး အကောင်းဆုံးဆုရရှိကြသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ကျင်းပကြပြီး တိုင်းမှူးက ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများပေးအပ်သည်။ ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးကြပြီး သီချင်းများ သီဆိုဖျော်ဖြေကာ စတုဒိသာများ ကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပြည့်ဇာနည် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် ဩဂုတ် ၁၄ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များ ယှဉ်ပြိုင်ကစားစဉ်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၈**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၇ ရက် ညနေပိုင်းတွင် နယ်မြေခံသင်တန်းကျောင်းဝင်း အားကစားခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ထို့နောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဩဂုတ် ၁၄ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# ကျိုင်းတုံမြို့ ကျိုင်းတုံတက္ကသိုလ်၌ မြေငလျင်သဏ္ဍာန်ဇာတ်တိုက် လေ့ကျင့်ခြင်းပြုလုပ်

**နေပြည်တော် ဩဂုတ် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတက္ကသိုလ်၌ မြေငလျင်သဏ္ဍာန် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျိုင်းတုံတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြေငလျင်သဏ္ဍာန် ဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြေငလျင်သဏ္ဍာန်ဇာတ်တိုက်လေ့ကျင့်ခန်းများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးကြပြီး မြေငလျင်သဏ္ဍာန် ဇာတ်တိုက် လေ့ကျင့်ခြင်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို တိုင်းမှူးက ဂုဏ်ပြုဆုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



ကျိုင်းတုံမြို့ ကျိုင်းတုံတက္ကသိုလ်၌ မြေငလျင်သဏ္ဍာန်ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ဩဂုတ် ၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၈**

ဩဂုတ် ၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၂၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲ အတည်ပြုလူနာသစ် သုံးဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၁၁၀၀ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၉၀၈ ဦး |

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဩဂုတ် ၈**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါးကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာသောဈေးနှုန်းများဖြင့်ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# တာချီလိတ်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးအခြေခံလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

**တာချီလိတ် ဩဂုတ် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တာချီလိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးအခြေခံလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့တွင် မိုင်းကိုးကျေးရွာအုပ်စု မောတွီကျေးရွာ၌ပြုလုပ်သည်။

ရှေးဦးစွာ တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲခေါင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်လဲ့လဲ့သင်းတို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းပြီးဆုံးပါက ရရှိလာမည့်အကျိုးကျေးဇူးများကိုရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ တာချီလိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကိုကိုသက်က သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများ၊ သင်တန်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ သင်တန်းနည်းပြများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးတို့က သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ဝါးအခြေခံ လက်မှုထည် ထုတ်လုပ်မှုနည်းပညာသင်တန်းကို မိုင်းကိုးကျေးရွာအုပ်စု မောတွီကျေးရွာမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ဝါးအခြေခံလက်မှုထည် ထုတ်လုပ်နည်းများကို ဩဂုတ် ၈ ရက်မှ ၂၁ ရက်ထိ စာတွေ့လက်တွေ့အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**



# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်း၊ လူသုံးကုန်ပစ္စည်းများ၊ စကျင်ကျောက်ထွက်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ





**နေပြည်တော် ဩဂုတ် ၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဘားအံမြို့ ကမော့ကစင်ကျေးရွာအနီး၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် PE Slipper ဖိနပ် အရန် ၂၅၅၀၊ Lady Sandal ဖိနပ်အရန် ၇၀၀၊ Laminated Down Table အလုံး ၃၀၀ အပါအဝင် ကုန်ပစ္စည်း ၂၄ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၁၃၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၁၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၆ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကျိုင်းတုံမြို့ နောင်ခွန်းပူးပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့မှ တာချီလိတ်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တစ်လက်မ ဆင်ရုပ်အကြမ်းထည် (စကျင်ကျောက်) အခု ၄၄၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၆၅၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၂၆၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူဩဂုတ် ၆ ရက်တွင်အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် Flying Horse Electric Pan Cooker ၉၆ ခု အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၃၀၆၁ နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့်Hino Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၉၃၀၆၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ချောက်မြို့ အမှတ်(၄)ရပ်ကွက်၌ တရားမဝင် ရေနံစိမ်း ဂါလန် ၃၅၀ နှင့် ဆက်စပ်ပစ္စည်းများ၊ လိုင်စင်မဲ့ Hyundai Starex မော်တော်ယာဉ် တစ်စီး၊ Sporter Dayan၊ Shayan နှင့် Yinxing မော်တော်ဆိုင်ကယ် သုံးစီး အပါအဝင် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၂၁၂၀၀ ကို ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေအရလည်းကောင်း၊ နတ်မောက်မြို့နယ် မြို့မကွက်သစ်ရပ်ကွက်၌ တရားမဝင်သစ်မျိုးစုံ သုည ဒသမ ၆၃၉ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၄၂ နှင့် အောင်လံမြို့နယ် မြို့ဝင်သံလမ်းဂိတ်အနီး၌ တရားမဝင်သစ်လက်ပံခွဲသား သုည ဒသမ ၈၅၁ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၈၄၊ အဆိုပါသစ်များ တင်ဆောင်လာသည့် ခေါင်းနီထွန်စက် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀ တို့ကိုသစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၂၅၆၂၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၆ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၃ မှုမှာ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၇၅၁၈၇ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂျော်ဂျီယာနိုင်ငံ မြေပြိုမှုမှ ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေ



**တဘီလစ်ဆီ ဩဂုတ် ၈**

ဂျော်ဂျီယာနိုင်ငံ တောင်တန်းဒေသတစ်ခုတွင် ပြီးခဲ့သည့်သီတင်းပတ်က ဖြစ်ပွားခဲ့သော မြေပြိုမှုမှ အသက်ရှင် ကျန်ရစ်သူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း အာဏာပိုင်များ၏ ဩဂုတ် ၇ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ Euro News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ဂျော်ဂျီယာနိုင်ငံ မြို့တော်တဘီလစ်ဆီ၏ အနောက်မြောက်ဘက် ကီလိုမီတာ ၁၄၀ အကွာရှိ Shovi ဒေသတွင် ဩဂုတ် ၃ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၁ ဦးသေဆုံးပြီး ၃၅ ဦးပျောက်ဆုံးနေကြောင်း သိရသည်။

မြေပြိုမှုဖြစ်ပွားရာနေရာတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မီးသတ်သမားများ၊ ရဲတပ်ဖွဲ့နှင့် စေတနာ့ဝန်ထမ်းများ စုစုပေါင်း ဦးရေ ၄၀၀ ခန့်က ပါဝင်ဆောင်ရွက်လျက်ရှိရာ ယနေ့ထိ သေဆုံးသူ ၁၈ ဦးထိတိုးလာပြီး ၁၆ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ရာ သက်ဆိုင်ရာ အာဏာပိုင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြေပြိုမှုဖြစ်ပွားရာဒေသတွင် သတ္တုတွင်းလုပ်ငန်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းအများအပြားရှိရာ မြေပြိုကျမှုဖြစ်ပွားရခြင်းသည် အဆိုပါလုပ်ငန်းများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးစည်းမျဉ်းများကို ချိုးဖောက်မှုများကြောင့် ဖြစ်နိုင်ခြေ ရှိ၊ မရှိကို စုံစမ်းစစ်ဆေးမှုများဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

ဂျော်ဂျီယာအစိုးရက သေဆုံးသူများ မည်သူမည်ဝါဖြစ်ကြောင်းကို DNA နည်းဖြင့် ခွဲခြားမှုများပြုလုပ်လျက်ရှိပြီး မြေပြိုမှုအတွင်း အဆောက်အအုံများ၊ ဟိုတယ်များ၊ လမ်း၊ တံတားများ ပျက်စီးခဲ့ရကြောင်း သိရသည်။

AZH

# ဆွီဒင်နှင့် နော်ဝေနိုင်ငံတို့တွင် ရေကြီးရေလျှံမှု အနီရောင်အဆင့် သတိပေးချက်ထုတ်ပြန်

**အော့စလို ဩဂုတ် ၈**

လွန်ခဲ့သော သီတင်းပတ်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်လျက်ရှိသဖြင့် ဆွီဒင်နိုင်ငံနှင့် နော်ဝေနိုင်ငံအစိုးရများက ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ အနီရောင်အဆင့်သတိပေးချက်ကို ဩဂုတ် ၇ ရက်တွင် အသီးသီးထုတ်ပြန်ခဲ့ကြောင်း အဆိုပါနိုင်ငံအစိုးရများ၏ထုတ်ပြန်ချက်များကို ကိုးကား၍ အယ်လ်ဂျာဇီးရားသတင်းဌာနက ဩဂုတ် ၇ ရက်တွင် ရေးသားဖော်ပြထားသည်။

လွန်ခဲ့သော သီတင်းပတ်မှစ၍ နော်ဝေနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်လျက်ရှိရာ ဆွီဒင်နိုင်ငံတွင် ဩဂုတ် ၇ ရက်က မိုးရွာသွန်းမှုများပြီး မြေပြိုကျမှုကြောင့် Lggesund ဒေသနှင့် Hudiksvall ဒေသတို့ကိုဆက်သွယ်ထားသော မီးရထားလမ်းပေါ်တွင် ခရီးသည် ဦးရေ ၁၀၀ ကျော်တင်ဆောင်ထားသော ရထားတစ်စီး လမ်းပြိုမှုကြောင့် တိမ်းစောင်းခဲ့ပြီး လူသုံးဦး ထိခိုက်ဒဏ်ရာများရရှိကာ ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း ရဲတပ်ဖွဲ့က အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါနိုင်ငံများတွင် ၂၄ နာရီအတွင်း ရွာသွန်းသောမိုးရေချိန်သည် ပုံမှန်ရွာသွန်းမှုထက် တစ်လခန့် ပိုမိုရွာသွန်းခြင်းများဖြစ်ပေါ်နိုင်ဖွယ်ရှိရာ နော်ဝေနိုင်ငံတွင် ၂၅ နှစ်အတွင်းနှင့် ဆွီဒင်နိုင်ငံတွင် နှစ် ၅၀ အတွင်း အဆိုးရွားဆုံးရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုနှင့် မိုးကြီးမုန်တိုင်းများကြောင့် ဒေသတွင်း ဓာတ်အားလိုင်းများ ပြတ်တောက်လျက်ရှိပြီး ဘောလ်တစ်ပင်လယ်နှင့် မြောက်ပင်လယ်တို့ကြား ဆက်သွယ်ထားသော ရေကြောင်းလိုင်းများအပြင် လေကြောင်းလိုင်းအများအပြားကိုလည်း ဆိုင်းငံ့ထားရကာ နော်ဝေနိုင်ငံတွင် ရထားပို့ဆောင်ရေးလုပ်ငန်းတချို့ကို ဆိုင်းငံ့ထားရကြောင်း သိရသည်။

နော်ဝေနှင့် ဆွီဒင်နိုင်ငံတို့အနီးတွင် ဟန်းစ်အမည်ရှိ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လျက်ရှိရာ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာနိုင်သဖြင့် မြစ်ချောင်းများ၊ တောင်စောင်းများအနီးနေထိုင်ခြင်းများမှရှောင်ရှားရန်နှင့် မလိုအပ်ဘဲ ခရီးသွားလာခြင်းမပြုကြရန် တိုက်တွန်းချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

AZH

# ဝါရှင်တန်ဒီစီတွင် မိုးသက်လေပြင်းကြောင့် အစိုးရရုံးများကို အရေးပေါ်ပိတ်လိုက်ရ

**ဝါရှင်တန် ဩဂုတ် ၈**

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီတွင် ဩဂုတ် ၇ ရက်က မိုးသက်လေပြင်းကျရောက်ခဲ့ပြီး ဝါရှင်တန်ဒီစီရှိ အစိုးရရုံးများကို အရေးပေါ်ပိတ်လိုက်ရကြောင်း အိမ်ဖြူတော်အစိုးရကထုတ်ပြန်ခဲ့သည်ဟု ABC News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ အရှေ့ဘက်ခြမ်းတွင် ဩဂုတ်လ ၇ ရက်က မိုးသက်လေပြင်းအပါအဝင် လေဆင်နှာမောင်းနှင့် မိုးသီးမုန်တိုင်းကျရောက်လာဖွယ်ရှိနေပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေရာအနှံ့အပြားတွင် သစ်ပင်ကြီးများလဲကျသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ ဓာတ်တိုင်လဲကျမှုများကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

တင်နက်ဆီ၊ ဗာဂျီးနီးယားပြည်နယ်နှင့်မယ်ရီလန်းတို့တွင် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသော နေအိမ်ပေါင်း ၂၀၀၀၀၀ ထက်မနည်းရှိနေကြောင်း၊ ထို့ပြင် တောင်ဘက်ပိုင်းပြည်နယ်များတွင်လည်း လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်နေပြီး လျှပ်စစ်မီးပြတ်တောက်မှုဖြစ်ပေါ်နေသည့်နေအိမ်ပေါင်း ၈၀၀၀၀၀ ကျော်ထိရှိနေကြောင်း PowerOutage.us. က ထုတ်ပြန်ခဲ့သည်။

မိုးသက်လေပြင်းကြောင့် အမေရိကန် လေကြောင်းစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့အစည်းက နယူးယောက်မြို့၊ ဝါရှင်တန်ဒီစီ၊ ဖီလာဒယ်ဖီးယားမြို့၊ အတ္တလန္တာမြို့နှင့် ဘယ်တီမိုးမြို့တို့တွင် ထွက်ခွာသွားသော လေကြောင်းခရီးစဉ်များကို မြေပြင်သို့ အမြန်ဆုံးပြန်လည်ဆင်းသက်ရန် ညွှန်ကြားခဲ့သကဲ့သို့ ထွက်ရန်ပြင်ဆင်နေသော လေကြောင်း ခရီးစဉ်များကိုလည်း ဆိုင်းငံ့ထားရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**



# မက္ကဆီကိုနိုင်ငံတွင် ဟင်္ဂါတာလင်းပိုင်မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မည့်အရေးဖြင့် ရင်ဆိုင်နေရ

**မက္ကဆီကိုစီးတီး ဩဂုတ် ၈**

မက္ကဆီကိုနိုင်ငံ ရေပိုင်နက်အတွင်း ကျင်လည်ကျက်စားနေသော ဟင်္ဂါတာလင်းပိုင်မျိုးစိတ်များသည် မျိုးသုဉ်းပျောက်ကွယ်သွားတော့မည့်အရေးဖြင့် ရင်ဆိုင်နေရကြောင်း ဗြိတိန်နိုင်ငံအခြေစိုက် International Whaling Commission (IWC) က ထုတ်ပြန်ခဲ့သည်ဟု Flipboardသတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဟင်္ဂါတာလင်းပိုင်များသည် လင်းပိုင်မျိုးစိတ်များအနက် အရွယ်အစားအသေးဆုံး လင်းပိုင်များဖြစ်ကြပြီး ၎င်းတို့၏ မူရင်းဇာတိမှာ မက္ကဆီကိုနိုင်ငံ ကယ်လီဖိုးနီးယားပင်လယ်ကွေ့မှဖြစ်ကြပြီး ရာသီဥတုပြောင်းလဲမှုအပြင် လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် ဟင်္ဂါတာလင်းပိုင်များ မျိုးသုဉ်းပျောက်ကွယ်တော့မည့်အရေးဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"နို့တိုက်ရေအောက်သတ္တဝါမျိုးစိတ်တချို့ဟာ ရာသီဥတုပြောင်းလဲမှုတွေကြောင့် စိုးရိမ်ဖွယ်ရာအခြေအနေတွေနဲ့ ရင်ဆိုင်နေရတယ်။ တချို့မျိုးစိတ်တွေဟာ မျိုးသုဉ်းပျောက်ကွယ်သွားဖွယ်ရှိနေသလို တချို့မျိုးစိတ်တွေက အကောင်ရေ သိသိသာသာ လျော့ကျလာဖွယ်ရှိနေပါတယ်။ မက္ကဆီကိုနိုင်ငံမှာဆိုရင် ဟင်္ဂါတာလင်းပိုင်မျိုးစိတ်တွေ မျိုးသုဉ်းပျောက်ကွယ်သွားဖွယ်ရှိနေတယ်။ ရာသီဥတုပြောင်းလဲမှုအပြင် တံငါသည်တွေရဲ့ ငါးဖမ်းပိုက်တွေ၊ ရေနံတူးဖော်ရေး လုပ်ကွက်တွေကြောင့် ဟင်္ဂါတာလင်းပိုင်မျိုးစိတ်တွေရဲ့ အနာဂတ်ဟာစိုးရိမ်ဖွယ်ရာ အခြေအနေကို ရောက်ရှိနေပါပြီ" ဟု International Whaling Commission (IWC) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဟင်္ဂါတာလင်းပိုင်များသည် တရားမဝင်ငါးဖမ်းနေသော တံငါသည်များ၏ ငါးဖမ်းပိုက်များတွင် ပိတ်မိခဲ့သကဲ့သို့ အချို့လင်းပိုင်များမှာ ငါးဖမ်းပိုက်များအတွင်း၌ပင် သေဆုံးခဲ့ကြရကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် အလိုအလျောက်သေဆုံးသည့်ဖြစ်စဉ်များလည်း ဖြစ်ပေါ်နေသည့်အတွက် International Whaling Commission (IWC) က မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းကို ဟင်္ဂါတာလင်းပိုင်မျိုးစိတ် မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးအတွက် လိုအပ်သော တားဆီးကာကွယ်မှုများပြုလုပ်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။


**ခိုင်းဆက်**

## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



# မေတ္တာဝင်ပေါက်

မောင်လွှား(ဝမ်းတွင်း)




(၁)

"တကတဲ ပြောကိုမပြောချင်တော့ဘူး။ ဘယ်လိုဟာတွေလဲမသိဘူး။ ဒါနဲ့ပတ်သက်ပြီး ခဏခဏပြောနေရတာ"

တောင်ဘက်အိမ်က သန်းဆင့်၏ တဖျစ်တောက်တောက်ပြောဆိုသံများကို ကျွန်မအတိုင်းသားကြားနေရသည်။ ကျွန်မတို့အိမ်ဘက်လှည့်၍ မကြားကြားအောင် အော်ပြောနေသော သန်းဆင့်၏အသံများကို မကြားချင်ယောင်ဆောင်၍ ညစာထမင်းစားရန် ခူးလက်စထမင်းကို ဆက်ခူးလိုက်သည်။ သို့သော် သန်းဆင့်၏ပြောဆိုသံများက ရှန့်ရင်းကြမ်းတမ်းကာ ပို၍ဆိုးလာသည်။ ကျွန်မလည်း ထပ်သည်းမခံနိုင်သည့်အဆုံး ထဘီကိုခပ်တင်းတင်းဝတ်၍ ပြန်လည်ချေပပြောဆိုရန် အိမ်ရှေ့သို့ထွက်လာလိုက်သည်။

"ဟဲ့ လှရင် ဘာသွားပြောမလို့လဲ။ နေစမ်းပါဟာ။ သူ့ဘာသာသူမောရင်ရပ်သွားလိမ့်မယ်"

"ဟုတ်ပါတယ် အမေရယ်။ သူတို့နဲ့ဖက်ပြိုင်ပြီးရန်ဖြစ်မနေပါနဲ့ဗျာ"

ယောက်ျားဖြစ်သူ ကိုထွန်းခိုင်နှင့် သားဖြစ်သူဆန်းလင်းတို့က ကျွန်မကို ဟန့်တားကြသည်။

"ကိုထွန်းခိုင် တော် ကျုပ်ကိုလာမတားနဲ့။ ဒီဟာမက သည်းခံလေရောင့်တက်လေဖြစ်နေတာ"

ကျွန်မ ယောက်ျားဖြစ်သူ ကိုထွန်းခိုင်ကိုပြော၍ အိမ်ပေါ်မှ ခပ်သွက်သွက်ဆင်းခဲ့လိုက်သည်။

"ဟဲ့ လှရင် ဩော်. . . ဒုက္ခပါပဲဟာ"

"ဒီမှာ သန်းဆင့် ရွဲ့သလိုလို စောင်းသလိုလိုလာမလုပ်နဲ့။ ပြောချင်ရင် တဲ့တိုးပြော"

"အမယ်လေး. . . သူကပဲပြောရတယ်ရှိသေးတယ်။ နင်တို့သာ စည်းကမ်းရှိရင် ငါတို့က ဘာမှပြောနေစရာအကြောင်းမရှိဘူး။ နင်တို့ စည်းမရှိကမ်းမရှိပုံထားတဲ့ နွားချေးတွေက ငါတို့ဘက်ကိုရောက်နေပြီဟေ့"

သန်းဆင့်၏ မဲ့ကာရွဲ့ကာ အော်ပြောသံကြောင့် ကျွန်မစိတ်ထဲ ဆတ်ဆတ်ထိမခံဖြစ်သွားကာ ဒေါသသံဖြင့် ပြန်အော်ပစ်လိုက်သည်။

"ဟဲ့ ငါတို့ခြံဝင်းက ဒီသစ်ပင်ထိဟဲ့။ တစ်ရွာလုံးသိတယ်။ အဲဒါကြောင့် ငါပုံထားတာအေး။ ပုံတော့ဘာဖြစ်လဲ။ အခုလဲ နွားချေးပုံက သစ်ပင်နဲ့ တစ်တောင်တောင်ကွာတယ်ဟဲ့"

"အမယ်လေး. . . သူများမြေကိုများ သူတို့မြေတဲ့လိုချင်ရင်ယူဟေ့။ သန်းဆင့်တို့က ရေစက်ပါချ ပေးလိုက်မယ်"

"ဟေ့ အားလုံးတော်ကြတော့။ လှရင် နင်လဲတော်တော့ မပြောတော့နဲ့။ နင်တို့ကလေ သူစိမ်းတွေလဲမဟုတ်ကြဘဲနဲ့။ ငါ ဘာအသံမှမကြားချင်တော့ဘူး"

"အိုတော်၊ ကိုထွန်းခိုင် တော် ကျုပ်ကို ဘာမှလာပြောစရာမလိုဘူး။ တော့်ညီမကိုသာ တော်နိုင်အောင်ထိန်း"

"သန်းဆင့် နင်လဲတော်တော့ မပြောနဲ့တော့"

"တော်မှာပါ အစ်ကို။ ကျုပ်ကလဲ ဆက်ပြီးစကားမပြောချင်တော့ဘူး။ မနက်ဖြန် သက်ဆိုင်ရာလူကြီးတွေကိုခေါ်ပြီး ခြစည်းရိုးခတ်ပစ်မယ်"

"အေးပါ အေးပါ သန်းဆင့်ရယ် ခတ်ပါ"

"ခတ်ဟေ့ ခတ် လှရင်တို့ကလဲ ခြံစည်းရိုးခတ်လေ ပိုကြိုက်လေပဲ"ဟု ကျွန်မ မဲ့ကာရွဲ့ကာဖြင့် ပြန်အော်ပြောပစ်လိုက်သည်။

"ဟဲ့ လှရင် ငါ တော်တော့လို့ပြောနေတယ်နော်"

(၂)

သည်ည ဒေါသအရှိန်ကြောင့် ကျွန်မစိတ်များ မကြည်မလင်ဖြစ်နေသည်။ အရာရာကို မကောင်းအမြင်များဖြင့်သာ မြင်နေမိသည်။ ဘယ်လိုမှလည်း အိပ်မရပေ။ ဟိုတွေးသည်တွေး တွေးတော၍ အတွေးနယ်ထဲရစ်ဝဲနေမိသည်။ သန်းဆင့်က ကျွန်မယောက်ျား ကိုထွန်းခိုင်၏ ညီမအရင်း ကျွန်မယောက်မဖြစ်သည်။ ယခင်က ကျွန်မနှင့်သန်းဆင့် ညီအစ်မသဖွယ်ချစ်ခင်ခဲ့ကြသလို မိသားစုတစ်စုနှင့်တစ်စု ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အတူတကွနေထိုင်ခဲ့ကြသည်။

"အမေလှ ဘာတွေလုပ်နေတာတုံး"

"ဟယ် သမီး ကျောင်းဆင်းလာပြီလား"

"ဟုတ်တယ် အမေလှရဲ့။ သမီးအမေက အမေလှဆီမှာ ကြက်သွန်နီချေးထားတာတဲ့။ အဲဒါ သွားယူအုံးဆိုလို့ သမီးလာယူတာ။ ပြီးတော့ အမေက စပါးမျိုး ၁၀ တင်းလောက်လဲ ချန်ထားအုံးတဲ့"

"အင်းပါ ဟုတ်ပါပြီ။ ကဲရော့ ကြက်သွန်နီယူသွားလိုက်။ သမီးအမေ သန်းဆင့်ကိုလဲပြောလိုက်အုံးနော်။ အမေလှက ချေးတာမဟုတ်ဘူး။ ဒီအတိုင်းအလကားပေးလိုက်တာလို့"

"ဟုတ် အမေလှ"

သန်းဆင့်သမီးလေးက ကြက်သွန်နီအိတ်ကလေးကိုယူကာ ပြန်ထွက်သွားသည်။

ကျွန်မလည်း သန်းဆင့်၏ ချစ်စရာကောင်းသောသမီးလေးနောက်ကျောကို ငေးကြည့်၍ ဘာရယ်မသိ ကျွန်မအလိုလိုပြုံးနေမိသည်။

"ဟယ် ကိုထွန်းခိုင် တော်ပြန်လာမှ ကျုပ်သတိရတယ်။ စောစောက သန်းဆင့်ရဲ့သမီးရှင်းသန့် လာပြောသွားတယ်။ တော့်ညီမသန်းဆင့်က စပါးမျိုး ၁၀ တင်းလောက်ချန်ထားအုံးတဲ့"

"အေးကွာ။ သန်းဆင့်တို့မှာ နှစ်တိုင်း စပါးကလဲ အလျှဉ်မီတယ်လို့ကိုမရှိဘူး။ သူတို့မှာ မျိုးစပါးလေးတောင် မချန်နိုင်ဘူး"

"ဩော်. . . ကိုထွန်းခိုင်ရယ်။ တော့်နှယ် ရေးကြီးခွင့်ကျယ်လုပ်ပြီး ပြောနေသေးတယ်။ စပါးကျန်ရင်တောင် သန်းဆင့်ယောက်ျား မောင်လုံးက ရောင်းစားတာပဲလေ။ ချန်ပေးလိုက်ပါ။ နှစ်တိုင်းလဲ ချန်ပေးနေကျပဲ။ သန်းဆင့်ကလဲ ကျွန်မတို့အလုပ်တွေကို သူနိုင်သလောက်ကူလုပ်ပေးနေတာ တော်လဲအသိလေ"

"အေးပါ လှရင်ရယ်။ မောင်လုံးဆိုမှ မင်းကိုပြောဖို့ ငါအခုမှသတိရတယ်။ အဲဒီကောင်ကလဲ ဟိုဘက်ရွာက မြင့်စိန်တို့နဲ့ ဖားကန့်ကို ရေမဆေးကျောက်ဆိုလားဘာဆိုလားပဲ သွားရှာမလို့တဲ့။ အဲဒါ သန်းဆင့်ကို စရိတ်အတင်းရှာခိုင်းနေတာတဲ့။ တို့ဆီပဲ ဦးလှည့်လာအုံးမယ်ထင်တယ်ဟာ"

ကိုထွန်းခိုင်၏ပြောစကားများကို နားထောင်၍ ကျွန်မ သက်ပြင်းချလိုက်မိသည်။ ဟုတ်ပါသည်။ သန်းဆင့်က သူတစ်ခုခုအလိုရှိလျှင် ကျွန်မတို့အိမ်သို့အရင်လာ၍ အကူအညီတောင်းလေ့ရှိသည်။ သို့သော် ယခုလာလျှင်လည်း ကူညီနိုင်မည်မဟုတ်။ လယ်စိုက်ပျိုးစရိတ်ကရှိသေးသည်။ ထင်သည့်အတိုင်းပင် နောက်တစ်နေ့ သန်းဆင့်တစ်ယောက် ကျွန်မအိမ်ဘက်သို့ရောက်လာ၍ ငွေချေးလေသည်။ လယ်စိုက်စရိတ်နှင့် ဓာတ်မြေသြဇာများအတွက် ငွေကြေးများထားရှိရဦးမည်။ ထို့ကြောင့် သန်းဆင့်ချေးငှားသော ငွေပမာဏကို ကျွန်မတို့မတတ်နိုင်သောကြောင့် အကျိုးအကြောင်းပြောပြကာ ငြင်းလွှတ်လိုက်ရသည်။ သန်းဆင့်က သူ့ကိုမချေးချင်၍ လိမ်ညာလွှတ်သည်ဟု ထင်သွားသည်လားမသိပေ။ ထိုအချိန်ကစ၍ သန်းဆင့်နှင့် သူ၏သမီးရှင်းသန့်တို့ ကျွန်မတို့အိမ်သို့ အကူးအသန်းမလုပ်တော့ပေ။ သန်းဆင့်တစ်ယောက် ဘေးအိမ်မှ ငွေတိုးရှာ၍ မောင်လုံးကို မြင့်စိန်တို့နှင့် ဖားကန့်သို့ထည့်လိုက်လေသည်။ ကျွန်မတို့မကောင်းကြောင်းများ ပတ်ဝန်းကျင်တွင်ပြောနေသော သူ့စကားသံများကိုလည်း တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ပြန်ကြားသိရသည်။ ထိုစကားများ ကိုထွန်းခိုင်ကို ပြန်ပြောပြသောအခါ ကိုထွန်းခိုင်က-

"လှရင်ရယ် ဆိုစကားတောင်ရှိသေးတယ်ဘာတဲ့။ လူ၏အကြိုက်ဆယ်ခါလိုက် မလိုက်တစ်ခါရှိခဲ့ပါမူ ကြီးစွာရန်သူစွဲမှတ်ယူ၏တဲ့။ ငါတို့က သူ့အပေါ် ဘာမျှော်လင့်ချက်မှမထားဘဲ စေတနာမေတ္တာတွေနဲ့ တတ်နိုင်သမျှကူညီခဲ့တယ်လေ။ ငါ့ညီမလေးကို အပြစ်မမြင်ပါနဲ့ဟာ။ ငါတို့စေတနာမေတ္တာတွေကို သူသိလာမှာပါ"

ထိုကဲ့သို့ပြောသော ကိုထွန်းခိုင်၏စကားကို နားထောင်၍ ကျွန်မသည်းခံခဲ့သည်။ သို့သော် သန်းဆင့်ကမူ ကျွန်မတို့အပေါ်တွင် မကောင်းမြင်ကာ ရွဲ့စောင်းနေတုန်းပင်ဖြစ်သည်။ ကျွန်မ အတွေးနယ်ချဲ့နေသည်မှာ မည်မျှပင်ကြာသွားသည်မသိ လူခြေတိတ်နေပြီဖြစ်သောကြောင့် မျက်စိကိုမှိတ်ကာ အိပ်စက်လိုက်သည်။

(၃)

နံနက်မိုးလင်းသည်နှင့် ခြံဝင်းမြေတိုင်းတာရန်လူကြီးများရောက်လာကြသည်။ သူတို့လုပ်ထုံးလုပ်နည်းအတိုင်းလုပ်နေကြသည်။

"ကဲ. . . ဒါကအရင်အတိုင်း။ စာရေးကိုယ်တိုင်တိုင်းတာပေးထားတဲ့အမှတ်အသားပဲ။ အခု ကြိုးဆွဲပြီးတိုင်းပေးထားတယ်။ ဒီတမာပင်က လှရင်တို့ဘက်ကအပင်ပဲ။ သန်းဆင့်ကော၊ လှရင်ကော ကျေနပ်ကြရဲ့လား"

"ဟုတ် ကျေနပ်ပါတယ်"

"ကျုပ် ဒီနေ့ပဲ ခြစည်းရိုးခတ်မယ်။ နောင်တစ်ချိန်ရှုပ်ရှုပ်ယှက်ယှက်တွေမဖြစ်ချင်ဘူး"

"အင်းပါ အဲဒါ ညည်းတို့သဘောပါ။ ကိုယ့်အချင်းချင်းတွေပဲလေ သင့်သင့်မြတ်မြတ်နေကြပေါ့ဟာ"

သန်းဆင့်တစ်ယောက် လူအငှားခေါ်၍ ခြံစည်းရိုးခတ်လေသည်။ ကျွန်မ သည်နေ့စိတ်ကြည်လင်နေသည်။ တမာပင်မြောက်ဘက်ထိ ကျွန်မရသောကြောင့်မဟုတ်ပေ။ တမာပင်သည် ကျွန်မတို့အပင်ဖြစ်ကြောင်းတစ်ရွာလုံးသိကြသည်။ ကျွန်မ ဘယ်သူ့အပေါ်မှ မတော်မတရားမလုပ်ထားကြောင်းကို ရွာရှိလူအများသိသွားသောကြောင့်ဖြစ်သည်။ အချိန်ကြာသော်လည်း သန်းဆင့်၏ရွဲ့စောင်းမှုများမှာ မပြောင်းလဲပေ။ သို့သော် ကျွန်မသည်းခံခဲ့သည်။

(၄)

"လုပ်ကြပါအုံး လာကြပါအုံး။ အမေ အမေ့လုပ်ကြပါအုံး ဟီး ဟီး"

"ဟဲ့ ဘာဖြစ်တာလဲမသိဘူး။ ကိုထွန်းခိုင် တော့်ညီမ ဘာဖြစ်တာလဲမသိဘူးတော်။ ရှင်းသန့်ကလေး အော်ငိုနေတာ သွားကြည့်ပါအုံး"

ရှင်းသန့်၏ အော်သံကြားသောအခါ ကျွန်မအလန့်တကြားဖြစ်သွားသည်။ ကျွန်မလည်း ချက်ချင်းဆိုသလို ခုတင်ပေါ်တွင်အိပ်နေသော ကိုထွန်းခိုင်ကို လှမ်းအော်ပြောလိုက်သည်။ ကိုထွန်းခိုင်နှင့် သားဆန်းလင်းတို့ ချက်ချင်းပင် သန်းဆင့်တို့အိမ်သို့ပြေးသွားလေသည်။ ဘေးပတ်ဝန်းကျင်ရှိလူတချို့လည်း အပြေးအလွှားသွားနေကြသည်။ ကျွန်မလည်း ဘယ်လိုမှမနေနိုင်သည့်အဆုံး ကိုထွန်းခိုင်တို့၏နောက်မှ အပြေးလိုက်သွားမိသည်။

"ဟာ သန်းဆင့် ဘာဖြစ်တာတုံး"

"လုပ်ကြပါအုံး ဟီး။ ဦးဦး အမေ့ကိုကယ်ပါအုံး"

"သန်းဆင့် ညီမလေး သန်းဆင့်"

"ဗိုက်တွေအောင့်တယ်။ အား အောင့်လိုက်တာအစ်ကိုရယ်။ အမယ်လေး ကျွတ် ကျွတ်"

"ထွန်းခိုင် မင်းညီမကို ဆေးရုံပို့မှ ဖြစ်မယ်နော်"

"ဟုတ်တယ်ကိုထွန်းခိုင်၊ ကျုပ်တို့ သန်းဆင့်ကိုဆေးရုံအမြန်ပို့ကြရအောင်တော်"

"အေး လှရင်ရေ နင် လိုအပ်တာတွေအမြန်ယူဟာ။ ကားအမြန်ခေါ်ပေးကြပါအုံးဗျ"

"ကားခေါ်ထားပြီ ဦးထွန်းခိုင်"

"အား အမယ်လေး ကျွတ်ကျွတ် နာလိုက်တာ"

"အမေလှ သမီးတို့မှာ ပိုက်ဆံမရှိဘူးအမေလှရဲ့"

ရှင်းသန့်က ငိုသံဖြင့်ပြောလေသည်။

"ရတယ်သမီး အမေလှတို့မှာရှိတယ်။ အမေလှ အိမ်ကိုပြေးယူလိုက်အုံးမယ်။ သမီး ဟိုမှာကားဝင်လာပြီ ဒီခြင်းတောကားပေါ်တင်ထားလိုက်နော်"

စာမျက်နှာ ၂၅သို့ ➤

# မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၁၃၇ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၁၃၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၁၉၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၆၁၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မော်လိုက်မြို့နယ်မှာ မိုးစပါးဧက ၁၉၀၀၀ ကျော် လျာထား စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ မိုးစပါးစိုက်ပျိုးရာမှာ စနစ်တကျ စိုက်ပျိုးပြီး အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်နေတယ်။ စိုက်ပျိုးနည်းစနစ်တွေ၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ကာကွယ်နည်းလမ်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက မော်လိုက်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးစပါးဧက ၁၉၅၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မော်လိုက်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန် သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် ခွေ့သီးနှံစိုက်ပျိုးရာသီက မော်လိုက်မြို့နယ်တွင် ခွေ့စပါးဧက ၂၇၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ကြရာ ခွေ့စပါး ၁၆၈၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မိုးမိတ်မြို့နယ် ဘော်လားအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးမိတ် ဩဂုတ် ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘော်လားအင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၂၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဘော်လားအင်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုသည့် အသင်းသား၊ အသင်းသူ ၉၁ ဦးကို ပထမအကြိမ်အဖြစ် ရန်ပုံငွေကျပ်သိန်း ၂၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



➤ စာမျက်နှာ ၂၄မှအဆက်

ကျွန်မ အိမ်သို့ခပ်သွက်သွက်သွား၍ လိုအပ်သောငွေများယူကာ ကိုထွန်းခိုင်နှင့်အတူ ဆေးရုံသို့လိုက်ပါခဲ့သည်။

(၅)

"သန်းဆင့် နင်အဆင်ပြေရဲ့လား။ သက်သာလား"

"ဟုတ် သက်သာတယ်အစ်ကို"

"တော်သေးတာပေါ့ဟာ။ နင် အူအတက်ပေါက်တာတဲ့။ အခုတော့ ခွဲစိတ်ပြီးသွားပြီဆိုတော့ စိတ်မပူရတော့ဘူး"

"အစ်မလှ၊ အစ်မလှကိုလဲ ကျွန်မကျေးဇူးတင်ပါတယ် အစ်မရယ်။ အခုလို အစစအရာရာ လက်တွေ့ကူညီပေးတော့ အစ်မလှတို့ရဲ့ စိတ်ရင်းစေတနာမှန်ကို ကျွန်မနားလည်ပါပြီ။ ကျွန်မ အစ်မလှတို့အပေါ် ကို မကောင်းခဲ့တာတွေအတွက် တောင်းပန်ပါတယ်နော်အစ်မလှ"

ခုတင်ပေါ် တွင် လဲလျောင်း၍ ညင်သာသောအသံဖြင့် တောင်းပန်နေသော သန်းဆင့်ကိုကြည့်၍ ကျွန်မ သနားနေမိသည်။

"ကျွန်မသိပါပြီ အစ်ကိုနဲ့အစ်မရယ်။ ကျွန်မမှာ ကိုမောင်လုံးကလဲအဝေးရောက်နေတော့ အခုလိုအရေးအကြောင်းဆိုရင် ကျွန်မတစ်ယောက်တည်း"

သန်းဆင့်တစ်ယောက် စကားပြောရင်း စီးကျလာသောမျက်ရည်များကို လက်ဖမိုးဖြင့် သုတ်လိုက်သည်။

"အစ်ကိုနဲ့အစ်မကို ကျေးဇူးတင်ပါတယ်"ဟု လက်အုပ်ချီ၍ ပြောဆိုလေသည်။

"ရပါတယ် သန်းဆင့်ရယ်။ ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့။ အစ်မတို့ ရှိတယ်နော်။ အစ်မတို့က ညီမလေးအပေါ် မှာ စိတ်မကွက်ခဲ့သလို မေတ္တာလဲမပျက်ခဲ့ပါဘူး"

"ဟုတ်တယ် သန်းဆင့်၊ အစ်ကိုတို့က ခွင့်လွှတ်ပြီးသားပါ။ အခုလဲ ဆေးရုံမှာ နှစ်ရက်၊ သုံးရက်လောက်တော့နေရအုံးမှာ။ နောက်ပိုင်းကအိမ်ကိုလဲ ဘာမှစိတ်မပူနဲ့။ သားဆန်းလင်းကို အကုန်ကြည့်လုပ်ခိုင်းထားတယ်"

"အစ်ကို သားဆန်းလင်းကို အစ်ကိုတို့အိမ်နဲ့ ညီမလေးအိမ်ကြားက ခြံစည်းရိုးကို ဝင်းထရံတစ်ချပ်လုပ်ခိုင်းပေးပါနော်။ ညီမလေးအပေါ် ထားတဲ့ အစ်ကိုနဲ့ အစ်မတို့ရဲ့ စေတနာမေတ္တာတွေကို ညီမလေးသိပါပြီ။ အစ်ကိုတို့၊ အစ်မတို့ရဲ့မေတ္တာတွေကို ညီမလေးတို့မိသားစု ဆက်ပြီးရချင်လို့၊ ပြီးတော့ ညီမလေးကလဲ မေတ္တာတွေပြန်ပေးချင်လို့ မေတ္တာဝင်ပေါက်လေး ဖောက်ခွင့်ပြုပါနော် အစ်ကိုနဲ့အစ်မလှ"

သန်းဆင့် ထိုသို့ပြောသောအခါ သန်းဆင့်ကို ပြုံး၍ကြည့်နေသူက ကိုထွန်းခိုင်ပင်ဖြစ်သည်။ ကျွန်မလည်း ပြုံးပျော်ရွှင်နေမိသည်။ ကိုထွန်းခိုင်ပြောသည့်အတိုင်း ကျွန်မတို့မေတ္တာစေတနာများကို သန်းဆင့်တစ်ယောက် နားလည်လာသည်။ အပြန်အလှန်မေတ္တာများနှင့် အေးချမ်းပျော်ရွှင်သော နှစ်အိမ့်တစ်အိမ် မိသားစုအသိုက်အဝန်းလေးဖြစ်လာတော့မည်ကိုတွေး၍ ကျွန်မပျော်နေမိပါတော့သည်။

## မြတ်ပညာ

- တန်ဖိုးထား မြတ်ပညာ၊
  လမ်းမှန်ကို တည့်မတ်ပေးသမို့
  လေးစားသင်ပါ၊
  လမ်းမှားသို့ မရောက်ရာ
  ပန်းတိုင်သာ အလင်းပြ၊
  ပညာသည် မြတ်ရွှေအိုးတဲ့
  မြတ်နိုးသင်ကြ။

- ကြီးမြတ်သော မြတ်ပညာ၊
  ဆင်ခြင်တုံ အသိစိတ်
  ထိပ်တန်းရှိကာ၊
  ပညာကြောင့် စိတ်ချမ်းသာ
  ဘဝလမ်းမှာ ဖြောင့်ဖြူး၊
  ပညာသည် လူ့မခိုးသမို့
  ကြိုးစားဆည်းပူး။

- လမ်းပြသည့် မြတ်ပညာ၊
  လူ့အလယ် အသွင်တင့်ဆန်း
  ဂုဏ်ပန်းမွှေးကာ၊
  ခေါင်းဆောင်ကောင်း ဖြစ်မြဲပါ
  လောကမှာ ထိပ်တန်းရောက်၊
  ပညာကို စနစ်ကျဖြင့်
  သင်ကြဆက်လျှောက်။

- တိုးတက်သည့် မြတ်ပညာ၊
  နိုင်ငံ့ဂုဏ် အများကျိုး
  သယ်ပိုးဖို့ရာ၊
  ပညာရေး ခေတ်မီကာ
  စိတ်ဓာတ်သာ မြင့်တင်ပေး၊
  ထူးချွန်ရန် လေ့လာမနား
  ကြိုးစားစို့လေး။ ။

**မောင်မျိုးချစ်(အညာမြေ)**

# ဒေးဒရဲမြို့နယ် ဒေါင့်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဒေးဒရဲ ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဒေါင့်ကြီးကျေးရွာအုပ်စု ဒေါင့်ကြီးကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဒေါင့်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ဒေါင့်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူ ၂၄၂ ဦးကိုစီမံကိန်းရန်ပုံငွေကျပ် ၄၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းသန်းမိုး**

# ကိုယ်ကျန်းမာမှ စိတ်ချမ်းသာမည်

## နုခန့်ယဉ်(ရစ်ကန်ကြီး)

လူသားဟူသည်ကား အသွေးအသားတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။ ခန္ဓာကိုယ်ကို တောင့်တင်းသန်မာရန် အရိုးများ၊ အသားများဖြင့် ဖွဲ့စည်းထားသည်မှန်သော်လည်း အသက်ရှင်သန်နေထိုင်ရေးအတွက် အဓိကမှာ သွေးလည်ပတ်ခြင်းပင်ဖြစ်သည်။ လူ့ခန္ဓာကိုယ်၏ သွေးလည်ပတ်မှုစနစ်မမှန်ကန်ပါက ကျန်းမာရေးချို့တဲ့ခြင်း ခံစားရမည်ဖြစ်သည်။ လူသားတို့၏ ခန္ဓာကိုယ်တွင်ရှိသော သွေးကြောများကို ဆွဲဆန့်လိုက်လျှင် မိုင် ၆၀ မျှ ရှည်လျားသည်ဟု မှတ်သားဖူးသည်။ ထိုသွေးကြောများသည် သွေးတွင်းအောက်ဆီဂျင်ရရှိမှု အားကောင်းမှသာလျှင် သွေးသားသန့်စင်၍ ကျန်းမာရောဂါကင်းခြင်းရလဒ်ကို ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာခြင်းအတွက် အစားအသောက်ကို ဆင်ခြင်ရုံသာမက အချို့သော ကိုယ်လက်လှုပ်ရှား အားကစားများကို ပြုလုပ်ကြရမည်ဖြစ်သည်။

**ကျန်းမာခြင်း**

"အာရောဂျပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့သည်။ လူသားအတွက် ကျန်းမာခြင်းရလဒ်သည် ဘုရားပေးသောဆုဟူ၍ပင် ရှေးလူကြီးများ ဆိုလေ့ရှိသည်။ ကျန်းမာခြင်းအကျိုးတရားနှင့်ပြည့်စုံသောသူသည် အမြဲတမ်းရွှင်လန်းတက်ကြွနေမည်သာဖြစ်သည်။ စိတ်သွားတိုင်းကိုယ်ပါ၍ စေလိုရာစေနိုင်ကြသူများဖြစ်သည်။ မကျန်းမာသောသူသည် စိတ်သွားတိုင်းကိုယ်မပါနိုင်ချေ။ မိမိအလိုရှိရာကိုလည်း စိတ်ထင်တိုင်းပေါက်မြောက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ချေ။ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောတာဝန်များကိုလည်း အလိုရှိတိုင်း ဆောင်ရွက်နိုင်ရန်ခက်ခဲလှပေသည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးမည်မျှပင် ပြည့်စုံစေကာမူ ကျန်းမာခြင်းမရှိပါက ပြည့်စုံသူဟူ၍ သတ်မှတ်မရပါ။ ကျန်းမာခြင်းသည် လူသားတိုင်းအတွက် အလွန်အရေးကြီးသည်။ ကျန်းမာရေးဝန်ဆောင်မှုများဖြင့် အမြဲမပြတ်စောင့်ကြည့်၍ မိမိကိုယ်ကိုဂရုစိုက်ခြင်းသည် အစစ်အမှန်ကျန်းမာခြင်းမဟုတ်ပေ။ ခေတ်မီဆေးဝါးများဖြင့် ဆေးကုသမှုခံယူ၍လည်းကောင်း၊ ကြိုတင်ကာကွယ်မှုပြုလုပ်ခြင်းသည်လည်းကောင်း ကျန်းမာခြင်းဟူ၍ မခေါ်မည်ထိုက်ပေ။

အမှန်တကယ်ကျန်းမာခြင်းဟူသည်ကား မည်သည့်ဆေးဝါးကိုမျှ မှီဝဲခြင်းမရှိဘဲ နေထိုင်နိုင်ခြင်းကိုသာ ဆိုလိုသည်။ အမှန်တကယ် ကျန်းမာခြင်းကိုလိုလားပါက ကိုယ်လက်လှုပ်ရှားခြင်း၊ စားသောက်မှုပုံစံမျှတအောင် စားသုံးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ နေထိုင်မှုပုံစံပြောင်းလဲခြင်းတို့ကိုသာပြုလုပ်ကြရမည်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားကစားခြင်းသည် ဗလငါးတန်ကို ဖွံ့ဖြိုးစေသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်လက်လှုပ်ရှားနေသူသည် ကျန်းမာခြင်းရလဒ်ကိုပိုင်ဆိုင်ထားသောကြောင့်ဖြစ်သည်။ ကျန်းမာလျှင်အလုပ်လုပ်နိုင်မည်။ အလုပ်လုပ်နိုင်လျှင် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလဖွံ့ဖြိုးမည်။ လူမှုရေးနယ်ပယ်တွင် ပေါင်းသင်းဆက်ဆံရေးကျယ်ပြန့်၍ မိတ္တဗလ၊ ဘောဂဗလ ဖွံ့ဖြိုးလာမည်။ ထို့ကြောင့် ကျန်းမာရေးကိုမြှင့်တင်ကြပြီး ဗလငါးတန်ဖွံ့ဖြိုးရန် လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး ကိုယ်လက်လှုပ်ရှားပေးခြင်းများလုပ်ဆောင်သင့်သည်။

**ကျန်းမာခြင်းနှင့်သိပ္ပံနည်းကျမှု**

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူသားတို့အတွက် ကျန်းမာရေးသည် ပို၍ပင်အရေးကြီးသည်။ ခေတ်မီနည်းပညာများဖြင့် ထုပ်ပိုးထားသော အစားအစာများကို လူအများစုက ပိုမိုနှစ်သက်လာကြသည်။ ခေတ်နှင့်အပြိုင် လှုပ်ရှားရုန်းကန်ကြရသည့်အခါ အချိန်ကိုချွေတာမှုနှင့်အတူ ဓာတုပစ္စည်းများ ပါဝင်သော အဆင်သင့်ထုပ်ပိုးထားသည့်စားသောက်ဖွယ်ရာများကို အလွယ်တကူဝယ်ယူစားသောက်ကြတော့သည်။ လူသားတို့ဟူသည်ကား သွေးသားဖြင့် တည်ဆောက်ထားကြသော်လည်း တည်ဆောက်ထားသော သွေးသားအမျိုးအစားမတူညီကြခြင်းကြောင့် ခေတ်မီစားသောက်ဖွယ်ရာများသည် အချို့သောသူများဖြင့် ဓာတ်မတည့်ခြင်းများဖြစ်တတ်ပေသည်။

> ❖ ကိုယ်နှင့်စိတ်ကြံ့ခိုင်မှုသည် အပြန်အလှန် ဆက်နွယ်နေသည်။ စိတ်ဓာတ်မည်မျှပင် ကြံ့ခိုင်စေကာမူ ကျန်းမာရေးညံ့နေပါက ဝေဒနာကို တွန်းလှန်နိုင်မှုမရှိဘဲ စိတ်ဓာတ်လျော့ကျလာမည်မှာ အမှန်ပင်ဖြစ်သည်။ ကိုယ်ခန္ဓာကျန်းမာနေပါမှ မည်သည့်အရာကိုမဆို စိတ်နောက်ကိုယ်ပါ စွမ်းဆောင်မှုရှိမည်။ မည်သို့သော အခက်အခဲနှင့်ကြုံစေကာမူ ကျန်းမာနေသူတစ်ဦးသည် စိတ်ဓာတ်ပိုင်းဆိုင်ရာ ပျော့ညံ့သွားမည်မဟုတ်ပေ။ ထို့ကြောင့် ကိုယ်ခန္ဓာကျန်းမာမှုသည် စိတ်ဓာတ်ရေးရာကြံ့ခိုင်မှု၊ စိတ်ချမ်းသာမှုအတွက် ခွန်အားတစ်ရပ်လည်း ဖြစ်ပေသည်။ ❖

ထို့ကြောင့် ကျန်းမာရေးအန္တရာယ်ကိုကြိုတင်ကာကွယ်ရန်အတွက် ခန္ဓာကိုယ်ခုခံအားစနစ် ကောင်းမွန်ရန် ကျန်းမာရေးဆိုင်ရာအသိပညာပေးများကို လေ့လာမှတ်သားပြီး နေ့စဉ်အစားအသောက်များကို ကျန်းမာရေးနှင့် ညီညွတ်မျှတရန် စားသုံးသင့်သည်။

တိုင်းပြည်တစ်ပြည်ဖွံ့ဖြိုးတိုးတက်မှုသည် ထိုတိုင်းပြည်ရှိ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သောပြည်သူများ ကျန်းမာသန်စွမ်းမှုနှင့် တိုက်ရိုက်သက်ဆိုင်သည်။ ကျန်းမာမှအလုပ်လုပ်နိုင်ပြီး ဝင်ငွေတိုးပွားမည်။ ဝင်ငွေတိုးပွားမှစားဝတ်နေရေးပြေလည်ပြီး လူတမ်းစေ့နေထိုင်နိုင်ပေသည်။ ရူပဗေဒနည်းအရ ဆိုရလျှင် "action and reaction" လုပ်ဆောင်မှုနှင့် တုံ့ပြန်မှုတို့ညီမျှခြင်းသဘောဖြစ်သည်။ ဘောဂဗေဒနည်းဖြင့်တွက်လျှင် ကျန်းမာပြီး အလုပ်လုပ်နိုင်မှ ဝင်ငွေရရှိကာ အသုံးစရိတ်ငွေရနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဘောဂဗေဒနည်းအားဖြင့်လည်း ကျန်းမာရေးသည် အရေးပါပေသည်။ ဇီဝဗေဒနည်းအရဖြင့်ကြည့်လျှင် နေ့စဉ်လှုပ်ရှားနေမှသာ ဇီဝကမ္မဖြစ်စဉ်များသည် လည်ပတ်မှုရှိပြီး ဆဲလ်အဟောင်းများ ကြေပျက်၍ ဆဲလ်အသစ်များအစားထိုးလျက် အမြဲတမ်းရွှင်လန်းတက်ကြွနုပျိုနေပေလိမ့်မည်။ ထို့ကြောင့် ကျန်းမာရေးသည် သိပ္ပံနည်းကျသော လက်တွေ့သဘာဝဖြစ်သောကြောင့် သိပ္ပံပညာထွန်းကားလာသည့်ခေတ်တွင် ကျန်းမာရေးအသိပညာ ဗဟုသုတများကိုလေ့လာ၍ ပိုမိုကျန်းမာအောင်နေထိုင်ကြရမည်ဖြစ်သည်။

**ကျန်းမာခြင်းနှင့်လူမှုရေးနယ်ပယ်**

လူဆိုသည်မှာ တစ်ဦးတစ်ယောက်တည်း ခွဲထွက်နေထိုင်ကြရသည်မဟုတ်ချေ။ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံ၍သော်လည်းကောင်း၊ မိသားစုဖြင့်သော်လည်းကောင်း၊ အဖွဲ့အစည်းဖြင့်သော်လည်းကောင်း၊ မိမိ၏နီးစပ်ရာပတ်ဝန်းကျင်နှင့်သော်လည်းကောင်း အတူတကွယှဉ်တွဲနေထိုင်ကြရသည်။ ထိုသို့ယှဉ်တွဲနေထိုင်ကြရာတွင် တစ်ဦးတစ်ယောက်ကျန်းမာရေးချို့တဲ့သည်ဆိုပါက ထိုသူနှင့်ဆက်နွယ်နေသောသူများလည်း စိတ်ချမ်းသာရမည်မဟုတ်။ ပူပင်သောကများနှင့်ရင်ဆိုင်ကြရပေလိမ့်မည်။ မိသားစုတစ်စုအတွင်း မကျန်းမာသူတစ်ဦးရှိနေပါက ထိုမိသားစုသည်လည်း စိတ်ချမ်းမြေ့မှုအပြည့်အဝရရှိမည်မဟုတ်ပေ။ မကျန်းမာသူကိုပြုစုရသူ သီးသန့်ထားရှိရခြင်းကြောင့် လူ့စွမ်းအားအရင်းအမြစ်၊ အချိန်၊ ငွေကြေး စသည်တို့ဆုံးရှုံးနစ်နာရပြန်သည်။ ကျန်းမာရေးဝန်ဆောင်မှုအတွက်လည်း အပိုဝင်ငွေရှာဖွေကြရသည်။ မိမိ၏ကျန်းမာရေးကို ဂရုစိုက်မှုအားနည်းလျှင် အခြားသူများအတွက်ပါ မနိုင်ဝန်တစ်ခုဖြစ်စေသည်ကို သိရှိနားလည်ကြရပေမည်။

အဖွဲ့အစည်းတစ်ခုအတွင်းတွင်လည်း မကျန်းမာသူရှိပါက အဖွဲ့အစည်းလိုက်လှုပ်ရှားမှုများသည် နှောင့်နှေးကြန့်ကြာမှုများရှိလာပေမည်။ မကျန်းမာသူအတွက် အင်အားစု၊ အချိန် စသည်ဖြင့် မျှဝေလုပ်ဆောင်ကြရသောကြောင့် မကျန်းမာသောမိမိကြောင့် တစ်ပါးသူတို့၏ အခွင့်အရေးများကိုပါ အသင့်အတင့်ထိခိုက်စေသည်ကို သတိပြုကြရမည်။ လူသားတိုင်းတွင် ကျန်းမာသောခန္ဓာကိုယ်ကိုပိုင်ဆိုင်ထားမှသာလျှင် စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒဟူသမျှကို စိတ်တိုင်းကျဆောင်ရွက်နိုင်ပေလိမ့်မည်။ မကျန်းမာခြင်းသည် မိမိကိုယ်တိုင်သာမက မိမိနှင့်ဆက်နွယ်နေသောတစ်ပါးသူများကိုလည်း ပျော်ရွှင်မှုအပြည့်အဝမရရှိနိုင်ပေ။ စိတ်ချမ်းမြေ့ပျော်ရွှင်ဖွယ်သောလူ့ဘောင်လောကတစ်ခု တည်ဆောက်ရန်အတွက် ကျန်းမာခြင်းသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေသည်ကို လူသားတိုင်း သိရှိနားလည်ရန် လိုအပ်ပေသည်။ ထို့ကြောင့် လူ့လောကနယ်ပယ်အသီးသီးတွင် ကျန်းမာသော၊ ကြံ့ခိုင်သော လူသားအဖြစ်ဖြင့် လူ့ပတ်ဝန်းကျင်ကို စွမ်းရည်မြှင့်တင်ကြရန် ကြိုးစားကြရပေမည်။

**ကျန်းမာရေးအတွက် ဆောင်ရန်ရှောင်ရန်များ**

ခေတ်မီတိုးတက်နေသော အချိန်ကာလတွင် ဆေးဝါးကောင်းများ ပေါ်ထွန်းနေပြီဖြစ်၍ မည်သည့်ရောဂါမဆို ပျောက်ကင်းလုနီးပါးကုသနိုင်ကြပြီဖြစ်သည်။ သို့သော်လည်း ကုသခြင်းထက် ကာကွယ်ခြင်းသည် ပို၍ကောင်းမွန်သည်ဟူသော ကျန်းမာရေးပညာရှင်များ၏ အဆိုအမိန့်ကိုလည်း အလေးထားကြရမည်ဖြစ်သည်။ လူတိုင်းကျန်းမာရန်အတွက် စားသောက်နေထိုင်မှုဂရုပြုကြရမည်။ ကျန်းမာကြံ့ခိုင်ရန်အတွက် ဆေးလိပ်များ၊ မူးယစ်ဆေးဝါးများကို ရှောင်ရှားကြရမည်။ စိတ်ညစ်ညမ်းမှုဖြစ်စေမည့်အကြောင်းများကို တတ်နိုင်သမျှ ရှောင်ကြဉ်ရပေမည်။ ကျန်းမာခြင်းနှင့် ပြည့်စုံစွာနေထိုင်ရေးတွင် အစားအသောက်၊ အနေအထိုင်၊ အဝတ်အစားမှစ၍ အစစအရာရာကို ဂရုတစိုက်ပြုမူနေထိုင်သင့်သည်။ အသားငါးနှင့် ဟင်းသီးဟင်းရွက်များကိုလည်း မျှတစွာ စားသုံးပေးရမည်။ ထိုသို့ သင့်တင့်မျှတစွာစားသုံးခြင်းသည် ဆေးဝါးမှီဝဲရန်မလိုအပ်ဘဲ ကျန်းမာခြင်းကို ရရှိစေသည်။ အဝတ်အစားဝတ်ဆင်ရာတွင်လည်း ရာသီဥတုနှင့်အညီ အပူ၊ အအေးမျှတအောင် ဝတ်ဆင်ခြင်းသည် ကျန်းမာရေးကိုများစွာအထောက်အကူပြုသည်။

ကျန်းမာရေးအတွက် အစားအသောက်သည် အရေးကြီးသကဲ့သို့ အိပ်စက်အနားယူခြင်းသည်လည်း အရေးကြီးလှသည်။ လူတစ်ဦးသည် နေ့စဉ်ပုံမှန် ၇ နာရီ မိနစ် ၃၀ မှ ၈ နာရီ မိနစ် ၃၀ ထိ အိပ်စက်အနားယူခြင်းအတွက် အချိန်ပေးကြရသည်။ အနည်းဆုံး ၇ နာရီ ကြာမျှ အိပ်စက်အနားယူရန် အချိန်ပေးမှသာလျှင် ကျန်းမာခြင်းရလဒ်ကိုရရှိနိုင်ပေမည်။ အိပ်စက်အနားယူချိန်မမှန်ခြင်းသည် ကိုယ်ခံအားကို ကျဆင်းစေရုံသာမက စိတ်ပိုင်းဆိုင်ရာချို့ယွင်းချက်များကိုလည်း ဖြစ်ပေါ်စေနိုင်သောကြောင့် အထူးဂရုပြုရန်လိုအပ်သည်။ ပျင်းရိခြင်းကိုပယ်ဖျောက်၍ တစ်နေ့လျှင် မိနစ် ၃၀ ခန့်မျှ ကိုယ်လက်လှုပ်ရှားမှုကိုလည်း ပြုလုပ်ကြရပေမည်။ သို့မှသာ ကိုယ်ခန္ဓာပေါ့ပါး၍ စိတ်ကြည်လင်လန်းဆန်းမှုကို ရရှိစေမည်ဖြစ်သည်။

**ကိုယ်ကျန်းမာမှ စိတ်ချမ်းသာမည်**

ကိုယ်နှင့်စိတ်ကြံ့ခိုင်မှုသည် အပြန်အလှန် ဆက်နွယ်နေသည်။ စိတ်ဓာတ်မည်မျှပင် ကြံ့ခိုင်စေကာမူ ကျန်းမာရေးညံ့နေပါက ဝေဒနာကိုတွန်းလှန်နိုင်မှုမရှိဘဲ စိတ်ဓာတ်လျော့ကျလာမည်မှာ အမှန်ပင်ဖြစ်သည်။ ကိုယ်ခန္ဓာကျန်းမာနေပါမှ မည်သည့်အရာကိုမဆို စိတ်နောက်ကိုယ်ပါစွမ်းဆောင်မှုရှိမည်။ မည်သို့သော အခက်အခဲနှင့်ကြုံစေကာမူ ကျန်းမာနေသူတစ်ဦးသည် စိတ်ဓာတ်ပိုင်းဆိုင်ရာ ပျော့ညံ့သွားမည်မဟုတ်ပေ။ ထို့ကြောင့် ကိုယ်ခန္ဓာကျန်းမာမှုသည် စိတ်ဓာတ်ရေးရာကြံ့ခိုင်မှု၊ စိတ်ချမ်းသာမှုအတွက် ခွန်အားတစ်ရပ်လည်း ဖြစ်ပေသည်။

ပညာအရည်အချင်း ပြည့်စုံနေသောသူတစ်ဦးသည် ကျန်းမာခြင်းသုခမရှိပါက စွမ်းဆောင်ရည်ရှိသမျှကို ထုတ်ဖော်ပြသစွမ်းဆောင်နိုင်မည် မဟုတ်ပေ။ ထို့အတူ ချမ်းသာကြွယ်ဝသောသူတစ်ဦးသည် ကျန်းမာခြင်းသုခမရှိပါက မည်မျှပင်ကြွယ်ဝချမ်းသာစေကာမူ ဝေဒနာဟူသော သောကဖြင့် စိတ်ချမ်းမြေ့နိုင်မည်မဟုတ်ပေ။ ချမ်းသာခြင်းအစစ်အမှန်သည်ကား ကျန်းမာခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး သတိတရနှုတ်ခွန်းဆက်ကြသည့်အခါ "ကျန်းမာအောင်နေပါ"ဟူ၍ ပြောလေ့ရှိကြခြင်းဖြစ်သည်။ ဆုတောင်းစကားများ၌လည်း "ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာကြပါစေ"ဟုသာ ဖော်ညွှန်းကြခြင်းဖြစ်သည်။ ထို့ကြောင့် လူသားတိုင်းစိတ်ချမ်းသာခြင်းအပြည့်အဝရရှိရန် ခန္ဓာကိုယ်ကျန်းမာရန် အထူးဂရုပြုကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ပန်းတနော်မြို့နယ်တွင် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၉၅၀၀၀ ဖြင့် ဈေးကောင်းရရှိ



**ပန်းတနော် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၉၅၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခိုင်ဝင်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လက ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၇၀၀၀၀ ထိသာဈေးရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၉၅၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ ပန်းတနော်မြို့နယ်မှ ထွက်ရှိသော ငါးမြစ်ချင်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများသဖြင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဘက်ကနေ ငါးမြစ်ချင်းတွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေတာပါ။ အခုလ ပထမပတ်လောက်ကနေ ငါးမြစ်ချင်းတွေ ဈေးထပ်ကောင်းလာတာပါ။ ပြည်တွင်းမှာကို ငါးမြစ်ချင်းက ဝယ်လိုအားများနေလို့ ဈေးကောင်းရရှိနေတာပါ။ ပြီးခဲ့တဲ့လထက် တစ်ပိဿာကို ငွေကျပ် ၂၅၀၀ ထိ ဈေးပိုရနေပါတယ်။ ၁၀ ပိဿာဆိုရင်တော့ ငွေကျပ် ၂၅၀၀၀ ထိ ပိုရနေတာပါ။ ငါးဈေးကောင်းလဲရ ဝယ်လိုအားလဲတက်နေတော့ ငါးလုပ်ငန်းရဲ့ နယ်ပယ်အသီးသီးကသူတွေ အဆင်ပြေနေပါတယ်"ဟု ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခိုင်ဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ငါးမြစ်ချင်းများကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့် ပြည်ပဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးမြစ်ချင်းများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကံမမြို့နယ် ရေလယ်ကျွန်းတောင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ လိုအပ်သောငွေကြေးအရင်းအနှီး ရရှိစေရန်အတွက် ဂုန်းသောင်ကျေးရွာအုပ်စု ရေလယ်ကျွန်းတောင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းကိုနိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေကျပ် ၃၀ ဒသမ ၀၅ သန်းကို ရေလယ်ကျွန်းတောင်ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများနှင့် ရေလယ်ကျွန်းတောင်ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၈၇ ဦးကို ငွေကျပ် ၃၀ ဒသမ ၀၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုန်းသောင်ကျေးရွာအုပ်စု ရေလယ်ကျွန်းတောင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်းမတည်ရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားလာကြောင်း ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ယယ်လေး**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စားဖိုဆောင်သီးနှံ ၂၄၁၉ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဩဂုတ် ၈**

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စားဖိုဆောင်သီးနှံ ၂၄၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စားဖိုဆောင်သီးနှံ ၂၆၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"စားဖိုဆောင်သီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ပါတယ်။ စားဖိုဆောင်သီးနှံတွေကို GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီနှစ် မိုးကာလမှာ စားဖိုဆောင်သီးနှံဧက ၂၆၀၀ ကျော်စိုက်ဖို့ လျာထားပါတယ်။ လက်ရှိ ဧက ၂၄၀၀ ကျော်ထိ စိုက်ပျိုးပြီးနေပြီ။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ငရုတ် ၁၄၉ ဧက၊ အာလူး ၁၅၅ ဧက၊ အခြားဟင်းမွှေး ၂၈ ဧက၊ ဆွမ္မရာမြို့တွင် ငရုတ် သုံးဧက၊ အာလူး ၁၄၅ ဧက၊ လဟယ်မြို့နယ်တွင် ငရုတ်ဧက ၁၅၀၊ အာလူးဧက ၄၀၊ အခြားဟင်းမွှေး ၃၆၅ ဧက၊ ထန်ပါခွေမြို့တွင် ငရုတ်ဧက ၃၀၊ အာလူး ကိုးဧက၊ အခြားဟင်းမွှေး ၂၅ ဧက၊ နန်းယွန်းမြို့နယ်တွင် ငရုတ် ၁၇၁ ဧက၊ ကြက်သွန်နီ ၁၀၅ ဧက၊ အာလူး ၄၅ ဧက၊ အခြားဟင်းမွှေး ၂၆၅ ဧက၊ ဒုံဟီးမြို့တွင် ငရုတ် ၁၈၂ ဧက၊ ကြက်သွန်နီ ၉၃ ဧက၊ အာလူး ၁၉ ဧက၊ အခြားဟင်းမွှေး ၁၂၉ ဧက၊ ပန်ဆောင်မြို့တွင် ငရုတ် ၈၇ ဧက၊ ကြက်သွန်နီ ၁၃၃ ဧက၊ အာလူး ၂၁ ဧက၊ အခြားဟင်းမွှေးဧက ၇၀ စုစုပေါင်း ၂၄၁၉ ဧကတို့ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စားဖိုဆောင်သီးနှံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ငရုတ်ဧက ၁၅၀၊ အာလူး ၂၅၃ ဧက၊ အခြားဟင်းမွှေး ၂၈ ဧက၊ ဆွမ္မရာမြို့တွင် ငရုတ် ငါးဧက၊ အာလူးဧက ၁၄၀၊ လဟယ်မြို့နယ်တွင် ငရုတ် ၁၂၄ ဧက၊ အာလူး ၄၃ ဧက၊ အခြားဟင်းမွှေး ၄၇၉ ဧက၊ ထန်ပါခွေမြို့တွင် ငရုတ်ဧက ၃၀၊ အာလူး ကိုးဧက၊ အခြားဟင်းမွှေး ၂၅ ဧက၊ နန်းယွန်းမြို့နယ်တွင် ငရုတ်ဧက ၁၇၀၊ ကြက်သွန်နီဧက ၁၁၀၊ အာလူး ၄၅ ဧက၊ အခြားဟင်းမွှေး ၂၃၉ ဧက၊ ဒုံဟီးမြို့တွင် ငရုတ် ၁၈၂ ဧက၊ ကြက်သွန်နီဧက ၉၀၊ အာလူး ၂၅ ဧက၊ အခြားဟင်းမွှေး ၁၂၉ ဧက၊ ပန်ဆောင်မြို့တွင် ငရုတ်ဧက ၁၀၀၊ ကြက်သွန်နီ ၁၃၅ ဧက၊ အာလူး ၂၅ ဧက၊ အခြားဟင်းမွှေးဧက ၇၀ ဧက စုစုပေါင်း ၂၆၀၆ ဧကတို့ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ဘားအံမြို့နယ်၌ နိုင်းကြာ-လှိုင်ဝါးကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

**ဘားအံ ဩဂုတ် ၈**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နိုင်းကြာ-လှိုင်ဝါးကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့်တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ နိုင်းကြာ-လှိုင်ဝါးကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဝေပုံမြကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကွန်ကရစ်လမ်းကို စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း အရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၁၁ ဒသမ ၀၃၇၅ သန်းဖြင့် ဝေပုံမြကုမ္ပဏီက ယခုနှစ် ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အထွေး**



# တောင်သာမြို့နယ် ဇီးပင်ကန်ကျေးရွာတွင် ကုန်ထုတ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**တောင်သာ ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဇီးပင်ကန်ကျေးရွာတွင် ကုန်ထုတ်တံတား တည်ဆောက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် တာဝန်ရှိသူများသည် ဇီးပင်ကန်ကျေးရွာတွင် ကုန်ထုတ်တံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဇီးပင်ကန်ကျေးရွာတွင် အရှည် ၁၈ ပေ၊ အကျယ် သုံးပေနှင့် အမြင့် သုံးပေရှိ ကုန်ထုတ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၁၁ သန်းဖြင့် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇူလိုင်လ နောက်ဆုံးပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သဖြင့် လယ်မြေဧက ၁၁၀ မှ ထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**သက်မာ**

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိုးရိမ်ပူပန်နေရသော ပါကစ္စတန်

မောင်စိန်အိ(နဘဲမြေ)



ပါကစ္စတန်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု (GNG) တွင် သုည ဒသမ ၉ ရာခိုင်နှုန်းခန့်သာ ပါဝင်လျက်ရှိသော်လည်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာသက်ရောက်မှုကို ခံစားရနိုင်ခြေမြင့်မားလျက်ရှိသည်။ ပါကစ္စတန်အစိုးရအနေဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် ကိုယ်ပိုင်မူဝါဒဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်လျက်ရှိသော်လည်း အကဲဖြတ်ချင့်တွက်ပြီး တိုးတက်အောင် ဆောင်ရွက်သွားရမည့် အရေးကြီးသော နယ်ပယ်များစွာရှိနေသည်။

အထူးသဖြင့် ကာဗွန်အခြေခံသောစွမ်းအင်ထုတ်လုပ်မှု၊ အသုံးပြုပြီးယာဉ်များတင်သွင်းခြင်း၊ အစဉ်အလာအုတ်ဖုတ်လုပ်ငန်းများ၊ မြို့ပြတည်ဆောက်ခြင်းနှင့်တောင်ယာမီးရှို့ခြင်းတို့သည် တိုင်းပြည်လေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာယိုယွင်းပျက်စီးမှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။ အဆိုပါစိန်ခေါ်မှုများကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အမျိုးသားအဆင့်တွင် ထိရောက်သောမူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။

လက်ရှိအချိန်တွင် ပါကစ္စတန်သည် မော်တော်ကားအင်ဂျင်များမှကာဗွန်ထုတ်လွှတ်မှုကို တိုင်းတာသည့် Euro II နှင့် Euro III စံနှုန်းများကို လိုက်နာဆောင်ရွက်လျက်ရှိသည်။ သို့သော် Euro IV စံနှုန်းကို လိုက်နာဆောင်ရွက်ရာတွင် ကန့်သတ်ချက်များဖြစ်ပေါ်လျက်ရှိသည်။ ထို့ပြင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ကျောက်မီးသွေးသုံးလျှပ်စစ်စွမ်းအင်ထုတ်စက်ရုံသစ်များ တည်ဆောက်ရေးအတွက် စီမံကိန်းများနှင့်စက်ရုံများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာစိန်ခေါ်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

ဖိအားဖြစ်ပေါ်စေလျက်ရှိသည့် အခြားစိုးရိမ်ပူပန်မှုတစ်ရပ်သည် ယာဉ်အိုယာဉ်ဟောင်းများနှင့် လုပ်ငန်းလည်ပတ်နေခြင်းဖြစ်ပြီး ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးဆိုင်ရာ ထိရောက်သောအစီအစဉ်များလည်း လိုအပ်နေသောကြောင့်ပင်ဖြစ်သည်။ စွမ်းဆောင်ရည်မရှိသည့် ခေတ်ဟောင်းနည်းပညာများဖြင့် အုတ်ဖုတ်မှုသည်လည်း လေထုညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှုနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းမှုတို့ကို ဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ပြင် ပါကစ္စတန်တွင် မြို့ပြလုပ်ငန်းများ အလျင်အမြန်တည်ဆောက်ခြင်းသည် အခြေခံအဆောက်အအုံ၊ အိမ်ရာ၊ ပို့ဆောင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ထိန်းသိမ်းမှုတို့တွင် စိန်ခေါ်မှုများစွာဖြစ်ပေါ်စေလျက်ရှိသည်။ ကျိုးကြောင်းဆီလျော်သော စီမံကိန်းများမရှိခြင်းနှင့် ထိန်းချုပ်မှုမရှိသော မြို့ပြဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများသည် အရင်းအမြစ်များကုန်ခန်းမှုဖြစ်ပေါ်စေခြင်းနှင့် အခြေခံအဆောက်အအုံမလုံလောက်မှုများဖြစ်ပေါ်စေပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းမှုများကို ပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် မီးရှို့ခြင်း၊ အထူးသဖြင့် ပန်ဂျပ်ပြည်နယ်၌ ဂျုံနှင့်စပါးရိတ်သိမ်းပြီးချိန်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းပျက်စီးမှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။ လယ်သမားများသည် ကောက်ရိတ်သိမ်းရာသီနှင့် စိုက်ပျိုးရာသီအကြား အချိန်ကန့်သတ်ချက်ရှိနေခြင်းနှင့် လယ်ယာလုပ်ငန်းခွင်ရှိ အမှိုက်သရိုက်များ စီမံခန့်ခွဲမှုနည်းလမ်းများမရှိသောကြောင့် ကောက်ရိုးများနှင့် ဂျုံရိုးများအပါအဝင် ကောက်ပဲသီးနှံပင်အကြွင်းအကျန်များကို မီးရှို့ဖျက်ဆီးရလျက်ရှိသည်။

စက်မှုဆိုင်ရာညစ်ညမ်းမှုများ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ ဆောက်လုပ်ရေးနှင့်မြို့ပြဖွံ့ဖြိုးတိုးတက်မှုတို့အပြင် ခေတ်လွန်မီးဖိုများနှင့် ညစ်ပတ်သောလောင်စာများကြောင့်ဖြစ်ပေါ်ရသည့် အိမ်တွင်းလေထုညစ်ညမ်းမှုများသည်လည်း ပါကစ္စတန်နိုင်ငံအတွက် ထိလွယ်ရှလွယ်ပြဿနာများပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ အဆိုပါနယ်ပယ်များတွင် အကောင်အထည်ဖော်ပြီး စောင့်ကြည့်နေသည့် ရှိရင်းစွဲယန္တရားများသည် စွမ်းဆောင်ရည်မရှိကြောင်းကို သက်သေပြလျက်ရှိသည်။

ထို့ပြင် အစိုးရကအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သစ်ပင်သန်း ၁၀၀၀ စိုက်ပျိုးရေးစီမံကိန်းကဲ့သို့သော အမေရိကန်ဒေါ်လာဘီလီယံချီ၍ ကုန်ကျမည့်စီမံကိန်းများ လုပ်ဆောင်နေမှုအပေါ်တွင်လည်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို လက်တွေ့လျှော့ချနိုင်မှု အာမခံချက်ပေးသွားနိုင်သလားဆိုသော သံသယများကြီးထွားလျက်ရှိသည်။ အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်ခြင်းသည် ပါကစ္စတန်၏နိုင်ငံခြားကြွေးမြီအပေါ် အလွန်အမင်းမှီခိုအားထားရမှုကို မြင့်တက်လာစေမည်ဖြစ်သည့်အပြင် တိုင်းပြည်၏စီးပွားရေးတည်ငြိမ်မှုကိုလည်း စိုးရိမ်ပူပန်မှုမြင့်တက်လာစေလျက်ရှိသည်။

ပါကစ္စတန်အနေဖြင့် နိုင်ငံတကာထောက်ပံ့ကူညီမှုများ ရှာဖွေလျက်ရှိသည်။ အထူးသဖြင့် ၂၀၂၂ ခုနှစ်တွင် ရေကြီးရေလျှံမှုများကြောင့် ကြီးမားသောပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် နိုင်ငံတကာအထောက်အပံ့များရှာဖွေလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့်ကုန်ကျစရိတ်များကို ဖွံ့ဖြိုးပြီးနိုင်ငံများက မျှဝေခံစားသင့်ကြောင်း ပါကစ္စတန်အစိုးရက တောင်းဆိုလျက်ရှိသည်။ ပါကစ္စတန်တွင် ရေကြီးရေလျှံမှုကာလအလွန် ကုန်ကျစရိတ်များသည် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံကျော်ရှိသည်။ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ဇာဒါရီနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီး ရှယ်ရီရက်မန်တို့ ဦးဆောင်သောကြိုးပမ်းမှုများသည် သိသာထင်ရှားသော အထောက်အပံ့များ ရရှိလျက်ရှိသည်။ ဂျီနီဗာတွင်ပြုလုပ်ခဲ့သော နိုင်ငံတကာညီလာခံ၌ အမေရိကန်ဒေါ်လာ ၉ ဘီလီယံကျော် ထောက်ပံ့သွားမည့် ကတိကဝတ်များရရှိခဲ့သဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောအထောက်အပံ့များစွာရရှိခဲ့သည်။

ထိုသို့ကြိုးပမ်းအားထုတ်မှုများ လုပ်ဆောင်ခဲ့သော်လည်း ကမ္ဘာလုံးဆိုင်ရာပလက်ဖောင်းတွင် ရာသီဥတုပြောင်းလဲမှုဖြေရှင်းရာ၌ ပါကစ္စတန်အစိုးရမှလုံလောက်သောအထောက်အပံ့နှင့် ထိတွေ့ဆက်ဆံမှုများလိုအပ်လျက်ရှိသည်။ နိုင်ငံတကာအဆင့် ရာသီဥတုပြောင်းလဲမှုဖြေရှင်းရာတွင် အစိုးရ၏ခိုင်မာသောဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အစိုးရ၏ ပါဝင်ဆောင်ရွက်မှုသည် ရှင်းလင်းပြတ်သားမှုမရှိပေ။ ပါကစ္စတန်အနေဖြင့် နိုင်ငံတကာရာသီဥတုဖိုရမ်များတွင် တက်ကြွစွာ ထိတွေ့ဆောင်ရွက်ခြင်း၊ ရန်ပုံငွေရရှိရေးအတွက် သံခင်းတမန်ခင်းအရ ထိရောက်စွာဆောင်ရွက်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာပြဿနာကို ပူးပေါင်းဖြေရှင်းနိုင်ရေး အခြားသောနိုင်ငံများနှင့် မိတ်ဖက်ဆောင်ရွက်ခြင်းတို့ကို တောင့်တင်းခိုင်မာအောင် ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

အရေးတကြီးလိုအပ်လျက်ရှိသော အခြားကိစ္စတစ်ခုမှာ နိုင်ငံအဆင့်အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအကြား ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားမည့် အင်စတီကျူးရှင်းများ လိုအပ်နေခြင်းပင်ဖြစ်သည်။ အစိုးရဌာနများ၊ သိပ္ပံနည်းကျအဖွဲ့အစည်းများ၊ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍတို့အကြား ထိရောက်သော ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒများ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်းတို့တွင် များစွာအရေးပါလျက်ရှိသည်။ ကွာဟချက်များ ပေါင်းကူးရေးနှင့် သတင်းအချက်အလက်မျှဝေရာတွင် အဆင်ပြေချောမွေ့ရေးတို့အတွက် ဗဟိုဦးစီးသော အင်စတီကျူးရှင်းများ ထူထောင်ရေးနှင့် ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များ အရှိန်မြှင့်တင်ခြင်းသည် ကျိုးကြောင်းဆီလျော်ပြီး ထိရောက်မှုရှိသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာအကောင်အထည်ဖော်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။

လက်ရှိ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိသော အစီအမံများအပေါ် အလေးထားလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်စေသည့် အကြောင်းတရားများကို ဖြေရှင်းနိုင်ရေး ရာသီဥတုပြောင်းလဲမှုမူဝါဒကို တိုးချဲ့ဆောင်ရွက်သွားရန်လိုအပ်ပေသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်စေသည့် အကြောင်းတရားများတွင် သစ်တောပြုန်းတီးမှုများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုမရှိသော လယ်ယာစိုက်ပျိုးရေးဆိုင်ရာအလေ့အထများ၊ မြို့ပြတည်ဆောက်မှုများနှင့် စက်မှုလုပ်ငန်းများမှကာဗွန်ထုတ်လွှတ်မှုများလည်းပါဝင်သည်။ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာမူဝါဒတွင် စဉ်ဆက်မပြတ်ထိန်းသိမ်းထားနိုင်သောမြေယာအသုံးပြုခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော လယ်ယာစိုက်ပျိုးမှုအလေ့အထ၊ မြို့ပြစီမံကိန်းကိုဦးစားပေးသော အစိမ်းရောင်အခြေခံအဆောက်အအုံနှင့် စက်မှုလုပ်ငန်းများမှကာဗွန်ထုတ်လွှတ်မှုနှင့်စပ်လျဉ်း၍ တိကျသောစည်းမျဉ်းစည်းကမ်းများ ပါဝင်သင့်ပေသည်။

ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ပါကစ္စတန်အစိုးရ၏ ကြိုးပမ်းမှုများသည် ချီးကျူးအသိအမှတ်ပြုလောက်သော်လည်း အရေးပါသောမူဝါဒများကို ချက်ချင်းအာရုံစိုက်သွား၊ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်သည်။ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုမြှင့်တင်ခြင်း၊ ထိရောက်သောပူးပေါင်းဆောင်ရွက်မှုရှိသည့် အင်စတီကျူးရှင်းများ ထူထောင်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စေသည့် အခြားသောအကြောင်းတရားများကို ထည့်သွင်းစဉ်းစားခြင်းတို့သည် ပိုမိုထိရောက်ပြီး ရာသီဥတုပြောင်းလဲမှုမဟာဗျူဟာအပေါ် သက်ရောက်မှုဖြစ်ပေါ်စေနိုင်သည်။ မည်သို့ပင်ဆိုစေ ပါကစ္စတန်အနေဖြင့် အဆိုပါကဏ္ဍများတွင် ဦးစားပေးဆောင်ရွက်ခြင်းသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများ ဖြေရှင်းရေးနှင့် အနာဂတ်မျိုးဆက်များအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့တွင် မဖြစ်မနေလုပ်ဆောင်သွားရမည့် တာဝန်တစ်ရပ်ပင်ဖြစ်ပေသည်။

**ကိုးကား**

- **Climate Concerns : Pakistan's Environmental Challenges and Policy Shortcomings by The Diplomat.**

# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို **၃၁-၇-၂၀၂၃ ရက်နေ့** (အစား) **၁၂-၈-၂၀၂၃ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၄၃၈ ကေ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၄၃၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၂၀၂၃၂ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၃၈ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ်မှာ စက်မှုကုန်ကြမ်းသီးနှံဖြစ်တဲ့ ဝါကေ ၂၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၄၀၀ ကျော်လောက် စိုက်ပျိုးပြီးပါပြီ။ ဆက်လဲစိုက်ပျိုးနေပါတယ်။ အထွက်နှုန်းကောင်းပြီး သက်တမ်းတိုတဲ့ စက်မှုကုန်ကြမ်းသီးနှံ ချည်မျှင်ရှည်ဝါတွေ တိုးချဲ့စိုက်ပျိုးရေးအတွက် တောင်သူပညာပေးလုပ်ငန်းတွေကိုလဲ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါတယ်။ ဝါသီးနှံလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဝါစိုက်ပျိုးပြီးစီးမှုအနေဖြင့် ဝါကြီး ၄၈၂ ကေ၊ မလိုင် ဝါ ၂၁၃ ကေ၊ မိုးကြိုချည်မျှင်ရှည်ဝါ ၇၅ ကေ၊ မိုးချည်မျှင်ရှည်ဝါ ၆၆၈ ကေ စုစုပေါင်း ၁၄၃၈ ကေတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မလိုင်ဝါ ကေ ၁၇၀၀၊ မိုးကြိုချည်မျှင်ရှည်ဝါကေ ၁၁၀၊ မိုးချည်မျှင်ရှည်ဝါ ၆၆၇၅ ကေ၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ၁၁၇၄၇ ကေ စုစုပေါင်း ၂၀၂၃၂ ကေတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် ဝါသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များရရှိစေရန်၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန်၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်တို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများ လိုအပ်သည့်နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချည်မျှင်ရှည်ဝါကို မိမိတို့ဒေသ ရာသီနှင့် ကိုက်ညီသည့်အတွက် အများဆုံး စိုက်ပျိုးကြပြီး ဝါစိုက်ရာတွင် တစ်ဧကအတွက် မျိုးစေ့၊ ထွန်ယက်ခ၊ လုပ်အားခနှင့်ဆေးဝါး ကုန်ကျစရိတ်အပါအဝင် စုစုပေါင်း ငွေကျပ် ၁၄၀၀၀၀ ခန့်သာ ကုန်ကျကြောင်း၊ ဝါစိုက်ပျိုးပြီးသုံးလအကြာတွင် စတင်ကောက်ယူရပြီး အနည်းဆုံး ငါးကြိမ်ထိ ကောက်ယူရရှိနိုင်ကြောင်း၊ ထွက်ရှိမှုအနေဖြင့် ပိဿာချိန် ၃၅၀ နှင့် ၄၀၀ ထိ ထွက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

**ခြင်ဆေးခြေသုံးလျှင် သတိယူ၍ အောက်တွင်ခံခွက် မမေ့နှင့်**

# မြန်အောင်မြို့နယ် ကျောက်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ် ထုတ်ချေး

**မြန်အောင် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ ကျောက်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကျောက်တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးအား ငွေကျပ် ၂၁ ဒသမ ၉သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးအား ငွေကျပ် ၂ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ် ဦးအား ငွေကျပ် ၂ ဒသမ ၁ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးအား ငွေကျပ် သုည ဒသမ ၆ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးအား ငွေကျပ် ၂ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးအား ငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးတင်ထွန်းအောင်က ပြောပြ၍ သိရသည်။

**သံသာ**







## အရောင်းဝန်ထမ်းအလိုရှိသည်

လျှပ်စစ်ပစ္စည်းအရောင်းပိုင်းဆိုင်ရာအတွက် အမှန်တကယ်ကြိုးစားအလုပ်လုပ်ချင်သော ဝန်ထမ်းများအလိုရှိသည်။

**အမှတ်စဉ်(1)** **Sale Leader** ကျား/မ (4) ဦး

- အရောင်းလုပ်ငန်းအတွေ့အကြုံ (3)နှစ်အထက်
- လစာ + % (400000)အထက်

**အမှတ်စဉ်(2)** **Sale Representative** ကျား/မ (6) ဦး

- အရောင်းလုပ်ငန်းအတွေ့အကြုံ (1)နှစ်အထက်
- လစာ + % (300000)အထက်

အမှတ်စဉ်အားလုံးအတွက် ပညာအရည်အချင်းအနည်းဆုံး အထက်တန်းအဆင့်မှ ဘွဲ့ရထိဖြစ်ရမည်။ အသက် (20) မှ (32)ကြား၊ ယာဉ်မောင်းလိုင်စင်ရှိ၍ မန္တလေးမြို့တွင်း ကျွမ်းကျင်စွာသွားလာနိုင်ရမည်။ လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

- **အလုပ်လျှောက်ထားရန်အချိန်။** ။ နံနက် (၉)နာရီ မှ ညနေ (၅)နာရီ (ဥပုသ်ပိတ်)
- **လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်။** ။ ၃၀-၈-၂၀၂၃ အထိ

လိပ်စာ- Quality Star Distribution Group Co.,Ltd
67 (A)လမ်း၊ 42 လမ်းထောင့်
ဖုန်း- 09-798925833 , 09-772688880, 09-773688880

## ကန့်ကွက်လွှာခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါမြေနေရာများမှ လူနေထိုင်ရန် မြေငှားဂရန်(အမည်ပြောင်း/အသစ်)များလျှောက်ထား လာသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

(က) နွားထိုးကြီးမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကွင်းအမှတ်-(၅၆၉-က)၊ ကွင်းအမည်- နွားထိုးကြီးရွာကွင်း၊ မြေကွက်အမှတ်-(၁၅၀/၃၇၆)၊ မြေဧရိယာ-(၀. ၁၃၉)ဧကရှိမြေနေရာအား အမှတ်(၅)ရပ်ကွက်နေ ဒေါ်မိုးမိုးထွန်း ၉/နထက(နိုင်)၀၉၆၂၃၅ မှလျှောက်ထားခြင်း။

(ခ) နွားထိုးကြီးမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်းအမှတ်-(၅၆၅/က)၊ ကွင်းအမည်-နွားထိုးကြီးကွင်း၊ မြေကွက်အမှတ်-(၁၆၅/၅၉၂)၊ မြေဧရိယာ-(၀. ၂၇၅)ဧကရှိ မြေနေရာအား ဒေါ်မြင့်မြင့်သိန်း ၉/နထက(နိုင်)၁၉၉၂၀၀ + ဒေါ်သက်မွန်လင်း ၉/နထက(နိုင်)၀၀၄၈၉၀ တို့မှ လျှောက်ထားခြင်း။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**နွားထိုးကြီးမြို့**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

## အိတ်ဖွင့်တင်ဒါကြေညာချက်

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်း ကျောင်းသား/ကျောင်းသူနားနေဆောင်မှ ဆိုင်ခန်းများအား ငှားရမ်းရန်ရှိပါသည်။

၂။ အဆိုပါလုပ်ငန်းအား ဆောင်ရွက်လိုကြသော လုပ်ငန်းရှင်တစ်ဦးချင်းကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုချင်းကဖြစ်စေ ဆောင်ရွက်လိုပါက တင်ဒါအဆိုပြုလွှာများ တင်သွင်းလျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

(က) ဆိုင်ခန်း(၂)ခန်း၏ အတိုင်းအတာ
RC-01=12' × 11' , RC-02= 12' × 11'

(ခ) ဆိုင်ခန်းများတွင်ရောင်းချရမည့်အမျိုးအမည်
RC-01= စတိုးဆိုင်
RC-02= မိတ္တူဆိုင်

၃။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ငွေစာရင်းဌာနတွင် တင်ဒါသတ်မှတ်ပုံစံများကို (၇-၈-၂၀၂၃) ရက်နေ့မှစ၍ ဝယ်ယူပြီး (၁၄-၈-၂၀၂၃) ရက်နေ့ ညနေ (၄:၀၀)နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်းနိုင်သည်။ တင်ဒါတင်သွင်းသူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာရမည်။

၄။ (၁၄-၈-၂၀၂၃)ရက်နေ့ ညနေ (၄:၀၀)နာရီ တင်ဒါဖွင့်ဖောက်မည်ဖြစ်ပါသည်။

၅။ တင်ဒါရရှိသူကို ရွေးချယ်ရာတွင် တင်ဒါကော်မတီ၏ အဆုံးအဖြတ်သည်သာ အတည်ဖြစ်ပါသည်။

**ဆိုင်ခန်းတင်ဒါကော်မတီ**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊မင်းဝန်ကျေးရွာ၊ အထက(ခွဲ) မင်းဝန်၊ Grade-12 တွင် ပညာသင်ကြားနေသော မသူဇာကြွယ် ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကျော်မျိုးခိုင် ဖြစ်ပါကြောင်း။
**ဦးကျော်မျိုးခိုင်**
**(၉/မသန(နိုင်) ၀၉၈၉၈၅)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊Grade-12၊ (ကံ့ကော်)ခန်းတွင် ပညာသင်ကြားနေသော မောင်ဇေယျာထွန်း ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးညိုဝင်း ဖြစ်ပါကြောင်း။
**ဦးညိုဝင်း**
**(၉/တတဥ(နိုင်) ၀၈၁၉၂၆)**

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊တမ္ပဝတီရပ်ကွက်နေ မမေမြင့်မြတ်မောင်(ဘ)ဦးကျော်ဝင်း (၉/စကတ(နိုင်)၀၈၇၄၄၈)၏ နိုင်ငံကူးလက်မှတ် အမှတ် (MB-797586) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၅၀၂၇၅၇၆

**ရန်သူမီးဘေး တားဆီးရေး**
**မနေးဆောင်ရွက်ကြ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူပုဂ္ဂိုလ်တစ်ဦး အောင်မြင်တိုးတက်ဖို့ဆိုတာ အသိပညာ၊ အတတ်ပညာကြွယ်ဝမှုပေါ်မှာ တည်ပါတယ်။ ဒါဟာ လူတိုင်းအတွက် ပညာတတ်မြောက်မှုလိုအပ်တယ်ဆိုတာ ဖော်ပြတာပါ။ ဒါ့ကြောင့် ကျောင်းနေအရွယ်တိုင်း အတန်းပညာမြင့်မားရေးကို အမျိုးသားရေးစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်သာယာဝပြောမှု အကျိုးရလဒ်ကို ရရှိစေပါလိမ့်မယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် ဧပြီ ၁၇ ရက်တွင်ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမျှော်ကြည်ညို



**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့နံနက် ၆ နာရီမှ စတင်၍ အများပြည်သူ ဖူးမျှော်ကြည်ညိုခွင့်ပြုခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမျှော်ကြည်ညိုကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိစဉ်။**

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုဘဏ္ဍာနှစ်တွင် စာသင်ကျောင်းဆောင်ပေါင်း ၃၄၆ ဆောင် တည်ဆောက်သွားမည် စာမျက်နှာ - ၂

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပုဂံမြို့ရိုး၊ ရှေးဟောင်းအဆောက်အအုံနှင့် သာသနိကအဆောက်အအုံများပြုပြင်ထိန်းသိမ်းမှု ၉၀ ရာခိုင်နှုန်းပြီးစီး စာမျက်နှာ - ၁၁

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လထိ ပြည်ပနိုင်ငံများသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၉၄ ဒသမ ၈၉၉ သန်းရရှိ စာမျက်နှာ - ၃

Quality For You — ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ — Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး



ပစ္စည်းထည့်ပုံးအမျိုးမျိုး



ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉